# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဖေြ ၁၆ တွင် စတင်တည်ထောင်သည်။


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့။ Monday, 25 April 2022 ၁၀၇၁၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဝါးလက်မှုထုတ်ကုန်ဖြင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု စီမံချက်ကို အကောင်အထည်ဖော်နေသည့် ကော့မှူးမြို့နယ်



ကော့မှူး ဧပြီ ၂၄

"ဝါးပင်"မှသည် လုပသေသပ်၍ စွဲမက်ဖွယ်ကောင်းသည့် လက်ကိုင်အိတ်လေးများ ဖြစ်လာစေရန် မိမိကျွမ်းကျင်သော လက်မှုအတတ်ပညာဖြင့် အနုစိတ်ဖန်တီးရက်လုပ်နေသည့် အမျိုးသမီး တစ်ဦး။ သူက ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာမှ မစန်းသီတာပင် ဖြစ်သည်။

"ရန်ကုန်မှာတော့ ဒါကို ပခြုပ်လို့ ခေါ်ပါတယ်။ ဒီပုံစံလေးတွေကို အဖုံးနဲ့ ပိုက်ဆံအိတ်လေးတွေ၊ လွယ်အိတ်ပုံစံမျိုးတွေ လုပ်တာ။ အရင်က လက်လီလက်ကား ရောင်းတယ်။ အခုတော့ သမဝါယမနဲ့ ပူးပေါင်းလုပ်တယ်၊ ပစ္စည်းအမှာရှိရင် မှာတဲ့ပုံစံအကုန်လုပ်ပေးပါတယ်"ဟု သူကပြောသည်။

**အထောက်အကူပေးနိုင်**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးနေသည့်အချိန်မျိုးမှာပင် စားဝတ်နေရေးအခက်အခဲကို သူ၏ တစ်နိုင်တစ်ပိုင် ဝါးလက်မှုလုပ်ငန်းက တစ်ဖက်တစ်လမ်းမှ အတော်အသင့် အထောက်အကူပေးလျက်ရှိသည်။

"အခုလို အလုပ်အကိုင်ရှားပါးတဲ့အချိန်မှာ တအားကြီးတော့ အခြေအနေမဆိုးသေးဘူး၊ သူ့ဟာနဲ့သူ အသင့်အတင့်တော့ စားဖို့ သောက်ဖို့ ရပါတယ်။ အရင်ထက်စာရင်တော့ မကောင်းသေး ဘူး။ အခုလက်ရှိ နိုင်ငံခြားကို ပို့ဖို့ဆိုပြီး ပခြုပ်မျိုးစုံ အချောရက်လုပ်ပေးနေရတာရှိတယ်"ဟု မစန်းသီတာက ပြောသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအဆင့် ပထမတန်းမှ နဝမတန်းအထိ စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၂၄

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် မတ်လအတွင်းက ကျင်းပခဲ့သည့် အခြေခံပညာအဆင့် Grade 1(ပထမတန်း)မှ Grade-10(နဝမတန်း)အထိ စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ အခြေခံပညာကျောင်း အသီးသီး၌ ထုတ်ပြန်ကြေညာပေးခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒



ဇမ္ဗူသီရိမြို့နယ်၌ စာမေးပွဲအောင်စာရင်း လာရောက်ကြည့်ရှုသည့် ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။


**ယနေ့** *ဖတ်စရာ*

နိုင်ငံ့ဝန်ထမ်းနှင့် သစ္စာအဓိဋ္ဌာန်

ဆောင်းပါး စာမျက်နှာ » ၁၀

နိုင်ဂျီးရီးယားနိုင်ငံ၌ တရားမဝင် ရေနံချက်စက်ရုံ မီးလောင်မှုဖြစ်ပွား အလုပ်သမား ၁၀၀ ကျော်သေဆုံး



စာမျက်နှာ » ၁၃

မူပိုင်ခွင့်နှင့် ယနေ့လူငယ်

ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# သန်းခေါင်စာရင်းကောက်ယူရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နိုင်ငံတစ်နိုင်ငံတွင် ကိန်းဂဏန်းအချက်အလက်မှန်ကန်ရေးသည် အလွန်အရေးပါသောကိစ္စဖြစ်သည်။ လုပ်ငန်းကိစ္စအရာရာတိုင်းတွင် ကိန်းဂဏန်းအချက်အလက်အထောက်အထားများ တိကျမှန်ကန်စွာ ရရှိနိုင်ပါက ထိုလုပ်ငန်းကိစ္စရပ်များသာမက အစစအရာရာတွင် ပိုမိုအဆင်ပြေချောမွေ့မည်ဖြစ်သည်။ ထို့ကြောင့် ကိန်းဂဏန်းအချက်အလက်၊ သုတေသနမှတ်တမ်းများ စနစ်တကျမှတ်တမ်းတင်ထားနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြသည်။

ကိန်းဂဏန်းအချက်အလက်များတွင် နိုင်ငံ၏ လူဦးရေသန်းခေါင်စာရင်းများ တိကျမှန်ကန်ရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ လူဦးရေသန်းခေါင်စာရင်းမှန်ကန်ပါက နိုင်ငံ၏အရေးအရာကိစ္စများကို ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့ပြီး အောင်မြင်မှုများရရှိနိုင်သည်။ လူဦးရေသန်းခေါင်စာရင်းနှင့်ပတ်သက်၍ ကိုလိုနီခေတ်က နယ်ချဲ့အစိုးရက အလေးထားဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေကို ရှေးမြန်မာဘုရင်များလက်ထက်က သန်းခေါင်စာရင်းကောက်ယူသည့် အလေ့အထမရှိခဲ့သော်လည်း အခွန်တော်စစ်တမ်းများအရ လူဦးရေကို ခန့်မှန်းခဲ့ကြသည်။

အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက်ပြီးနောက် ၁၈၇၂ ခုနှစ်တွင် ပထမအကြိမ် သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။ ထို့နောက် ၁၈၈၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်းများ ကောက်ယူခဲ့သည်။ မြန်မာတစ်နိုင်ငံလုံး၏ သန်းခေါင်စာရင်းကို ၁၈၉၁ ခုနှစ်တွင် ကောက်ယူခဲ့ရာ၌ ထိုစဉ်က မြန်မာနိုင်ငံ၏ လူဦးရေသည် ၇ ဒသမ ၇ သန်းရှိသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်တွင် မြို့ပေါင်း ၂၅၂ မြို့နှင့် ၁၉၅၄ ခုနှစ်တွင် ကျေးရွာအုပ်စုပေါင်း ၂၀၀၀ ကျော်ကိုသာ သန်းခေါင်စာရင်းကောက်ယူနိုင်ခဲ့သည်။ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်များတွင် မြန်မာတစ်နိုင်ငံလုံးအတွက် သန်းခေါင်စာရင်းများကို ပြည့်စုံစွာကောက်ယူနိုင်ခဲ့သည်။

ထို့နောက် သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိခဲ့ဘဲ ၂၀၁၄ ခုနှစ် တစ်နိုင်ငံလုံး၏ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ကောက်ယူနိုင်ခဲ့ပြီး ယခုလာမည့် ၂၀၂၄ ခုနှစ်တွင် နောက်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူရန် အလှည့်ကျရောက်လာပြီဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် စီမံချက်ရေးဆွဲပြီး စီစဉ်ဆောင်ရွက်နေသည်ဟုသိရသည်။ သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် လုပ်ငန်းစဉ် (၄)ရပ်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ ၅၁ လခန့်ဖြင့် လျာထားဆောင်ရွက်နေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့ရွာတောပါမကျန် စေ့စေ့ပေါက်ပေါက်ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်၍ ကြီးမားကျယ်ပြန့်ခက်ခဲနက်နဲပေသည်။ ထို့ကြောင့် လုပ်ငန်းများအား ပြီးစီးနိုင်သမျှ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မှန်ကန်သော ဦးဆောင်လမ်းညွှန်မှု၊ လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ပေးနိုင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီ ဖွဲ့စည်းထားပြီး သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များအား ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရန် မူဝါဒချမှတ်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ရေးဆွဲ အကောင်အထည်ဖော်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအသုံးပြုရသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို လူဦးရေသန်းခေါင်စာရင်းများမှသာ ရရှိနိုင်မည်ဖြစ်သည်။ မျက်မှောက်ကာလတွင် လူဦးရေသန်းခေါင်စာရင်းသည် လူဦးရေကိန်းဂဏန်းရရှိရန်သာမက ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ မွေးနှုန်း၊ သေနှုန်း၊ သက်ကြီးရွယ်အို၊ မသန်စွမ်း၊ ပြောင်းရွှေ့သွားလာမှု၊ အိမ်အကြောင်းအရာ စသည့်လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို ကောက်ယူကြသည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ ပကတိတည်ရှိနေသော ကိန်းဂဏန်းအချက်အလက်များ မှန်မှန်ကန်ကန် တိတိကျကျရရှိနိုင်ပါက ထိုတိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးစီးပွားများဖြစ်ထွန်းမည်ဖြစ်၍ မကြာမီကာလ၌ အသစ်ထပ်မံကောက်ယူမည်ဖြစ်သော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအား တစ်နိုင်ငံလုံးလွှမ်းခြုံကာ အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့်လုပ်ငန်းများတွင် လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် မေ ၂၄



ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ကျီးသဲလေးထပ်ပညာရေးစင်တာသို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ပင်လုံတပ်ဦးပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်ရှိ လယ်ဝိုင်းကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာ စာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဘုံစံကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လဟယ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ




လဟယ် မေ ၂၄

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသေးသော အသက်(၁၈)နှစ်အထက် ပြည်သူများအား Covishield ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ထိုးနှံပေးရာတွင် လဟယ်မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ အသက်(၁၈)နှစ်အထက် ပြည်သူများအားလုံး ရာနှုန်းပြည့်ထိုးနှံနိုင်ရေး ပထမအကြိမ်ရည်မှန်းဦးရေ ၁၁၀၀၀ ခန့်အား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ယွန်း(မုံရွာကိုယ်ပွား)**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | – ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | – ဒေါ်အိအိမွန် |
| ဘာသာပြန် စာတည်းများ | – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | – ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | – ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မစ္စတာ အဗ္ဗဒဲလ်ဟာမစ် ဘူဘာဇင်း အား အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မေ ၂၅**

မစ္စတာ အဗ္ဗဒဲလ်ဟာမစ် ဘူဘာဇင်းအား ဟန္နိုင်းမြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အယ်လ်ဂျီးရီးယားပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ အဗ္ဗဒဲလ်ဟာမစ် ဘူဘာဇင်း ကို ၁၉၅၅ ခုနှစ် ဇွန် ၃၀ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် အမျိုးသားစီမံခန့်ခွဲမှုကျောင်းမှ ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၉ ခုနှစ်တွင် အယ်လ်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် နိုင်ငံတကာ နိုင်ငံရေးရာဦးစီးဌာန မဟာဗျူဟာရေးရာနှင့် လက်နက်ဖျက်သိမ်းရေး ဌာန၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ အယ်လ်ဂျီးရီးယားသံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် မိုဇမ်ဘစ်နိုင်ငံ၊ မပူတိုမြို့ရှိ အယ်လ်ဂျီးရီးယားသံရုံးတွင် သံမှူးအဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဌာန၊ ဌာနအကြီးအကဲအဖြစ် လည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် ရှေ့အလားအလာသုံးသပ်ရေးဦးစီးဌာန၊ ကာကွယ်ရေးနှင့် လုံခြုံရေးရာဌာန၊ ဌာနအကြီးအကဲအဖြစ် လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် ရှေ့အလားအလာသုံးသပ်ရေးဦးစီးဌာန၊ စီးပွားရေးလေ့လာရေးဌာန၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်များထမ်းဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးအဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အတွင်းရေးမှူးချုပ်၏လက်ထောက်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် မိုဇမ်ဘစ်နိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ဆွာဇီလန်နိုင်ငံနှင့် မာလာဝီနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်း ပူးတွဲတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် အကြမ်းဖက်မှုများလေ့လာရေးဆိုင်ရာ အာဖရိကန်စင်တာ၌ ညွှန်ကြားရေးမှူးအဖြစ် ထမ်းဆောင်ခဲ့သည်။

၂၀၀၆ ခုနှစ်တွင် အယ်လ်ဂျီးရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန၌ သံအမတ်ကြီးအဖြစ် ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ စစ်ဆေးရေးအရာရှိအဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် အတိုင်ပင်ခံ သံအမတ်ကြီးအဖြစ် လည်းကောင်း အသီးသီး တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ဗီယက်နမ်နိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး (၃) ဦး ရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးသည် ဦးတည်အုပ်စုများအတွင်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ကောင်းမွန်သည့်ဒေသဖြစ်ပြီး ရာနှုန်းပြည့်ကာကွယ်ဆေးလွှမ်းခြုံမှုရရှိစေရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မေ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ဦးဆောင်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ယမန်နေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



**လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ အတိုင်းအတာတစ်ခုအထိ ကောင်းစွာထိန်းချုပ်နိုင်ပြီဖြစ်၍ ပုံမှန်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်လိုကြောင်း၊ ယခုအခါ ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်နိုင်ပြီဖြစ်သော်လည်း အထူးကုဘာသာရပ်အချို့မှာ လုပ်ငန်းဆောင်ရွက်နိုင်မှုအားနည်းလျက်ရှိကြောင်း၊ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်လျက်ရှိရာတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် စိတ်ချလုံခြုံစွာဖြင့် ကျောင်းတက်ရောက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရမှ ပံ့ပိုးဆောင်ရွက်မှုများ ပေးအပ်စေလိုကြောင်း၊ ယခုအခါ အပြည်ပြည်ဆိုင်ရာ ခရီးသည်တင်လေကြောင်းလိုင်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြန်မာနှစ်ဆန်း(၁)ရက်နေ့မှစတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဝင်ရောက်ခွင့်ပြုထားပြီး ဖြစ်ကြောင်း၊ ဝင်ရောက်လာသူများတွင် ရောဂါပိုးတွေ့ရှိရမှုအပေါ်မူတည်၍ နေပြည်တော်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင် အဆိုပါလေယာဉ်ခရီးစဉ်များ ဆိုက်ရောက်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်ကြောင်း။

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်မှုအခန်းကဏ္ဍသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် ဥပဒေ၊စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် ဦးတည်အုပ်စုများအတွင်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ကောင်းမွန်သည့်ဒေသဖြစ်ကြောင်း၊ ဆက်လက်၍ ဦးတည်အုပ်စုများအတွင်း ရာနှုန်းပြည့် ကာကွယ်ဆေးလွှမ်းခြုံမှု ရရှိစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသက်(၁၅)နှစ်နှင့်အထက် မိဘပြည်သူများကိုလည်းကောင်း၊ ထပ်ဆောင်းကာကွယ်ဆေးကို အသက် (၄၀)နှစ်နှင့်အထက် မိဘပြည်သူများကို လည်းကောင်း ထိုးနှံပေးလျက်ရှိကြောင်း၊ ကျောင်းများပြန်ဖွင့်ချိန်တွင်လည်း ကျောင်းအခြေပြု ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်မည်ဖြစ်၍ ကူညီပံ့ပိုးမှုများပေးအပ်စေလိုကြောင်း၊ ထို့ပြင် အသက်(၅)နှစ်အောက်ကလေးများအတွက် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများဖြစ်သည့် ဘီစီဂျီ၊ ပိုလီယို၊ ဝက်သက်ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးရာသီကာလတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးကဲ့သို့သော ကူးစက်ရောဂါများဖြစ်ပွားမှုကိုကာကွယ်ရန် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

**ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာ**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆေးရုံများ သန့်ရှင်းသာယာလှပရေးအတွက် အပိုင်းလိုက် ဆောင်ရွက်ပေးနေကြောင်း၊ သူနာပြုတက္ကသိုလ်အပါအဝင်ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များသို့ တက်ရောက်လာသူ ကျောင်းသား ကျောင်းသူများကို နွေးထွေးစွာ ကြိုဆို၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာစေရေး ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မန္တလေးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် အပါအဝင် ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းရင်းဆေးတက္ကသိုလ်ပြတိုက်၊ စာကြည့်တိုက်နှင့် ဘွဲ့နှင်းသဘင်ခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ နှာခေါင်းစည်း ၇ ဒသမ ၈၄ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www. commerce.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# လာမည့် စာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ရာနှုန်းပြည့် ပညာသင်ကြားနိုင်ရေး ဆရာ၊ မိဘ၊ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်

**ဘိုကလေး မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ဘိုကလေး ပညာရေးဒီဂရီကောလိပ်တွင် မေ ၂၀ ရက်မှ မေ ၂၅ ရက်အထိ ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ်သင်တန်း(၁/၂၂)ကို ဖွင့်လှစ်ပို့ချသင်ကြားလျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါ သင်တန်းသား သင်တန်းသူများအား ဘိုကလေး ပညာရေးဒီဂရီကောလိပ်ခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက တွေ့ဆုံခဲ့သည်။



**ထာဝရကျောင်းသားကြီးများဖြစ်**

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာ ဆရာမ ဆိုသည်မှာ တစ်ဖက်၌ တပည့်တွေအပေါ် ပညာသင်ကြားပေးနေသလို တစ်ဖက်မှာလည်း အစဉ်အမြဲ လက်လှမ်းမီသမျှ သင်ယူလေ့လာနေသည့် ထာဝရကျောင်းသားကြီးများဖြစ်ကြောင်း၊ နာသုံးနာကို အခြေခံ၍ အများအကျိုးပြုကာ လောကကို အလှဆင်နေသူများဖြစ်ကြောင်း၊ တပည့်တွေအပေါ် စာကိုလည်း သင်၍ လူကိုလည်းပြင်ရန် လိုအပ်ကြောင်း၊ ယခုလာမည့် စာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ရာနှုန်းပြည့် ပညာသင်ကြားနိုင်ရေး ဆရာ၊ မိဘ၊ အုပ်ချုပ်ရေးအဖွဲ့များ အတူပူးပေါင်း ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အား ယခု ပညာရေးဘွဲ့ စာပေးစာယူပထမနှစ် သင်တန်းတက်ရောက်နေကြသည့် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ လေးမျက်နှာ၊ ပန်းတနော်၊ မော်ကျွန်း၊ ဓနုဖြူ၊ မြန်အောင်၊ မအူပင်၊ လပွတ္တာ၊ ညောင်တုန်း၊ ဟင်္သာတ၊ အင်္ဂပူ၊ ကြံခင်း မြို့နယ်များမှ သင်တန်းသား သင်တန်းသူများသည် မြို့နယ်အလိုက် မိတ်ဆက်မှုများ ဆောင်ရွက်ကြပြီး သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၁၅ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ရာ ဘိုကလေး ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရကိန်းအောင်းနေရမည်ဖြစ်သကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားအောင်လည်း ဆောင်ရွက်ကြရမည်

**ပဲခူး မေ ၂၄**

ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရကိန်းအောင်းနေရမည်ဖြစ်သကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားအောင်လည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

**ပြောကြားခဲ့ခြင်းဖြစ်**

ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(B.Ed) ငါးနှစ်သင်တန်း အမှတ်စဉ်(၉)နှင့် တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်/စစ်ကိုင်းသို့) တက်ရောက်မည့် ကျောင်းသား ကျောင်းသူများ လမ်းညွှန်မှုခံယူပွဲ အခမ်းအနားတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပညာရေးသည် နိုင်ငံနှင့်လူမျိုးတို့၏ အသက်ဝိညာဉ်၊ ဖွံ့ဖြိုးမှု၏ အခြေခံအုတ်မြစ်၊ လူ့အဖွဲ့အစည်း တည်ငြိမ်အေးချမ်းမှု၏ ဗဟိုချက်ဖြစ်သည့်အတွက် နိုင်ငံတော်ကို ကျေးဇူးသစ္စာစောင့်သိကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

**တက်ရောက်သင်ကြားသွားမည်**

ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်ပညာရေးဘွဲ့(B.Ed) ငါးနှစ်သင်တန်း အမှတ်စဉ်(၉)သို့ သင်တန်းသား သင်တန်းသူ ၁၂ ဦး၊ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်/ စစ်ကိုင်း)သို့ သင်တန်းသား သင်တန်းသူ ၁၂ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟံသာဝတီရှေးဟောင်းကျုံး တူးဖော်မှု၊ ရန်ကင်းသာပန်းခြံ အဆင့်မြှင့်တင်နေမှုနှင့် ရှေးဟောင်းသမိုင်းဝင် ဟင်္သာကုန်းစေတီတော်မြတ်ကြီး၊ တောင်ဘက်မုခ် ဓာတ်လှေကားတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ

## မေ ၂၂ ရက်မှ ၂၄ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၃၃၀ ရောင်းချနိုင်ခဲ့

**နေပြည်တော် မေ ၂၄**

(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

**ကြည့်ရှုစစ်ဆေး**

ယနေ့ပြပွဲတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ် ၂၂၁ မှ အတွဲအမှတ် ၃၃၀ အထိ ပုလဲအတွဲ ၁၁၀ ကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲပေါင်း ၃၃၀ အနက် အတွဲအမှတ် ၂၂၁ မှ အတွဲအမှတ် ၃၃၀ အထိ ပုလဲအတွဲ ၁၁၀ အတွက် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းတည့် ၁၂ နာရီတွင် ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၁၀ ကို ရောင်းချရကြောင်း ကြေညာသည်။

**ရောင်းချနိုင်ခဲ့**

ယမန်နေ့ပြပွဲတွင် ပုလဲအတွဲအမှတ် ၁ မှ အတွဲအမှတ် ၂၂၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၂၀ ကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ရောင်းချနိုင်ခဲ့သည်။

ပြပွဲစတင်သည့်နေ့တွင် မေ ၂၂ ရက်မှ ၂၄ ရက်အထိ ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲအမှတ် ၁ မှ အတွဲအမှတ် ၁၂၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း ပြည်ပရတနာကုန်သည်များကို ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြမ်းခင်းဈေးသတ်မှတ်ထား**

ယခုပြပွဲတွင် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထားရှိပြီး ငွေပေးချေရာတွင် ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်၊ ကျပ်ငွေတို့ဖြင့် လည်းကောင်း ပေးချေနိုင်ပြီး ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို ယူရိုငွေဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထားရှိကာ ရတနာကုန်သည်များသည် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ် တို့ဖြင့် ပေးချေသွားရမည်ဖြစ်သည်။

ယခု ကျင်းပသည့် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေ ၂၂ ရက်မှ ၂၈ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ မေ ၂၂ ရက်မှ ၂၄ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၃၃၀ ကို ရောင်းချနိုင်ခဲ့ပြီး ကျောက်မျက်အတွဲ ၁၂၀ ကို မေ ၂၅ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၂၀၀၀ ကို မေ ၂၆ ရက်မှ ၂၈ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရပ်ကွက် / ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်း



ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို မေ ၂၂ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင်ကျင်းပသည်။

**သတင်းအချက်အလက်ဖြန့်ဝေ**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအတွင်း၌ ဖွင့်လှစ်ခဲ့သောစာကြည့်တိုက် ၄၈၁ တိုက်ရှိရာ စာကြည့်တိုက် ၁၂၀ အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၅၅ သန်း တန်ဖိုးရှိစာအုပ်စာစောင်များကို ထောက်ပံ့လှူဒါန်းပေးခြင်းဖြစ်ကြောင်းနှင့် ယနေ့အချိန်တွင် ပြည်သူ့စာကြည့်တိုက်များသည် စာငှားစာဖတ်ရုံသာ မဟုတ်တော့ဘဲ ပြည်သူများ၏လူမှုဘဝများတိုးတက်စေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များရယူအသုံးပြုနိုင်သောနေရာ၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုများအတွက် သတင်း အချက်အလက်များ ဖြန့်ဝေပေးသောနေရာ၊ ၂၁ ရာစု ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်းဆုံးသော လုပ်ဖော်ကိုင်ဖက်များရှာဖွေသောနေရာ အဖြစ် ပြောင်းလဲလာစေဖို့ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများက အလေးအနက်ထား ဆောင်ရွက်ပေးကြရန်ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဆန်းဝင်းက ရပ်ကွက် / ကျေးရွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ခဲ့သည့် အခြေနေများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

**လှူဒါန်း**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေး ကော်မတီဝင်များက ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက် ၁၂၀ တိုက်သို့ သုတ/ရသ၊ စာအုပ်စာစောင်များကို လည်းကောင်း၊ အလှူရှင် ဦးမိုးမြင့်က ငွေကျပ် ၁၁၄၀၀၀၀ တန်ဖိုးရှိ "မြန်မာ့စွမ်းအင်သူရဲကောင်း" စာအုပ် ၁၂၀ အား လည်းကောင်း လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပေးကြပြီး ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များကိုယ်စား တွံတေးမြို့နယ် စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးသက်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာအုပ်စာစောင်များအား လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ ဆက်)**

# စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးဒီဂရီကောလိပ်တို့မှ သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲကျင်းပ

မုံရွာ မေ ၂၄

စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်း အပတ်စဉ်(၂၀/၂၁) သင်တန်းသား သင်တန်းသူများ ကြိုဆိုပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အဖွင့်အမှာစကားပြောကြားပြီး B.Ed ပထမနှစ် သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ၅၈၈၃၀၀၀၀ နှင့် B.Ed ဒုတိယနှစ် သင်တန်းသား သင်တန်းသူများအတွက်ငွေကျပ် ၅၂၅၆၀၀၀၀ တို့အား ခေတ္တပါမောက္ခချုပ်နှင့် သင်တန်းသား သင်တန်းသူများထံပေးအပ်ခဲ့ပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

**စစ်ကိုင်းပညာရေးတက္ကသိုလ်**

အဆိုပါ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် အထက်မြန်မာပြည်ရှိတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ B.Ed ပညာရေးဘွဲ့စာပေးစာယူသင်တန်း B.Ed ပထမနှစ်တွင် သင်တန်းသား သင်တန်းသူ ၁၉၆၁ ဦး B.Ed ဒုတိယနှစ်တွင် သင်တန်းသား သင်တန်းသူ ၁၇၅၂ ဦး တက်ရောက်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းပညာရေးဒီဂရီကောလိပ်ရှိ မြဇရာခန်းမ၌ကျင်းပသည့် ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ်သင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းသား သင်တန်းသူများကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ၈၅၂၀၀၀၀ အား ကျောင်းအုပ်ကြီးနှင့် သင်တန်းသား သင်တန်းသူများထံ ပေးအပ်ကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

**စစ်ကိုင်းပညာရေးဒီဂရီကောလိပ်**

အဆိုပါ စစ်ကိုင်းပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့ စာပေးစာယူပထမနှစ် သင်တန်းအမှတ်စဉ် (၁/၂၀၂၂)တွင် ပညာရေးဘွဲ့မရရှိသူ ဆရာ ဆရာမများ၊ အခြေခံပညာဦးစီးဌာနမှ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းကျောင်းအုပ်နှင့် ရုံးဝန်ထမ်းများ စုစုပေါင်း ၂၈၄ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# သံတွဲခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

စစ်တွေ မေ ၂၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ တာဝန်ရှိသူများနှင့်အတူ မေ ၂၂ ရက်နှင့် ၂၃ရက်တို့တွင် သံတွဲခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ကြည့်ရှုစစ်ဆေး**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မေ ၂၂ ရက် ညနေပိုင်းတွင် တောင်ကုတ်မြို့နယ် ပန်းတင်ကျွန်းရှိ ငမောက်ချောင်းကျေးရွာအုပ်စု ငမောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် မကျည်းတောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကျေးရွာအုပ်စုရှိ မုန်တိုင်းဒဏ်ခံဘက်စုံသုံးအဆောက်အအုံအား ထိန်းသိမ်းစောင့်ရှောက်ထားမှု အခြေအနေများ၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံသစ်ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခမောက်ချောင်းကျေးရွာ တိုက်နယ်ဆေးရုံသို့သွားရောက်ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ဆေးရုံအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြသည်။

ယမန်နေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ်မြို့နယ် တဲမောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကမ်းဒေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် တောင်ကုတ်ပင်မ ဓာတ်အားခွဲရုံ ၂၃၀ ကေဗွီဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲမြို့နယ် ဇီးကျွန်းကျေးရွာအဝင် တံတားအား ကြည့်ရှုစစ်ဆေးပြီး တံတားကြံ့ခိုင်ကောင်းမွန်ရေးအတွက်ဆောင်ရွက်မည့်အခြေအနေများ၊ ရွှေလှေကျေးရွာမှ ဇီးကျွန်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေများ၊ ကျေးရွာတွင်းလမ်း ကောင်းမွန်ရေးအတွက်ဆောင်ရွက်မည့်အခြေအနေများနှင့် ဇီးကျွန်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းအား ကျောင်းအဆင့်တိုးမြှင့်နိုင်ရေး အခြေအနေများနှင့် ပတ်သက်၍ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**လိုအပ်သည်များမှာကြား**

ဆက်လက်၍ အဖွဲ့ဝင်များသည် သံတွဲမြို့နယ် နတ်တောင်မော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း၊ အမှတ်(၆)ရပ်ကွက် ရေဝပ်ဧရိယာတိုးချဲ့ခြင်းလုပ်ငန်း၊ သာယာကွင်းကျေးရွာအုပ်စုရှိ ကျားကိုက်ဆည်မှ ကျေးရွာလေးရွာသို့ သောက်သုံးရေပိုက်လိုင်းသွယ်တန်းထားရှိမှုလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အောင်မြင်လိုသူတိုင်းအတွက် စိတ်ခွန်အားမြှင့်တင်ခြင်း

သိန်းထွန်း (IR)

## အဓိကမောင်းနှင်အား

လူတစ်ဦးအတွက် စိတ်ဓာတ်တက်ကြွခြင်း၊ ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်းအပါအဝင် မိမိတို့၏ ရည်မှန်းချက်များရရှိရန် ကြိုးစားအားထုတ်ကြရာတွင် စိတ်ခွန်အားများသည် ဘဝတိုးတက်ရာ တိုးတက်ကြောင်းအတွက် အဓိကမောင်းနှင်အားအဖြစ် တွေ့ရပါသည်။ စိတ်ခွန်အားများသည် လူတစ်ယောက်အား နောက်ကွယ်မှ မောင်းနှင်နေသည့်စွမ်းအားများ ဖြစ်ကြပါသည်။ ထိုစိတ်ခွန်အားများကို ကိုယ်တိုင်က သိရှိထိန်းကျောင်းခြင်းဖြင့် ထူးခြားသော ကိုယ်ရည်ကိုယ်သွေးများ ရရှိနိုင်ပါသည်။

တစ်ခါတစ်ရံ လူတစ်ဦးတစ်ယောက်အတွက် ကိုယ်တိုင်ကြောင့်ဖြစ်စေ၊ ပတ်ဝန်းကျင်၏ ဂယက်ကြောင့်ဖြစ်စေ တစ်ခါတစ်ရံ သို့မဟုတ် အချိန်ကာလတစ်ခု သို့မဟုတ် နေ့စဉ်လိုလို စိတ်ဓာတ်ကျဆင်းခြင်း၊ မလုပ်ချင်မကိုင်ချင်စိတ်ဖြစ်ခြင်း၊ မျှော်လင့်ချက်များကုန်ဆုံးခြင်း၊ လက်လျှော့လိုစိတ်ဖြစ်ခြင်းကဲ့သို့သော စိတ်ပိုင်းဆိုင်ရာ အားနည်းခြင်းများ ဖြစ်တတ်ကြပါသည်။ ယင်းသို့သော စိတ်အခြေအနေများသည် ရှိရင်းစွဲအခြေအနေကိုပင် ပိုမိုဆုတ်ယုတ်စေတတ်ရာ မိမိ၏စိတ်ခွန်အားများ ပြောင်းလဲခြင်း သို့မဟုတ် မြှင့်တင်ခြင်းဖြင့် ပြောင်းလဲနိုင်ပါသည်။ စိတ်ခွန်အား ပြောင်းလဲခြင်းမှတစ်ဆင့် မိမိတို့၏ အတွေးအခေါ်၊ အပြုအမူများနှင့် အရည်အသွေးများ ပြောင်းလဲလာစေပြီး ဘဝရည်မှန်းချက်ဆိုင်ရာ အပြုသဘောရလဒ်များကို ဖန်တီးရရှိစေနိုင်ပါသည်။

အောင်မြင်မှုကို ဆာလောင်နေသူတိုင်းသည် အပြုသဘောစွမ်းအားများ မွေးမြူကြရပါသည်။ ယင်းစွမ်းအားများကို စိတ်ခွန်အားမြှင့်တင်ခြင်းဖြင့် ရရှိနိုင်ပါသည်။ စိတ်ခွန်အားမြှင့်တင်ခြင်း၏ ဆန့်ကျင်ဘက်မှာ စိတ်ဓာတ်ကျဆင်းခြင်း၊ မပျော်ရွှင်ခြင်း၊ တွေဝေခြင်း၊ လက်လျှော့လိုခြင်းကဲ့သို့သော စိတ်ပိုင်းဆိုင်ရာ အပျက်သဘောများ ဖြစ်ပါသည်။ အပြုသဘောစိတ်ခွန်အား၊ အပျက်သဘော စိတ်ခွန်အား နှစ်ခုစလုံးသည် လူတစ်ဦးတစ်ယောက်အတွက်သာမက အဖွဲ့အစည်းတစ်ခုအပေါ်အထိ အကျိုးသက်ရောက်မှုများ ဖြစ်စေတတ်သည်ကို သတိထားပြုပြင်ခြင်းဖြင့် လူတစ်ဦးအတွက် အဓိကမောင်းနှင်အားကို ထိန်းကျောင်းရယူနိုင်ပါသည်။

## စိတ်ခွန်အားမြှင့်တင်ခြင်း

စိတ်ခွန်အားမြှင့်တင်ခြင်းသည် အိပ်မက်များကို လက်တွေ့အဖြစ်သို့ ပြောင်းလဲစေနိုင်ပြီး မိမိတို့၏ ရည်မှန်းချက်များပြည့်ဝစေရန် ကူညီပေးနိုင်သည့် အခြေခံကျွမ်းကျင်မှုတစ်ရပ် ဖြစ်ပါသည်။ ထိုစိတ်ခွန်အားမြှင့်တင်ခြင်းကို စိတ်ကူးဖြင့် လွယ်လွယ်ကူကူ လက်ခံနိုင်သော်လည်း လက်တွေ့ကျင့်ကြံရာတွင် လွယ်လွယ်ကူကူနှင့် မရတတ်ချေ။ တစိုက်မတ်မတ် လုပ်ဆောင်ကြရပါသည်။ ထိုကျွမ်းကျင်မှုများရရှိရန် ကိုယ်တိုင်ဆုံးဖြတ်ချက်များ ခိုင်မာရသည်။ စဉ်ဆက်မပြတ် ထိန်းကျောင်းရန် ဇွဲ၊ လုံ့လ၊ ဝီရိယများ လိုအပ်ပါသည်။

အောင်မြင်မှုတိုင်းတွင် ကြိုးစားအားထုတ်မှုပါဝင်ရပါသည်။ မိမိတို့၏ ဘဝရည်မှန်းချက်များ လက်တွေ့အကောင်အထည်ဖော်ရန်၊ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲအကျပ်အတည်းများမှ ရုန်းထွက်ရန်နှင့် ပိုမိုကောင်းမွန်သောနေထိုင်မှုပုံစံ ပြောင်းလဲရန်ဆိုပါက အခြေခံလုပ်ဆောင်ရန်မှာ မိမိ၏စိတ်ခွန်အားများကို ပြောင်းလဲမြှင့်တင်ရန်ပင် ဖြစ်ပါသည်။ ဘဝတွင် ကြီးကျယ်ခမ်းနားသော အောင်မြင်မှုရရှိသူတိုင်းသည် မိမိတို့အမှန်တကယ် လိုချင်သောအရာများ ရရှိရန်အတွက် စိတ်ခွန်အားကို အမြဲတစေမြှင့်တင်ပေးလျက်ရှိကြသည်ကို တွေ့နိုင်ပါသည်။

သို့သော် စိတ်ခွန်အားသဘောမှာလည်း လူတစ်ဦး၌ပင်လျှင် တစ်ပြေးညီ ရှိမနေတတ်ပေ။ တစ်ခုခုလုပ်မည်ဆိုသည့်အခါ စိတ်တွင် တွန့်ဆုတ်နေခြင်း၊ ကြောက်ရွံ့နေခြင်း၊ စိုးရိမ်နေခြင်း၊ မိမိကိုယ်မိမိ မယုံကြည်ခြင်း၊ အချိန်ဆွဲနေခြင်းကဲ့သို့သော အခြေအနေများ ပြောင်းလဲဖြစ်ပေါ်နေတတ်ကြပါသည်။ ယင်းအခြေအနေကို သိရှိနေခြင်းဖြင့် စိတ်ခွန်အား အပြောင်းအလဲကို ပြုပြင်ကြရပါသည်။

စိတ်ထောင်းတော့ကိုယ်ကျေဆိုသည့် စကားကဲ့သို့ စိတ်ခွန်အားအနိမ့်အမြင့်၊ အတက်အကျသည် ကာယကံရှင်၏ စဉ်းစားတွေးခေါ်ပုံမှအစ အပြုအမူ၊ အပြောအဆိုနှင့် လုပ်ရည်ကိုင်ရည်များအပေါ် သက်ရောက်နေပါသည်။ တစ်ခါတစ်ရံ တစ်ဦးချင်း သက်ရောက်မှုများမှတစ်ဆင့် ပတ်ဝန်းကျင်သို့ပင် သက်ရောက်လာသည်များ ရှိတတ်ကြသည်။ စိတ်ခွန်အားကျဆင်းနေသည့် လူတစ်ဦး၏ စဉ်းစားတွေးခေါ်မှု၊ အပြောအဆိုနှင့် အပြုအမူများသည် ထိုသူနှင့်ဆက်စပ်နေသူများကို ကူးစက်လာတတ်သည့်သဘော ဖြစ်သည်။ ထိုမှတစ်ဆင့် စွမ်းဆောင်ရည်များ ကျဆင်းလာတတ်ပြီး ရည်မှန်းချက်များနှင့် တဖြည်းဖြည်းဝေးလာမည်ဖြစ်သည်။ ရည်မှန်းချက်များနှင့် ပို၍ပို၍နီးလိုပါက စိတ်ခွန်အားများကို မြှင့်တင်ကြရမည်ဖြစ်သည်။

ထိုစိတ်ခွန်အားများ မြှင့်တင်ရန်အတွက် နည်းလမ်းများစွာ ရှိကြပါသည်။ တစ်ဦးနှင့်တစ်ဦး၏ စိတ်ခွန်အား အခြေအနေမတူညီတတ်ကြသဖြင့် စိတ်ခွန်အားမြှင့်တင်ရာတွင်လည်း တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ချေ။ လူတစ်ဦးချင်း တစ်ယောက်ချင်းအတွက် စိတ်ခွန်အားမြှင့်တင်သည့် နည်းလမ်းများစွာအနက် လူတိုင်းအတွက် အသုံးဝင်မည့် အောက်ပါနည်းလမ်းအချို့ကိုတွေ့ရပါသည် -

## ခိုင်မာသော ဆုံးဖြတ်ချက်ချခြင်းနှင့် အသုံးချခြင်း

စိတ်ခွန်အားမြှင့်တင်ခြင်းသည် လူတစ်ဦးအား မိမိကိုယ်မိမိ နားလည်သိရှိရန် အထောက်အကူဖြစ်စေပြီး ခိုင်မာသောဆုံးဖြတ်ခြင်းနှင့် လက်တွေ့အသုံးချခြင်းဖြင့် မိမိတို့၏ထူးခြားသော အစွမ်းအစများကို လက်တွေ့နားလည်စေပါသည်။ တိမ်မြုပ်နေသည့် အလားအလာများနှင့် အခွင့်အလမ်းများ သိရှိနားလည်သည်အထိ ရရှိသည့်တိုင် အပြောင်းအလဲဟု မဆိုနိုင်သေးပါ။ မိမိရည်မှန်းချက်အတွက် ခိုင်မာသောဆုံးဖြတ်ခြင်းနှင့် လက်တွေ့အသုံးချခြင်းသည်သာ ကိုယ်ပိုင်ကိုယ်ရည်ကိုယ်သွေး အပြောင်းအလဲကိုဖြစ်စေသည့် စိတ်ခွန်အားမြှင့်တင်ခြင်း လုပ်ငန်းစဉ်များ ဖြစ်ကြပါသည်။

စိတ်ခွန်အားဖြစ်စေသည့်စာများ ဖတ်ရှုခြင်း သို့မဟုတ် မိမိ၏ လက်တွေ့ဘဝအခြေအနေများကို စိန်ခေါ်မှုရှိသော လူများနှင့်တွေ့ဆုံခြင်းသည် လက်ရှိမနှစ်မြို့ဖွယ် အခြေအနေများကို အောင်မြင်မှုအဖြစ်သို့ ပြောင်းလဲပေးနိုင်ပါသည်။ ထို့ကြောင့် စိတ်ခွန်အားမြှင့်တင်ခြင်းသည် ဘဝ၏အရည်အသွေး တိုးတက်ရေးကို အထောက်အကူဖြစ်စေပြီး လူမှုဝန်းကျင်အတွင်း ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးအဖြစ်သို့ ရောက်ရှိစေပါသည်။

> **စိတ်ခွန်အားပြောင်းလဲခြင်းသည် လူတိုင်းအတွက် အသုံးဝင်သော အလေ့အကျင့်တစ်ခု ဖြစ်ပါသည်။ ဘဝတိုးတက်အောင်မြင်လိုသူများအတွက်သာမက ဘဝအခက်အခဲများနှင့် ရင်ဆိုင်နေရသူများအတွက်လည်း လိုအပ်ပါသည်။ အောင်မြင်မှုလမ်းစများ၊ အခွင့်အလမ်းများနှင့် ကံကောင်းခြင်းများဆိုသည်က မိမိထံသို့ သူ့အလိုလိုရောက်လာသည်မဟုတ်ဘဲ ကိုယ်တိုင်လုပ်ကိုင်ဖန်တီးယူကြရပါသည်။ ထိုသို့ဖန်တီးယူရန် အကောင်းဆုံးအချိန်သည် ယခုအချိန်ပင်ဖြစ်**

## မိမိကိုယ်မိမိ ယုံကြည်မှုတည်ဆောက်ခြင်း

မိမိကိုယ်မိမိ ယုံကြည်မှုတည်ဆောက်ခြင်းသည် စိတ်ခွန်အားအပြောင်းအလဲအတွက် အရေးပါသော လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ လူငယ်အတော်များများသည် မိမိကိုယ်မိမိ မယုံကြည်ကြခြင်းဖြစ်သည်။ အခက်အခဲ အကျပ်အတည်းများကြားတွင် လူအချို့မှာ ယုံကြည်ချက်များ ပျောက်ဆုံး၍ အိပ်မက်များနှင့် မျှော်လင့်ချက်များကို လက်လျှော့လိုက်တတ်ကြသည်။ "ငါလုပ်နိုင်တယ်ဆိုသည့် စိတ်ဓာတ်" မရှိခြင်းသည် အရင်းခံအကြောင်းတစ်ခုအဖြစ် တွေ့ရလေ့ရှိသည်။

လူတိုင်းသည် မတူညီသောဘဝအခြေအနေအမျိုးမျိုးတွင် ဖြတ်သန်းကြသည်ဖြစ်ရာ စိတ်ပိုင်းဆိုင်ရာ ခံစားချက်၊ မိမိကိုယ်မိမိ ယုံကြည်မှုတို့တွင်လည်း ကွဲပြားခြားနားတတ်ကြပါသည်။ မည်သို့ပင်ဆိုစေ မိမိကိုယ်မိမိယုံကြည်မှုသည် ပြုစုပျိုးထောင်နိုင်ပါသည်။ မိမိကိုယ်မိမိ ယုံကြည်မှု မရှိသူများအတွက် ယုံကြည်မှုကို ပြုစုပျိုးထောင်နိုင်သကဲ့သို့ ဘဝတွင် ပြင်းထန်သော ပြင်ပလောကခံ အခြေအနေများကြောင့် မိမိကိုယ်မိမိ ယုံကြည်မှုပျောက်ဆုံးနေသူများ အနေဖြင့်လည်း ယုံကြည်မှု ပြန်လည်တည်ဆောက်ရန် အခွင့်အရေးရှိနေကြပါသည်။ စိတ်ခွန်အားမြှင့်တင်ခြင်းသည် အရာရာတွင် လျစ်လျူရှု ပစ်ပယ်ခံရသူများ အထူးသဖြင့် လူငယ်များကို အထောက်အကူဖြစ်စေပါသည်။ စိတ်ခွန်အားမြှင့်တင်ခြင်းဖြင့် အသက်ရှင်ရပ်တည်ရန် သို့မဟုတ် အောင်မြင်သောဘဝများသို့ တက်လှမ်းနိုင်ရန် ယုံကြည်မှုများကို ဖန်တီးပေးနိုင်ပါသည်။

မိမိကိုယ်မိမိ ယုံကြည်မှုတည်ဆောက်သည်ဆိုရာတွင် မိမိကိုယ်မိမိ ယုံကြည်စေနိုင်လောက်သည့် အရည်အသွေးများ၊ ကျွမ်းကျင်မှုများရှိရန်လည်း ကြိုးစားကြရပါသည်။ သို့မှသာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်ဖြစ်စေ၊ လုပ်ကိုင်ဆောင်ရွက်ရာတွင်ဖြစ်စေ မိမိကိုယ်မိမိ ယုံကြည်မှုတိုးမြင့်လာနိုင်ပါသည်။ ယုံကြည်မှုနှင့်ပတ်သက်၍ အခြားတစ်ဖက်တွင် ယုံကြည်မှုလွန်ကဲခြင်းလည်း ဖြစ်တတ်ပါသည်။

## ကျရှုံးမှုများကို မကြောက်ရွံ့ခြင်း

စိတ်ခွန်အားမြှင့်တင်ရာတွင် အရေးကြီးသည်မှာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန်နှင့် ကျရှုံးမှုကို မကြောက်ရန်ဖြစ်ပါသည်။ အကြောက်တရားသည် အောင်မြင်သူများနှင့် မအောင်မြင်သူများကို ပိုင်းခြားထားသည့် အပိုင်းအခြားတစ်ခု ဖြစ်ပါသည်။ သို့သော် မကြောက်ရန်ဆိုသည်မှာလည်း ဆင်ကန်းတောတိုးလုပ်ဆောင်ခြင်းကြောင့် ကျရှုံးမည်ကိုမကြောက်သည့် သဘောမဟုတ်ချေ။ မကြာခဏဆိုသလို ကျရှုံးမည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းကြောင့် မိမိတို့ကို အောင်မြင်မှု အထွတ်အထိပ်သို့ ပို့ဆောင်ပေးနိုင်သည့် လုပ်ငန်းသစ်တစ်ရပ်တွင် ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် အခြားသော စိန်ခေါ်မှုအသစ်တစ်ခုကို လုပ်ဆောင်ရန် အဟန့်အတားဖြစ်စေတတ်ပါသည်။

အဲလ်ဘတ်အိုင်းစတိုင်းက မင်းဟာ ယခင်ကလုံးဝမကျရှုံးသေးဘူးဆိုရင် အဲဒါဟာ အသစ်တစ်ခုခုကို မင်းဘယ်တုန်းကမှ စမ်းပြီး မလုပ်ဖူးသေးဘူးလို့ ဆိုလိုကြောင်း ပြောဖူးပါသည်။ ထို့ကြောင့် လူတစ်ယောက် မည်သို့သော အခြေအနေတွင် ကြီးပြင်းလာသည်ဖြစ်စေ လူတစ်ယောက်၏ စိတ်ခွန်အားမြှင့်တင်ရာတွင် သိသာထင်ရှားသည့် အဓိကအချက်တစ်ခုမှာ မိမိတို့၏ကြောက်ရွံ့မှုများကို ဖယ်ရှားပစ်ရန်နှင့် အောင်မြင်မှုအတွက် သတ္တိများ အစားထိုးရန်ဖြစ်ပါသည်။

သတ္တိများသည် တွေ့ကြုံလာနိုင်သည့် အခက်အခဲအတားအဆီးများကို ရင်ဆိုင်နိုင်ရန် ဖြစ်ပါသည်။ လွယ်လွယ်နှင့်လက်မလျှော့ရန် သတ္တိလိုအပ်ပါသည်။ သို့မှသာ မိမိဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်များအတိုင်း မဆုတ်မနစ်လျှောက်လှမ်းနေနိုင်မည်ဖြစ်ပါသည်။

## ပိုမိုကောင်းမွန်သော စိတ်ကူးစိတ်သန်းများ

စိတ်ခွန်အားမြှင့်တင်ရေးတွင် ပိုမိုကောင်းမွန်သော စိတ်ကူးစိတ်သန်းများ ရှာဖွေခြင်းနှင့် အသုံးချခြင်းသည်လည်း လက်ရှိအခက်အခဲများမှ ဖောက်ထွက်နိုင်ရန်နှင့် တိုးတက်သောအခြေအနေ ဖန်တီးရန် အထောက်အကူဖြစ်စေပါသည်။ ပိုမိုကောင်းမွန်သော စိတ်ကူးစိတ်သန်းများဆိုသည်က သူ့အလိုလိုပေါ်ပေါက်လာတတ်သည် မဟုတ်ချေ။ အမြဲတမ်းပြောင်းလဲနေသည့် ဤကမ္ဘာတွင် အကြောင်းအရာအသစ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းဖြင့် အတွေ့အကြုံသစ်များ၊ စိတ်ကူးစိတ်သန်းအသစ်များကို ရရှိစေမည်ဖြစ်သည်။

စာမျက်နှာ ၇ သို့

# အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့လှူဒါန်းသည့် ဆန်နှင့် ဂျုံများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့သည် ယနေ့ နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)သို့ ရောက်ရှိစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့စစ်ဆေးစဉ် အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ဆန်နှင့် ဂျုံများ MIP နှင့် Asia World ဆိပ်ကမ်းများမှ ကွန်တိန်နာများဖြင့် ရောက်ရှိမှု၊ ဆန်အိတ်များကို သိုလှောင်ရုံအတွင်း သိုလှောင်ထားရှိမှုနှင့် မြို့နယ်များသို့ ဖြန့်ဝေပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးက ရှင်းလင်းတင်ပြရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး သိုလှောင်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့ ရောက်ရှိရာ တာဝန်ခံကျောင်းအုပ်က သင်တန်းကျောင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းအနေဖြင့် ပိုမိုထိရောက်ကျယ်ပြန့်စွာ အကျိုးပြုနိုင်ရေးအတွက် မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Resource Center အဖြစ် မြှင့်တင်၍ TOT သင်တန်းများ ပို့ချနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။



ယင်းနောက် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေး ဂေဟာသို့ရောက်ရှိကြပြီး မသန်စွမ်းကလေးများအား ပြုစုစောင့်ရှောက်ပေးနေမှုနှင့် စားသောက်နေထိုင်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မသန်စွမ်းကလေးများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးကြသည်။ (ဓါတ်ပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၌ သင်တန်းကျောင်းခန်းမဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့ ရောက်ရှိရာ တာဝန်ခံကျောင်းအုပ်က ကျောင်း၏ တည်နေရာ၊ အဆောက်အအုံ၊ ဝန်ထမ်းအင်အား၊ ဝင်ဆံ့အင်အားနှင့် လက်ခံစောင့်ရှောက်ထားရှိမှု၊ ကလေးများ အသိပညာ အတတ်ပညာ ဖွံ့ဖြိုးစေရေး ဆောင်ရွက်နေမှု၊ အားသာချက်၊ အားနည်းချက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် အချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များမှာကြားပြီး သင်တန်းကျောင်းအိပ်ဆောင်များအတွင်း လိုက်လံကြည့်ရှုကာ ကလေးငယ်များအား လိမ္မာရေးခြားရှိပြီး အကျိုးပြုနိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းအားပေး ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းနှင့် BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်-ပုသိမ် လမ်းပိုင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြစ်ကူးတံတား တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ Project Consultant နှင့် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က စီမံကိန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများသတ်မှတ်ချိန် အချိန်မီပြီးစီးရေးနှင့်စံချိန်စံညွှန်းပြည့်မီရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး Streel Anchor Frame များ ရောက်ရှိမှု၊ PC Box Grider များ ထုတ်လုပ်ထားမှုနှင့် Steel Jetty တည်ဆောက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် Oriental Highway Company က BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင်(၅/၄ မှ ၁၇/၄)အထိ ၁၂ မိုင် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လှိုင်သာယာတိုးလ်ဂိတ်နှင့် ထန်းတပင်တိုးလ်ဂိတ်သို့ ရောက်ရှိပြီး ယာဉ်ဖြတ်သန်းမှု၊ လမ်းအသုံးပြုခ ကောက်ခံမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ကန့်ဘလူမြို့နယ်၌ သင်ရိုးသစ် Grade 5 ဗဟိုအဆင့် နည်းပြသင်တန်း အွန်လိုင်းဖြင့် သင်ကြား

**ကန့်ဘလူ ဧပြီ ၂၄**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်ရိုးသစ် Grade 5 ဗဟိုအဆင့်နည်းပြ Training Of Trainor(TOT) အွန်လိုင်း သင်တန်း ပဉ္စမနေ့ လူမှုရေးဘာသာရပ်ကို ဧပြီ ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်( ၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆက်လက်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဆရာ ဆရာမများက သင်ရိုးသစ် Grade 5 လူမှုရေးဘာသာရပ်နှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများအား လက်တွေ့သင်ကြားရမည့်အချက်များကို ဆွေးနွေးပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းသို့ ကန့်ဘလူမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမ စုစုပေါင်း ၁၀၄ ဦး တက်ရောက်သင်ယူလျက်ရှိပြီး ဘာသာရပ်သင်ဆရာ ဆရာမများအား ပြန်လည်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

■ စာမျက်နှာ ၆ မှ

## လက်ရှိအချိန်ကို အကျိုးရှိရှိအသုံးချ

စိတ်ခွန်အားပြောင်းလဲခြင်းသည် လူတိုင်းအတွက် အသုံးဝင်သောအလေ့အကျင့်တစ်ခု ဖြစ်ပါသည်။ ဘဝတိုးတက်အောင်မြင်လိုသူများအတွက်သာမက ဘဝအခက်အခဲများနှင့် ရင်ဆိုင်နေရသူများအတွက်လည်း လိုအပ်ပါသည်။ အောင်မြင်မှုလမ်းစများ၊ အခွင့်အလမ်းများနှင့် ကံကောင်းခြင်းများဆိုသည်က မိမိထံသို့ သူ့အလိုလို ရောက်လာသည်မဟုတ်ဘဲ ကိုယ်တိုင်လုပ်ကိုင်ဖန်တီးယူကြရပါသည်။ ထိုသို့ဖန်တီးယူရန် အကောင်းဆုံးအချိန်သည် ယခုအချိန်ပင် ဖြစ်ပါသည်။

သက်သောင့်သက်သာ အခြေအနေတွင် ရောက်ရှိနေသည်ဖြစ်စေ၊ အခက်အခဲ အကျပ်အတည်းများအတွင်း ရောက်ရှိနေသည်ဖြစ်စေ၊ မျှော်လင့်ချက်များ ဝေဝါးနေချိန်တွင်ဖြစ်စေ မိမိကိုယ်မိမိ စိတ်ခွန်အားမြှင့်တင်၍ ကြိုးစားကြရမည်ဖြစ်ပါသည်။ တစ်ဆင့်အောင်မြင်လေ မိမိရည်မှန်းချက်နှင့် တစ်ဆင့်နီးလေ ဖြစ်ပါသည်။ အခက်အခဲအတားအဆီးများကိုကြောက်ရွံ့၍ အချိန်ဆွဲနေခြင်းကြောင့် မည်သည့်အချိန်တွင်မှ ရှေ့သို့ရောက်တော့မည် မဟုတ်ချေ။

သို့ဖြစ်ရာ အချိန်တိုင်းသည် မိမိအတွက် တန်ဖိုးရှိသောအရာ ဖြစ်နေပါလိမ့်မည်။ အချိန်ဆိုသည်မှာ ဘဏ်ထဲရှိငွေနှင့်တူသည်ဟု ဆိုပါ သည်။ ဘဏ်ထဲရှိ ထိုငွေသည် အကန့်အသတ်မဲ့ မဟုတ်။ မိမိသုံးဖြုန်းလျှင် သုံးဖြုန်းသလောက် ကုန်ဆုံးနေမည်ဖြစ်သည်။ တိုးပွားလာမည်မဟုတ်။ အချိန်ကုန်၍ အကျိုးမဲ့နေမည်ဖြစ်သည်။ အချိန်တိုင်းကို အကျိုးရှိရှိ အသုံးပြုမှသာ အောင်မြင်သော ဘဝတစ်ခုကို ဖန်တီးယူနိုင်မည် ဖြစ်ပေသည်။

## အောင်မြင်မှုလျှို့ဝှက်ချက်

အောင်မြင်မှုသည် နတ်ရေကန်အတွင်းပစ်ချသကဲ့သို့ နေ့ချင်းညချင်း ဖြစ်လာသည်တော့ မဟုတ်ပါ။ လူအများစုသည် ယင်းအောင်မြင်နေသူများ၏ ကြီးကျယ်ခမ်းနားမှု၊ ပျော်ရွှင်မှု၊ ကြွယ်ဝချမ်းသာမှု၊ ကောင်းမွန်သော အလုပ်အကိုင်ကဲ့သို့သော အောင်မြင်မှုများကိုသာ တစ်ခဏအတွင်း မြင်တွေ့တတ်ကြသော်လည်း ယင်းအောင်မြင်မှုများနောက်ကွယ်မှ အရင်းခံအကြောင်းတရားများကို ကျော်သွားတတ်ကြပါသည်။

ထိုအရင်းခံအကြောင်းတရားများကို ကြည့်ရှုမှသာ အောင်မြင်မှု၏ လျှို့ဝှက်ချက်များကို မြင်တွေ့နိုင်မည်ဖြစ်သည်။ အခြားတစ်ဖက်တွင် အောင်မြင်မှုလျှို့ဝှက်ချက်များ မည်မျှပင်သိရှိစေကာမူ ယင်းလျှို့ဝှက်ချက်များကို ကျင့်ကြံကြိုးစားအားထုတ်မှုနှင့် ရေရှည်လုပ်ဆောင်နိုင်စွမ်းတို့ မပါဝင်ပါက မြင်သာမြင်၊ သိသာသိ၍ ရှေ့မရောက်သော သူကဲ့သို့ ဖြစ်နိုင်ပါသည်။

စိတ်ခွန်အားများမြှင့်တင်ရာတွင်လည်း အသိနှင့်လက်တွေ့ပေါင်းစပ်မှ ထိရောက်သော အကျိုးကျေးဇူးခံစားနိုင်မည် ဖြစ်ပါသည်။ ။

❂ ဝါးလက်မှုထုတ်ကုန်မှ

မစန်းသီတာနေထိုင်ရာ ကော့မှူးမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝါးအများအပြား ပေါက်ရောက်ရာ၊ ဝါးစိုက်ကေအများဆုံးမြို့နယ်များ စာရင်း၌ တစ်ခုအပါအဝင်ဖြစ်ရာ ကျေးရွာများ အတွင်းရှိ ဒေသခံအများစုသည် ဝါးကို အခြေခံသော လက်မှုလုပ်ငန်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ မိသားစုလိုက်သော်လည်းကောင်း တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြသည်။

**တစ်ပိုင်တစ်နိုင်**

"ဒီမှာက လက်ခစားတော့မရှိဘူး။ အိမ်မှာ တစ်ပိုင်တစ်နိုင် မိသားစုလုပ်ကြတာပဲ။ တစ်ယောက်ရှိလည်းတစ်ယောက် နိုင်သလောက်ပါ။ အခြားရွာတွေကတော့ ဗန်းရက်တယ်။ ဆန်ကော၊ ဆန်ခါရက်တယ်။ ကျောက်ပျဉ်အုပ်ကလေးတွေ လုပ်တယ်။ ကျွန်မတို့ လက်ခိုက်တစ်ပိုင်ကတော့ ဒီပခြုပ် တစ်မျိုးပဲလုပ်တာပါ" ဟု မစန်းသီတာက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ၏ လူနေမှုဘဝများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပွင့်လန်းလာစေရန် "ကျေးရွာတစ်ရွာ ထုတ်ကုန် တစ်ခု စီမံချက်" ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း စသည့် ခရိုင် သုံးခုတွင် စတင်အကောင်အထည်ဖော်လျက်ရှိရာတွင် ကော့မှူးမြို့နယ်အတွက် ဝါးအခြေခံလက်မှုထုတ်ကုန်၊ တိုက်ကြီးမြို့နယ်အတွက် ဘောလယ်ငါးပိနှင့် မှော်ဘီမြို့နယ်အတွက် တံမြက်စည်း စသဖြင့် သတ်မှတ်ကာ စီမံချက် အောင်မြင်ရေးအတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။

**အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာမယ်**

"ကျေးရွာ တစ်ရွာ ထုတ်ကုန်တစ်ခု စီမံချက်က ခရီးသွား လုပ်ငန်းတွေ ပြန်ပြီး ဦးမော့လာတာနဲ့ ကိုယ့်ဒေသကထွက်တဲ့ ကုန်နဲ့ ဈေးကွက်တွေရလာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေလည်းရလာမယ်။ ဈေးကွက်လည်း ကျယ်ပြန့်သွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ပြောသည်။

ထို့ပြင် ကော့မှူးမြို့နယ်၏ ဝါးလက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးနှင့် ဝါးလက်မှုပစ္စည်းများ တွင်တွင်ကျယ်ကျယ် ရောင်းချနိုင်ရေးအတွက် လိုအပ်သည့် မတည်ရင်းနှီးငွေများကို ဦးစီးဌာနအဆင့်ဆင့်မှ သတ်မှတ်ထားသော အတိုးနှုန်းဖြင့် ပံ့ပိုးပေးနိုင်ရန်၊ သမဝါယမ အသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် ကော့မှူးမြို့နယ်အတွင်းရှိ ဘုရားလမ်းရပ်ကွက် လက်ခိုက်ကျေးရွာ၊ တောင်ချောင်ကျေးရွာ၊ မြောက်ချောင်ကျေးရွာ၊ ကညင်ငူကျေးရွာ စသည့် ရပ်ကွက်၊ ကျေးရွာတို့မှ ဝါးလက်မှုလုပ်ငန်းလုပ်ကိုင်သူ၊ လုပ်ငန်းတူ၊ ဆန္ဒတူ၊ စိတ်တူကိုယ်တူ အသင်းသားဦးရေ ၁၅ ဦးဖြင့် ဝါးအခြေခံလက်မှုလုပ်ငန်း သမဝါယမအသင်းကို ဖွဲ့စည်းထားရှိသည်။

အဆိုပါအသင်းမှ ဝါးလက်မှုလုပ်ငန်းလုပ်ကိုင်ရာတွင် ဈေးကွက်တွင် အမြင်လှပြီး အရည်အသွေးမီသည့် ဆန်းသစ်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ကော့မှူးမြို့နယ်အတွင်းရှိ အသင်းသားများ၏ နည်းပညာ အားနည်းချက်များကို အသေးစား စက်မှုလုပ်ငန်းဦးစီးဌာန၏ အကူအညီဖြင့် သင်တန်းများပို့ချပေးသည့်အပြင် အသင်းသားများ ပြုလုပ်ပြီးစီးသည့် ဝါးလက်မှုပစ္စည်းများအား ပေါက်ဈေးပေး၍ ပြန်လည်ဝယ်ယူခြင်း၊ ဈေးကွက် ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ဝယ်ယူပံ့ပိုးပေးထား**

ကော့မှူးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစုထွေးက "ဝါးလက်မှု အထည်တွေရဲ့ အရည်အသွေးနဲ့ ထုတ်ကုန်လှပကောင်းမွန်အောင် ဆန်းသစ်တဲ့ ဒီဇိုင်းတွေထုတ်လုပ်နိုင်အောင် နည်းပညာသင်တန်းတွေ ဖွင့်လှစ်ပေးဖို့ရှိပါတယ်။ သမဝါယမစနစ်အနေနဲ့ ငွေကြေးပံ့ပိုးမှုကိုတော့ ယခုလက်ရှိ ထုတ်ကုန်တွေ ထုတ်လုပ်ရာမှာ လိုအပ်တဲ့ လက်မှု၊ စက်မှု ပစ္စည်းလေးတွေကို ဝယ်ယူပံ့ပိုးပေးထားပါတယ်"ဟု ပြောသည်။

၎င်းကဆက်လက်၍ "ဈေးကွက်အနေအထားကတော့ ယခုလက်ရှိ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ မိုးဦးပန်း ဒေသထွက်ကုန် အရောင်းဆိုင်နဲ့ အခြားမြို့နယ်များရှိ ဒေသထွက်ကုန် အရောင်းဆိုင်တွေကို ပေးပို့ဖြန့်ဖြူးထားပါတယ်။ ပြည်နယ်/တိုင်းဒေသကြီးတွေကိုလည်း ချိတ်ဆက်ဖြန့်ဖြူးရောင်းချဖို့ရှိပါတယ်"ဟု ပြောသည်။

**ထုတ်လုပ်လာ**

လက်ရှိအချိန်တွင် ကော့မှူးမြို့နယ် ကျေးရွာများမှ မိရိုးဖလာ ရက်လုပ်သည့် ဆန်ကော၊ ဆန်ခါနှင့် လူအသုံးအဆောင် ဝါးလက်မှုပစ္စည်းများအပြင် ခေတ်မီဆန်းသစ်စွာဖြင့် အနုစိတ်ဖန်တီးထားသည့် ဆပ်ပြာခွက်များ၊ ဖုန်းတင်စင်များ၊ တစ်ရှူးဘောက်များ၊ တိုင်ကပ်နာရီများ၊ ကော်ဖီခွက်များ၊ အလှပန်းအိုးများ၊ လင်ဗန်းများ၊ ပခြုပ်မျိုးစုံဖြစ်သည့် လက်ကိုင်အိတ်၊ ဖုန်းထည့်အိတ်၊ သကၠန်းဘူးပုံစံ ဘူးကလေးများ၊ ပန်းအလှခြင်းများ၊ လက်ဆွဲခြင်းများကိုပါ ထုတ်လုပ်လာပြီဖြစ်သည်။

**ပံ့ပိုးပေးဖို့ အသင့်**

ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က "ကော့မှူးက ဝါးနဲ့လုပ်တဲ့ လက်မှုပစ္စည်းလေးတွေက ဈေးကွက်တင်ရောင်းတဲ့အခါမှာ ဝယ်သူတွေ ကြိုက်တာတွေ့ရတယ်။ စမ်းသပ်ကာလဖြစ်တဲ့အတွက် ရောင်းရတယ်ပြောရမယ်။ ၂၀၂၂-၂၀၂၃ မှာလည်း အခြေအနေပေးတဲ့ ကုန်ပစ္စည်းတွေကို မြို့နယ်တိုင်းကထွက်တဲ့ ကုန်တွေကို ရှာဖွေပြီး ဈေးကွက်မြှင့်တင်ပေးမှာဖြစ်ပါတယ်။ ဒီလိုဒေသထွက်ကုန်လေးတွေလုပ်ချင်တယ်ဆိုရင် သမဝါယမအနေနဲ့ ပံ့ပိုးပေးဖို့အသင့်ပါ" ဟု ပြောသည်။

မြန်မာနိုင်ငံအနှံ့ရှိ တောင်ပေါ်၊ မြေပြန့် ကျေးလက်ဒေသ လူမှုဝန်းကျင်တွင် ဝါးကိုအသုံးပြု၍ လူနေတဲအိမ်လေးများ၊ ခြံစည်းရိုး၊ တံတားများ၊ လှည်းပေါင်းမိုးများ ဆောက်လုပ်ကြသည့်အပြင် ဆန်ကော၊ ဆန်ခါ၊ ခြင်းတောင်း၊ ပလုံး၊ ယောက်မ၊ ကွမ်းအစ်၊ ရေခွက်၊ ရေကျည်တောက်၊ ဦးထုပ်၊ စုဘူး၊ ခမောက်၊ တောင်ဝှေး၊ ကုလားထိုင်၊ စားပွဲနှင့် မြန်မာ့ရိုးရာ အနုပညာလက်ရာများဖြစ်သည့် ပလွေ၊ ပတ္တလား၊ ဝါးလက်ခုပ်၊ ယွန်းထည်ပစ္စည်းအမျိုးမျိုး သာမက အခြားသော ဝါးနှင့်မကင်းသည့် အသုံးအဆောင်ပစ္စည်းများသည်လည်း အမျိုးအမည်များစွာ ကျန်ရှိနေသေးသည်။

မိမိနေထိုင်ရာဒေသကို မိမိတို့၏ ဒေသထွက်ကုန်၊ ထုတ်ကုန်များနှင့်အတူ ယှဉ်တွဲကာ လူသိများထင်ရှားစေပြီး အိမ်တွင်းစီးပွားမှသည် ဒေသတစ်ခုစီးပွားရေး၊ ထိုမှသည် နိုင်ငံ့စီးပွားမြင့်မားရေးကိုပါ အထောက်အကူပြုလာစေမည့် "ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုစီမံချက်" နှင့် ပတ်သက်၍ ဝါးပခြုပ်လေးများရက်လုပ်သူ ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာမှ မစန်းသီတာက "ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု လုပ်တဲ့အခါကျတော့ ကိုယ့်ရွာအတွက်ရော ကိုယ့်အတွက်ပါ ထွန်းထွန်းပေါက်ပေါက်လုပ်ချင်တဲ့ စိတ်ရှိတော့ခုနောက်ပိုင်း ဒီဇိုင်းဆန်းလေးတွေပါ စမ်းပြီးလုပ်ကြည့်တယ်၊ ဆေးခြယ်တာကစလို့ပေါ့။ လုပ်ငန်းတွင်ကျယ်ရင် တွင်ကျယ်လာသလို ကိုယ့်စီးပွား ဝင်ငွေလေးလည်း ဖြောင့်လာမှာပဲလေ" ဟု စကားဆိုခဲ့သည်။

**မိရိုးဖလာ လက်မှုပညာ**

ရှေးယခင်ကတည်းကပင် ဝါးကို ခွဲခြမ်းစိတ်ဖြာ၍ လည်းကောင်း၊ အလုံးလိုက်သော်လည်းကောင်း နေရာစုံ ကဏ္ဍစုံ အသုံးပြုခဲ့ကြသည်ဖြစ်ရာ ဝါးနှင့် ပတ်သက်သော မိရိုးဖလာ လက်မှုပညာသည် ကျေးလက်နေပြည်သူတို့အတွက် စိမ်းလှသည့် ပညာရပ်ကား မဟုတ်ပေ။

ဝါးကို အိမ်နီးချင်းနိုင်ငံများတွင် အိမ်ဆောက်ပစ္စည်းအဖြစ်သာမက ဝါးမှတစ်ဆင့် ရိုးရာလက်မှုပစ္စည်းများ၊ ခေတ်မီ လူ့အသုံးအဆောင်ပစ္စည်းများအဖြစ် အဆင့်မြှင့်တင် ထုတ်လုပ်လာကြသလို မြန်မာနိုင်ငံတွင်လည်း ဝါးနှင့် ပတ်သက်သော ကုန်ချော၊ ကုန်ကြမ်းနှင့် ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ပြီး ဈေးကွက်ရရှိရေး၊ လက်မှုပညာနှင့် ပတ်သက်၍ ပြည်ပသို့ ထိုးဖောက်နိုင်ရေး၊ ခရီးသွားဧည့်သည်များ ဆွဲဆောင်နိုင်ရေးတို့အတွက် အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များက ကြိုးပမ်းဆောင်ရွက်နေကြသည်ကို မြင်တွေ့ကြားသိနေရသည်။

**တိုးတက်မြင့်မားလာမည်**

ကျေးလက်ဒေသများတွင် သဘာဝအတိုင်း ပေါက်လေ့ရှိပြီး စိုက်ပျိုးသည့်အခါတွင်လည်း လွယ်လင့်တကူ စိုက်ပျိုးနိုင်သည့် ဝါးပင်မှတစ်ဆင့် ခေတ်မီဆန်းသစ်သော၊ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဝါးလက်မှု ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် စွမ်းဆောင်လာခြင်းဖြင့် ဒေသတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။ ။

**သတင်းဆောင်းပါး - နဒီမင်း**
**ဓာတ်ပုံ - နေဇော်**





❒ ရှေ့ဖုံးမှ

အဆိုပါ အခြေခံပညာအဆင့် စာမေးပွဲများအနက် Grade-9 စာမေးပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ စစ်ဆေးခဲ့ပြီး ယနေ့တွင် အခြေခံပညာအဆင့် Grade 1 (ပထမတန်း)မှ Grade-10(နဝမတန်း)အထိ စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ခြင်းဖြစ်ရာ အခြေခံပညာကျောင်းအသီးသီး၌လည်း စာမေးပွဲအောင်စာရင်း စာရွက်များကို ကြော်ငြာဘုတ်များဖြင့် ကပ်ပေးထားကြောင်း သိရသည်။

**ပြောင်းလဲသင်ကြားပေးသွားမည်**

လာမည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများကို မူလတန်းအဆင့် Grade-5 ကို သင်ရိုးသစ်အဖြစ် လည်းကောင်း၊ အလယ်တန်းအဆင့် Grade-8 ကို သင်ရိုးသစ်အဖြစ်လည်းကောင်း၊ အထက်တန်းအဆင့်တွင် Grade-11 ကို သင်ရိုးသစ်အဖြစ်လည်းကောင်း ပြောင်းလဲသင်ကြားပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် မူလတန်းအဆင့် Grade-5 ကို သင်ရိုးသစ်အဖြစ် ပြောင်းလဲသင်ကြားပေးနိုင်ရန် ဆရာ ဆရာမများကို ဗဟိုအဆင့် နည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ



## အိမ်မဲ

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း အခြေခံပညာကျောင်းအသီးသီးတွင် ၂၀၂၁-၂၀၂၂ ပညာသင် နှစ်အတွက် KG တန်းမှ Grade-10 အထိ အောင်စာရင်းများကို ယနေ့နံနက် ၆ နာရီတွင် ထုတ်ပြန်ထားရှိကြောင်း သိရသည်။

အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများ အဆင်ပြေချောမွေ့စွာ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**

---

## ကျောက်ဆည်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ယနေ့နံနက်ပိုင်းက ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် နှစ်ဆုံးစာမေးပွဲဖြေဆိုအောင်မြင်သူ စာရင်းများကို သက်ဆိုင်ရာကျောင်းများ၌ ထုတ်ပြန်ထားကြောင်းနှင့် အောင်မြင်သူစုစုပေါင်း ၂၇၂၅၃ ဦးရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်းခွဲ၊ မူလတန်းကျောင်း၊ မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်း-ခွဲ၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းခွဲနှင့် အထက်တန်းကျောင်း စုစုပေါင်း ၁၈၆ ကျောင်းနှင့် ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၆ ကျောင်းရှိရာ အောင်မြင်သူစုစုပေါင်း ၂၇၂၅၃ ဦးရှိကြောင်း သိရသည်။

**သက်မောင်**

---

## ရန်ကုန်

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အောင်စာရင်းများကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအလိုက် မြို့နယ်ပညာရေးမှူးရုံး၏ ကြီးကြပ်မှုဖြင့် ထုတ်ပြန်ကြေညာသည်။

သာကေတမြို့နယ်တွင် အထက်တန်း ကျောင်း၊ အလယ်တန်းကျောင်း၊ အလယ်တန်း(ခွဲ) ကျောင်းမူလတန်းကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်းနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းစုစုပေါင်း ၇၁ ကျောင်းရှိရာ ၂၀၂၁- ၂၀၂၂ ပညာသင်နှစ်တွင် စာမေးပွဲဝင်ရောက်ဖြေဆိုသူကျောင်းသား ကျောင်းသူ ၆၄၇၂ ဦးရှိရာ အောင်မြင်သူ ၆၄၇၂ ဦးရှိကြောင်း သိရသည်။

ကျောင်းအလိုက် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများက လာရောက်ကြည့်ရှုလျက်ရှိပြီး အဆင်ပြေချောမွေ့စွာ ကြည့်ရှုနိုင်ရေးအတွက် ဆရာ ဆရာမများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



## ထန်းတပင်

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ၏ ကျောင်းတွင်းစစ်စာမေးပွဲအောင်စာရင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ သက်ဆိုင်ရာ အခြေခံပညာကျောင်းများအလိုက် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အခြေခံပညာကျောင်းများ၏ ကျောင်းတွင်းစစ်စာမေးပွဲအောင်စာရင်းကို သက်ဆိုင်ရာကျောင်းများအလိုက် ထုတ်ပြန်ကြေညာရာတွင်လည်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိဘများ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်း အခြေခံပညာကျောင်း ၁၄၉ ကျောင်း၊ ကိုယ်ပိုင်ကျောင်းလေးကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်းရှိပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံမှုများကိုလည်း မေ ၂၅ ရက်မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**




---

## ဇေယျာသီရိ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံပညာကျောင်း ၅၇ ကျောင်းရှိ ကျောင်းတွင်းစစ်စာမေးပွဲများမှ အတန်းလိုက်စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းမှစ၍ သက်ဆိုင်ရာကျောင်းများအလိုက် အောင်စာရင်းထုတ်ပြန်၍ ကျောင်း၏ ကြော်ငြာသင်ပုန်းတွင် ကပ်ထားကြေညာထားရာ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသားများ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ရာတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် သင်ရိုးသစ် KG တန်းမှစ၍ Grade-10 တန်းအထိ အတန်းလိုက် အောင်စာရင်းများကို ဧပြီ ၂၄ ရက်မှ ၂၆ အထိ သုံးရက်အကြာ ကပ်ထားကြေညာပေးထားမည်ဖြစ်ပြီး မေ ၂၅ ရက်မှစတင်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## ဟိုပန်

ရှမ်းပြည်နယ် (မြောက်ပိုင်း) “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းတွင်းစစ်စာမေးပွဲများ၏ အောင်စာရင်းများကို ယနေ့နံနက် ၆ နာရီကစတင်၍ ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းတွင်းစစ်စာမေးပွဲများ အောင်စာရင်းကို ဟိုပန်မြို့နယ်အတွင်းရှိ အထက သုံးကျောင်း၊ အထက (ခွဲ)နှစ်ကျောင်း၊ အလက တစ်ကျောင်း၊ မူလွန် ရှစ်ကျောင်း၊ အမက ၂၃ ကျောင်း၊ အမက(ခွဲ)သုံးကျောင်းနှင့် ဘုန်းတော်ကြီးပညာသင်ကျောင်း တစ်ကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၄၁ ကျောင်းတွင် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အဆိုပါ ကျောင်းတွင်းစစ်စာမေးပွဲအောင်စာရင်းများသည် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွင်း သင်ကြားခဲ့သည့် သင်ရိုးသစ် KG တန်းမှ Grade-10 တန်းအထိ အတန်းလိုက်အောင်စာရင်းများဖြစ်ပြီး ဟိုပန်မြို့နယ်ရှိ မိဘပြည်သူ၊ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြောင်းမြ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း အခြေခံပညာကျောင်းအသီးသီးတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် KG တန်းမှ Grade -10 အထိ အောင်စာရင်းများကို ယနေ့နံနက် ၆ နာရီတွင် ထုတ်ပြန်ထားရှိကြောင်း သိရသည်။

မြောင်းမြမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ၁၉ ကျောင်း၊ အထက်တန်း (ခွဲ)ကျောင်း ၁၇ ကျောင်း၊ အလယ်တန်းကျောင်း ၁၉ ကျောင်း၊ အလယ်တန်း(ခွဲ)ကျောင်း ၃၃ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၉ ကျောင်း၊ မူလတန်းကျောင်း ၂၀၂ ကျောင်း၊ မူလတန်း(ခွဲ)ကျောင်း ၁၂ ကျောင်း စုစုပေါင်း ၃၃၁ ကျောင်းရှိကြောင်း သိရသည်။ မြောင်းမြမြို့တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများအပါအဝင် ဖြေဆိုသူစုစုပေါင်း ၃၄၆၀၇ ဦးတွင် အောင်မြင်သူ ၃၄၆၀၆ ဦးရှိရာ အောင်ချက်ရာခိုင်နှုန်း ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**မြောင်းမြခရိုင်(ပြန်/ဆက်)**

---

## ပဲခူး

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် မတ်လအတွင်း ဖြေဆိုခဲ့သည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် Grade-5 မှ Grade-10 အထိ စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက် ၆နာရီကစတင်၍ ထုတ်ပြန်ကြေညာထားရာ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများက အေးချမ်းပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

## ပျဉ်းမနား

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ (၂၀၂၁-၂၀၂၂) ပညာသင်နှစ်အတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံပညာကျောင်းများတွင် ကျောင်းတွင်းစစ်စာမေးပွဲများမှ အတန်းလိုက်စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းမှစ၍ သက်ဆိုင်ရာကျောင်းများအလိုက် အောင်စာရင်းထုတ်ပြန်၍ ကျောင်း၏ကြော်ငြာသင်ပုန်းတွင် ကပ်ထားကြေညာထားရာ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ရာတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် သင်ရိုးသစ် KG တန်းမှစ၍ Grade-10 တန်းအထိ အတန်းလိုက်အောင်စာရင်းများကို ဧပြီ ၂၄ ရက်မှ ၂၆ အထိ သုံးရက်အကြာ ကပ်ထားကြေညာပေးထားမည်ဖြစ်ပြီး မေ ၂၅ ရက်မှစတင်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံ့ဝန်ထမ်းနှင့် သစ္စာအဓိဋ္ဌာန်

## အငြိမ်းစားဝန်ထမ်းဟောင်းတစ်ဦး (UCSB)

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးကို တည်ဆောက်ရာ၌ နိုင်ငံတော်၏အုပ်ချုပ်ရေး ယန္တရားကို အဓိကမောင်းနှင်နေသော နိုင်ငံ့ဝန်ထမ်းများ၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှပါသည်။

### နိုင်ငံလူဦးရေ၏ နှစ်ရာခိုင်နှုန်း

နိုင်ငံလူဦးရေ၏ နှစ်ရာခိုင်နှုန်း နီးပါးရှိသော နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းခွင်အကြိုသင်တန်းများပေးခြင်း၊ လုပ်ငန်းခွင်အတွင်း စွမ်းရည်မြှင့်သင်တန်းများပေးခြင်းအပြင် ရာထူးအဆင့်အလိုက် လေ့ကျင့်သင်တန်းပေးခြင်း စသည်တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို သစ္စာရှိစွာထမ်းဆောင်သော နိုင်ငံ့ဝန်ထမ်းများ ပေါ်ထွန်းလာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် ဖြည့်ဆည်းပေးလျက်ရှိကြောင်း တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ သို့သော် ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံ၏ နိုင်ငံရေးအလှည့်အပြောင်းတွင် နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် Civil Disobedience Movement (CDM)တွင် ပါဝင်ခြင်းသည် နိုင်ငံ့ဝန်ထမ်း တစ်ဦးတစ်ယောက်ချင်းစီ၏ ပုဂ္ဂလိကလူမှုဘဝတွင်သာမက အဖွဲ့အစည်းနှင့် နိုင်ငံတော်အတွက် ကြီးမားသောဆုံးရှုံးမှုတစ်ရပ်ဖြစ်ခဲ့ပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းကဏ္ဍရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းစဉ်များဖြစ်သည့် ပြန်တမ်းဝင်အရာရှိအဆင့် ဝန်ထမ်းများအား ရွေးချယ်ပေးခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ ဝန်ထမ်းဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းပေးခြင်းနှင့် ဝန်ထမ်းရေးရာဆိုင်ရာ ကိစ္စရပ်များကို သဘောထားမှတ်ချက်ပြန်ကြားခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအား စိတ်ဓာတ်ခံယူချက်ကောင်းများ ရရှိစေရေး လေ့ကျင့်ပျိုးထောင်ပေးခြင်းကို ဆောင်ရွက်ရန် သမိုင်းပေးတာဝန်ဖြစ်ကြောင်း အဖွဲ့၏ဖွဲ့စည်းမှုသမိုင်းကြောင်းကို လေ့လာကြည့်ပါက ထင်ရှားစွာတွေ့မြင်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရာထူးဝန်အဖွဲ့ကို လွတ်လပ်ရေးမရမီ ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့ပြီး ယင်းကာလ၌ ရွေးချယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးချယ်ရေးဆိုင်ရာ စည်းမျဉ်းများနှင့် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်များကို အဓိကထား ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၁ ပါ ပြဋ္ဌာန်းချက်အရ ရာထူးဝန်အဖွဲ့အက်ဥပဒေကို ၁၉၅၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ထိုအက်ဥပဒေအရ ရာထူးဝန်အဖွဲ့၏ တာဝန်သတ်မှတ်ချက် အနေအထားတို့ကို ကြည့်လျှင် ရာထူးဝန်အဖွဲ့သည် ဝန်ထမ်းများအား ရွေးချယ်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းနှင့် ဝန်ထမ်းအဖွဲ့ကူးပြောင်းခြင်း၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ဌာနအဖွဲ့အစည်းများကို ပံ့ပိုးဆောင်ရွက်ရန်နှင့်အစိုးရအား အကြံပေးရန် ဖွဲ့စည်းထားသောအဖွဲ့ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

ဤသို့ ဖွဲ့စည်းထားခြင်းမှာ နိုင်ငံရေးပါတီစုံရှိသော ပါလီမန်စနစ်တွင် ဝန်ထမ်းများ ဘက်မလိုက်ရန်၊ နိုင်ငံရေးပါတီများက ဝန်ထမ်းရေးရာကိစ္စများတွင် စွက်ဖက်ခြင်းမပြုနိုင်ရန်နှင့် ဝန်ထမ်းအဖွဲ့အစည်းများသည် နိုင်ငံရေးအရ ဘက်မလိုက်သည့် ဝန်ထမ်းအဖွဲ့အစည်းများအဖြစ် ရပ်တည်နိုင်ရန် ဖြစ်ပါသည်။

### ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

ခေတ်စနစ်များ ပြောင်းလဲခဲ့သည်နှင့်အညီ ရာထူးဝန်အဖွဲ့၏ ဖွဲ့စည်းမှုပုံစံများ ပြောင်းလဲလာသကဲ့သို့ ဦးတည်ချက်များ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာလည်း တိုးတက်ပြောင်းလဲလာခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းခဲ့သော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် အရည်အချင်းပြည့်ဝသော နိုင်ငံ့ဝန်ထမ်းကောင်းများ ရရှိရန်အတွက် ရွေးချယ်ရေးလုပ်ငန်းကိုသာမက ရွေးချယ်ပြီးသော ဝန်ထမ်းများအား အခြေခံလေ့ကျင့်ပညာပေးရေးလုပ်ငန်းတာဝန်ကိုယူရသည့် အနေအထားသို့ ရောက်ရှိလာခဲ့ပါသည်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥပဒေကို ၁၉၇၇ ခုနှစ်တွင် ပြည်သူ့လွှတ်တော်ဥပဒေ (၄) အဖြစ် ပြဋ္ဌာန်းခဲ့ပြီး အဖွဲ့သည် နိုင်ငံတော်ကောင်စီ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်သို့ ရောက်ရှိခဲ့ပါသည်။

အဆိုပါပြဋ္ဌာန်းချက်များကို လေ့လာလျှင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်တွင် အဓိကအချက်လေးချက် ပါဝင်သည်ကို တွေ့ရှိရပါသည်။ ယင်းတို့မှာ ဆိုရှယ်လစ်ဒီမိုကရေစီယန္တရား ပီပြင်စွာ အကောင်အထည်ဖော်ရေးတွင် ပါဝင်ရန်၊ ထိုယန္တရားအတွင်း ဝန်ထမ်းအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းနိုင်ရေးအတွက် အထောက်အကူပြုရန်၊ ဝန်ထမ်းအဖွဲ့အစည်းများတွင် လိုအပ်သည့် ဝန်ထမ်းများကို ရွေးချယ်ပေးရန်နှင့် လေ့ကျင့်ပေးရန်၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒနှင့် စံနှုန်းများချမှတ်ရေးတွင် နိုင်ငံတော်ကောင်စီအား အထောက်အကူပြုရန်တို့ ဖြစ်ကြပါသည်။

ထိုရည်ရွယ်ချက်များကို အထောက်အကူပြုသော နိုင်ငံ့ဝန်ထမ်းများ ပေါ်ထွန်းလာစေရန် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းအား ၁၉၇၇ ခုနှစ် မေလတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်၍ ဖွဲ့စည်းခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရန်အလို့ငှာ ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် တက်ရောက်သော နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်များကို ရွတ်ဆိုစေခဲ့ပါသည်။ နိုင်ငံတော်ကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ ၁၉၇၉ - ၁၉၈၀ လေ့ကျင့်ရေးနှစ်မှစတင်၍ ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် ဝန်ထမ်းသင်တန်းသားများအား ပြည်သူ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်လေးချက်ကိုစတင်၍ ရွတ်ဆိုစေခဲ့ပြီး ယင်းသစ္စာအဓိဋ္ဌာန် လေးချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ငါတို့သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ ဆိုရှယ်လစ်လူ့ဘောင်ကို တည်ဆောက်မည်။

(ခ) ငါတို့သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ ဆိုရှယ်လစ်ဒီမိုကရေစီလူမှုကိစ္စများကို တည်ဆောက်မည်။

(ဂ) ငါတို့သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မည်။

(ဃ) ငါတို့သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်၏ ရန်သူဟူသမျှကို တိုက်ဖျက်နေမည်။

### ဆိုရှယ်လစ်လမ်းစဉ်ပါ မူဝါဒများ

ထို့နောက် ၁၉၈၇-၁၉၈၈ လေ့ကျင့်ရေးနှစ်မှစတင်၍ နိုင်ငံတော်ကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ ဝန်ထမ်းများအနေဖြင့် ယင်းကာလတွင် ဆိုရှယ်လစ်လမ်းစဉ်ပါ မူဝါဒများ အားကောင်းစေရေး အထောက်အကူပြု၍ ဆောင်ရွက်ခြင်းထက် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကိုသာ အစဉ်ရှေးရှု၍ ဆောင်ရွက်ကြရမည်ဟူသော မူဝါဒသို့ပြောင်းလဲခဲ့ပြီး ပြည်သူ့ဝန်ထမ်းများ၏ သစ္စာအဓိဋ္ဌာန်သုံးချက်ကို အောက်ပါအတိုင်း ပြောင်းလဲသတ်မှတ်ခဲ့ပါသည်-

(က) ကျွန်ုပ်တို့သည် နိုင်ငံတော်နှင့် ပြည်သူတို့၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါမည်။

(ခ) ကျွန်ုပ်တို့သည် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားကို ဦးထိပ်ထားကာ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ပါမည်။

(ဂ) ယင်းသို့ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် မိမိတို့၏လုပ်ငန်းကို ကျွမ်းကျင်နိုင်နင်းအောင် အစဉ်သဖြင့် ကြိုးစားနေမည်ဟု အဓိဋ္ဌာန်ပြုပါသည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံအတွင်း အရေးအခင်းများ ပေါ်ပေါက်လာခဲ့ပြီး တပ်မတော်က နိုင်ငံတော်အာဏာလွှဲပြောင်းရယူခဲ့ပြီးနောက် တပ်မတော်အစိုးရမှ နိုင်ငံသားတိုင်း လိုက်နာရမည့် ဒို့တာဝန်အရေး (၃) ပါးကို ချမှတ်ခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူများနည်းတူ ဒို့တာဝန်အရေး (၃) ပါးကို လိုက်နာကျင့်သုံးရန်သာမက နိုင်ငံတော်အပေါ် သစ္စာစောင့်သိရန်၊ နိုင်ငံရေးပါတီများ၏ အသုံးချခံမဖြစ်စေရန်နှင့် နိုင်ငံတော်မှ ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်သည့်အားလျော်စွာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးတည်ဆောက်ရေးအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှစတင်၍ နိုင်ငံ့ဝန်ထမ်းများအား ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို အောက်ပါအတိုင်း ပြောင်းလဲရွတ်ဆိုစေခဲ့ပါသည်-

(က) ကျွန်ုပ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေပါမည်။

(ခ) ကျွန်ုပ်တို့သည် ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။

(ဂ) ကျွန်ုပ်တို့သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။

(ဃ) ကျွန်ုပ်တို့သည် အမိနိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။

(င) ကျွန်ုပ်တို့သည် ပြည်သူ့ဝန်ထမ်းများပီပီ နိုင်ငံရေးပါတီများနှင့် ကင်းကင်းရှင်းရှင်း နေထိုင်သွားပါမည်။

(စ) ကျွန်ုပ်တို့သည် နိုင်ငံတော်ကပေးအပ်သော အမိန့်နှင့် တာဝန်များကို ဦးလည်မသုန် သက်စွန့်ကြိုးပမ်းထမ်းရွက်သွားပါမည်ဟု သစ္စာဓိဋ္ဌာန်ပြုပါသည်။

### ခုနှစ်ကြိမ်တိုင် ထပ်မံပြင်ဆင်

ထို့နောက် ယင်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို ၂၀၀၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၉ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ခုနှစ်တွင် တစ်ကြိမ်ဖြင့် စုစုပေါင်း နောက်ထပ် ခုနစ်ကြိမ်တိုင် ထပ်မံပြင်ဆင်ခဲ့ပါသည်။ ယင်းအကြိမ်များတွင် စကားရပ်အသုံးအနှုန်းကိုသာ အနည်းငယ်ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ်မှစတင်၍ ယနေ့တိုင် နိုင်ငံ့ဝန်ထမ်းများ လိုက်နာကြရမည့် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေပါမည်။

(ခ) ကျွန်ုပ်တို့သည် ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။

(ဂ) ကျွန်ုပ်တို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။

(ဃ) ကျွန်ုပ်တို့သည် အမိနိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။

(င) ကျွန်ုပ်တို့သည် နိုင်ငံ့ဝန်ထမ်းများ ပီသစွာဖြင့် နိုင်ငံရေးပါတီများနှင့် ကင်းရှင်းအောင် နေထိုင်ပါမည်။

> **"ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းကဏ္ဍရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းစဉ်များဖြစ်သည့် ပြန်တမ်းဝင်အရာရှိအဆင့်ဝန်ထမ်းများအား ရွေးချယ်ပေးခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ ဝန်ထမ်းဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းပေးခြင်းနှင့် ဝန်ထမ်းရေးရာဆိုင်ရာကိစ္စရပ်များကို သဘောထားမှတ်ချက်ပြန်ကြားခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအား စိတ်ဓာတ်ခံယူချက်ကောင်းများရရှိစေရေး လေ့ကျင့်ပျိုးထောင်ပေးခြင်းကိုဆောင်ရွက်ရန် သမိုင်းပေးတာဝန်ဖြစ်ကြောင်း အဖွဲ့၏ ဖွဲ့စည်းမှုသမိုင်းကြောင်းကိုလေ့လာကြည့်ပါက ထင်ရှားစွာတွေ့မြင်နိုင်မည်"**

စာမျက်နှာ ၁၁ သို့ ✪

# မန္တလေးတက္ကသိုလ်၌ ပညာသင်နှစ်အလိုက် သင်တန်းများဖွင့်လှစ်နိုင်ရေး ကြိုတင်ဆောင်ရွက်ထားရှိမှုများကြည့်ရှုစစ်ဆေး





**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ တက္ကသိုလ်များ ဖွင့်လှစ်သည့်အခါ ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားရေး၊ တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ ဥပဓိရုပ်ကောင်းမွန်ရေးအတွက် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယနေ့ နံနက်ပိုင်းက မန္တလေးတက္ကသိုလ် Research Center အစည်းအဝေးခန်းမ၌ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်အား ပါမောက္ခချုပ်က မန္တလေးတက္ကသိုလ်၏ မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်၊ တက္ကသိုလ်အထူးပြုဘာသာရပ်အလိုက်ဝင်ခွင့်ရရှိမှု၊ ဘာသာရပ်ဌာနအလိုက် ဆရာ ဆရာမအင်အား၊ ပညာသင်နှစ်အလိုက် စာမေးပွဲဖြေဆိုမှု၊ ဘဏ္ဍာနှစ်အလိုက် အဆောက်အအုံများဆောက်လုပ်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်များဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေး၊ တက္ကသိုလ်အတွင်းရှိသက်တမ်းရင့်အဆောက်အအုံများကိုလည်း မူလလက်ရာအတိုင်း စနစ်တကျပြုပြင်ထိန်းသိမ်းရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးဥပစာကောလိပ်စတင်ဖွင့်လှစ်ခဲ့သည့် အဆောက်အအုံနှင့်အမှတ်(၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်၊ လေ့ကျင့်ရေးကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

မန္တလေးတက္ကသိုလ်ကို ၁၉၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် မန္တလေးဥပစာကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး မန္တလေးစိုက်ပျိုးရေးကောလိပ်၏ ရှေ့မျက်နှာစာတွင်ရှိသည့် စိုက်ပျိုးရေးဌာနပိုင် မြေစိုက်အဆောက်အအုံတစ်ခုကို မန္တလေးဥပစာကောလိပ်အဖြစ် ဖွင့်လှစ်ခဲ့သည်။ ယနေ့ မန္တလေးတက္ကသိုလ် ပင်မအဆောက်အအုံကြီးမှာ ထိုစဉ်အခါက စိုက်ပျိုးရေးကောလိပ်ဖြစ်ကြောင်း သိရသည်။ ၁၉၅၈ ခုနှစ် ဇွန် ၁ ရက်မှစ၍ မန္တလေးတက္ကသိုလ်အဖြစ် သီးခြားတက္ကသိုလ်ဖြစ်လာသည်။ ယခုအခါ မန္တလေးတက္ကသိုလ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ဘာသာရပ် ၂၄ ခုကို သင်ကြားပို့ချပေးလျက်ရှိ ကြောင်းနှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များတွင် မန္တလေးတက္ကသိုလ်မှာ ဒုတိယ သက်တမ်းအရင့်ဆုံး တက္ကသိုလ်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် နှစ်(၁၀၀) ပြည့်တော့မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဖျာပုံမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ပွဲ ပြုလုပ်

**ဖျာပုံ မေ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံတော်အတွင်းရှိ လယ်မြေများအတွင်း မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့ ပေးအပ်ခြင်းနှင့် ထည့်သွင်းကြဲပက်ခြင်း အစီအစဉ်များကို သတ်မှတ်ဒေသအလိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဖျာပုံမြို့နယ် ကိုးအိမ်တန်းကျေးရွာအုပ်စု သက်ဝကြီးကျေးရွာ စံပြစိုက်ကွင်း၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ယနေ့ ဖြစ်ပေါ်လျက်ရှိသည့် ဓာတ်မြေဩဇာဈေးနှုန်း အပါအဝင် သွင်းအားစုဈေးနှုန်းများ မြင့်တက်မှုကို ကာမိစေရန်နှင့် မြေဆီလွှာ ပျက်စီးဆုံးရှုံးမှုကို လျော့နည်းစေရန်အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကို လယ်မြေများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းသုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်က သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ၏ အကျိုးကျေးဇူးများနှင့် အားသာချက်များကိုလည်းကောင်း၊ တစ်မြို့နယ်လုံးအနေဖြင့် မြေဆီလွှာအစားထိုး ပိုက်ဆံလျှော်ကို စိုက်ဧက ၁၀၀၀ ခန့် စိုက်ပျိုးရန် လျာထားမှုနှင့် ကိုးအိမ်တန်းကျေးရွာ Hi Tech စိုက်ကွင်းတွင် ပိုက်ဆံလျှော် ဧက ၁၀၀ ကျော် စိုက်ပျိုးနေမှုကို လည်းကောင်း၊ ဖျာပုံမြို့နယ်အတွင်း စိုက်ဧက ၂၀၀ အတွက် ပိုက်ဆံလျှော်မျိုးစေ့များ ဖြန့်ဝေပေးထားမှုကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များကို တောင်သူများသို့ ပေးအပ်ခဲ့ပြီး တောင်သူဦးကြင်သိန်း၏ လယ်မြေအတွင်းသို့ သစ်စိမ်းမြေဩဇာမျိုးစေ့များ ထည့်သွင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။ ၀၂၇

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၂၄**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။ **မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် မေ ၂၄**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

❂ စာမျက်နှာ ၁၀ မှ

(စ) ကျွန်ုပ်တို့သည် နိုင်ငံတော်က ပေးအပ်သော အမိန့်နှင့် တာဝန်များကို ဦးလည်မသုန် သက်စွန့်ကြိုးပမ်းထမ်းရွက်သွားပါမည်ဟု သစ္စာခံဋ္ဌာန်ပြုပါသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်အနက် နံပါတ်(၁) အချက်မှာ နိုင်ငံ့ဝန်ထမ်းများအတွက် အသက်တမျှအရေးကြီးသော နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်းဖြစ်ပြီး နံပါတ်(၂) အချက်မှ (၄) အထိသည် ဒို့တာဝန်အရေး (၃) ပါးကို စောင့်ထိန်းလိုက်နာသွားရန်ဖြစ်ကာ နံပါတ်(၅) အချက်သည် နိုင်ငံရေးဘက်လိုက်မှုကင်းရှင်းစေရန်ဖြစ်၍ နံပါတ် (၆) အချက်သည် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်က ပေးအပ်လာသောမည်သည့်တာဝန်ကိုမဆို ငြင်းဆန်ခြင်းမပြုဘဲ အမိန့်နာခံစွာထမ်းဆောင်ကြရန်ဖြစ်ရာ ယင်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မဖြစ်မနေ လိုက်နာကျင့်သုံးကြရမည် ဖြစ်ပါသည်။

**နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်**

CDM လှုပ်ရှားမှုတွင် နိုင်ငံ့ဝန်ထမ်းအချို့ ပါဝင်သည့်အကြောင်းရင်းကို လေ့လာဆန်းစစ်မည်ဆိုပါက ယေဘုယျအားဖြင့် နိုင်ငံ့ဝန်ထမ်းအများစုအနေဖြင့် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို မသိရှိကြသည်ကိုလည်းကောင်း၊ အချို့ဝန်ထမ်းများမှာ ယင်းသစ္စာအဓိဋ္ဌာန်(၆) ချက်ကို ကြားဖူးသော်လည်း မရွတ်ဆိုဖူးကြသည်ကိုလည်းကောင်း၊ ကျန်ဝန်ထမ်းအများစုမှာ ယင်းသစ္စာ အဓိဋ္ဌာန် (၆) ချက်ပါ အချက်များကို မဖြစ်မနေ လိုက်နာစောင့်ထိန်းကြရမည်ကို မသိရှိခြင်းကြောင့်လည်းကောင်း ဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်။

စင်စစ်အားဖြင့် နိုင်ငံ့ဝန်ထမ်းအချို့ CDM လှုပ်ရှားမှုတွင်ပါဝင်ခြင်းသည် သစ္စာအဓိဋ္ဌာန် (၆) ချက်ပါ နံပါတ်(၁)အချက်ဖြစ်သည့် "နိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေပါမည်"နှင့် နံပါတ် (၅) အချက်ဖြစ်သည့် "နိုင်ငံ့ဝန်ထမ်းများ ပီသစွာဖြင့် နိုင်ငံရေးပါတီများနှင့်ကင်းရှင်းအောင်နေထိုင်ပါမည်" ဆိုသောအချက်တို့ကို အဓိကဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် နိုင်ငံတော်အပေါ် သစ္စာဖောက်ခြင်း၊ သစ္စာမဲ့ခြင်းပြစ်မှုကို ကျူးလွန်ခဲ့ကြခြင်းပင်ဖြစ်ပါသည်။

ဤသို့ဆိုလျှင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်(၆)ချက်ကို မဖြစ်မနေ လိုက်နာကျင့်သုံးရန်နှင့် သစ္စာအဓိဋ္ဌာန် (၆) ချက်ပါ အချက်များကို မဖောက်ဖျက်ရန် လွန်စွာအရေးကြီးသည်ဆိုသော အသိစိတ်ဓာတ် (Importance of Having A Sense of Purpose) ရှိရန်တို့ လိုအပ်လှပါသည်။

သို့ဖြစ်ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ထမ်းများအကြား နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို မဖြစ်မနေလိုက်နာကြရမည့် အသိစိတ်ဓာတ်ရရှိစေရေး Awareness မြှင့်တင်ပေးမည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်နှင့် အဆိုပါသစ္စာအဓိဋ္ဌာန် (၆) ချက်အား ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင်သာမက ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာဌာနအစီအစဉ်ဖြင့် ဆောင်ရွက်မှသာ Awareness အမှန်တကယ်မြှင့်တင်လာနိုင်မည်ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်ရန် မိမိအနေဖြင့် ကောင်းမွန်ထိရောက်သောနည်းလမ်းကို မျှဝေရမည်ဆိုပါက ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများအားလုံးသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် ကျင့်သုံးသော နံနက်ပိုင်း ရုံးတက်ချိန်တွင် ဝန်ထမ်းများအား စုပေါင်းတန်းစီစေပြီး နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်ကို အတူတကွ ရွတ်ဆိုစေခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို နိုင်ငံ့ဝန်ထမ်းများ အမြဲတစေသိရှိစေမည်ဖြစ်သကဲ့သို့ ယင်းတို့ကို မဖြစ်မနေလိုက်နာရန် စွဲမြဲသွားစေနိုင်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

■

# ကုလသမဂ္ဂအကြီးအကဲ ဂူတာရက်စ် မော်စကိုနှင့် ကီဗ်ယက်သို့ မသွားရောက်မီ အန်ကာရာသို့ ပထမဆုံး သွားရောက်မည်



**ဝါရှင်တန် မေ ၂၄**

ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယို ဂူတာရက်စ်သည် ရုရှားသမ္မတ ပူတင်နှင့် တွေ့ဆုံရန် ရုရှားနိုင်ငံ၏မြို့တော် မော်စကိုသို့ မသွားရောက်မီနှင့် ယူကရိန်းသမ္မတ ဇီလန်စကီးနှင့် တွေ့ဆုံရန် ယူကရိန်းနိုင်ငံ၏ မြို့တော်ကီဗ်ယက်သို့ မသွားရောက်မီ တူရကီနိုင်ငံ၏ မြို့တော် အန်ကာရာသို့ ပထမဆုံးသွားရောက်မည် ဖြစ်ကြောင်း ကုလသမဂ္ဂက မေ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကုလသမဂ္ဂအကြီးအကဲ ဂူတာရက်စ်သည် မေ ၂၅ ရက်တွင် တူရကီနိုင်ငံ၏ မြို့တော်အန်ကာရာသို့ သွားရောက်ကာ တူရကီသမ္မတ အာဒိုဂန်နှင့် တွေ့ဆုံမည် ဖြစ်ကြောင်းသိရသည်။

**အဖိုးတန်အိမ်ရှင်ဖြစ်**

တူရကီနိုင်ငံသည် ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆွေးနွေးပွဲအတွက် အဖိုးတန်အိမ်ရှင်ဖြစ်ခဲ့ကြောင်းလည်း ကုလသမဂ္ဂ၏ အကူအညီပေးရေးဆိုင်ရာ အကြီးအကဲ မာတင်ဂရစ်ဖစ်က မေ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရက်စ်သည် မေ ၂၆ ရက်တွင် မော်စကိုမြို့သို့ သွားရောက်ရန်နှင့် မေ ၂၈ ရက်တွင် ကီဗ်ယက်မြို့သို့ သွားရောက်ရန် စီစဉ်ထားပြီး တူရကီနိုင်ငံသည် ရုရှားနှင့် ယူကရိန်းအကြား ညှိနှိုင်းပေးသည့် နိုင်ငံဖြစ်ခြင်းကြောင့် ဂူတာရက်စ်အနေဖြင့် တူရကီသို့ ကနဦး သွားရောက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံ ပြည်မကြီး၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၆၆ ဦး ထပ်မံတွေ့ရှိ

**ပေကျင်း မေ ၂၄**

တရုတ်နိုင်ငံ ပြည်မကြီး၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၆၆ ဦး ထပ်မံ စစ်ဆေးတွေ့ရှိကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါထပ်မံတွေ့ရှိသူများအနက် ရှန်ဟိုင်းမြို့၌ ၁၄၀၁ ဦး၊ ကျီလင်မြို့၌ ၆၀၊ ဟီလိုကျန်းမြို့၌ ၂၆ ဦးနှင့် မြို့တော်ပေကျင်း၌ ၂၂ ဦးတို့ အသီးသီးတွေ့ရှိကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၆၇၂ ဦးသည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည် ဆင်းသွားကြသည်။ သို့သော် လူနာ ၂၉၅၃၁ ဦးသည် ဆေးရုံများ၌ ဆေးဝါးကုသမှုများ ခံယူလျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၉ ဦး ထပ်မံသေဆုံးခဲ့ပြီး အဆိုပါ သေဆုံးသူများသည် ရှန်ဟိုင်းမြို့မှဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ တရုတ်နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၀၀၆၅၄ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၇၂၅ ဦးရှိပြီဖြစ်သည်။ ပြန်လည် ကျန်းမာလာသူပေါင်း ၁၆၄၃၉၈ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**





# ဗီယက်နမ်နိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၈၈၁၃ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း မေ ၂၄**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၈၁၃ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူအားလုံးသည် နိုင်ငံအတွင်းရှိ ပြည်နယ် ၆၀ နှင့် မြို့များမှ တွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရောဂါ ကူးစက်ခံရသူများအနက် မြို့တော်ဟနွိုင်း၌ ၉၇၀၊ ဘက်ဂျန်ခရိုင်၌ ၅၄၀ နှင့် ဖုသိုခရိုင်၌ ၅၁၁ ဦး အသီးသီးတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

လက်ရှိတွင် ရောဂါကူးစက်ခံရသူပေါင်း ၁၀၅၆၃၅၀၂ ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၁၃ ဦးရှိပြီဖြစ်သည်။ သို့သော် ရောဂါကူးစက်ခံရသူ ၉၀၈၆၀၇၅ ဦး (ရောဂါကူးစက်ခံရသူအားလုံး၏ ၈၆ ရာခိုင်နှုန်း) သည် ကျန်းမာရေး ပြန်လည် ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားကြောင်း သိရသည်။

လက်ရှိအချိန်ထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၂၁၂ သန်းနီးပါး သုံးစွဲပြီးဖြစ်သည်။ အသက် ၁၈ နှစ်နှင့်အထက်ပြည်သူများအား ကာကွယ်ဆေးအလုံးရေ ၁၉၄ ဒသမ ၅ သန်း ထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ ကမ်းရိုးတန်း၌ သင်္ဘောတစ်စင်း နစ်မြုပ်မှုဖြစ်ပွား၊ ၁၀ ဦးသေဆုံး

**တိုကျို မေ ၂၄**

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးခရိုင် ကမ်းရိုးတန်းတွင် နစ်မြုပ်ခဲ့သော ခရီးသည်တင်သင်္ဘောပေါ် ပါရှိသူများအနက် ၁၀ ဦး သေဆုံးခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

Kazu One ဟု အမည်ရသည့် အဆိုပါသင်္ဘောသည် ရှီရီတိုကို ကျွန်းဆွယ်၌ မေ ၂၃ ရက်က နစ်မြုပ်ကာ ပျောက်ဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အဆိုပါခရီးသွားသင်္ဘောပေါ်တွင် ကလေးငယ်နှစ်ဦး အပါအဝင် ခရီးသည် ၂၆ ဦးနှင့် သင်္ဘောအမှုထမ်းများ ပါဝင်ကြောင်း သိရသည်။

ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များနှင့် ဂျပန်ကိုယ်ပိုင်တပ်ဖွဲ့ဝင်များက ရှီရီတိုကိုကျွန်းဆွယ်အစွန်အဖျားရှိ ကျောက်တုံးကျောက်ဆောင်များပေါ်နှင့် ရေထဲတို့တွင် သေဆုံးနေ သူ ၁၀ ဦးအား မေ ၂၄ ရက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရီးသည်တင်သင်္ဘောတစ်စင်း နစ်မြုပ်မှုတွင် သေဆုံးလျက်တွေ့ရှိသူ ၁၀ ဦးမှာ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ဖြစ်ကြောင်းနှင့် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄ ဒသမ ၄၂ သန်းကျော်ရှိလာ

**ကွာလာလမ်ပူ မေ ၂၄**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၆၂၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၄၂၇၀၆၇ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၅၆၀၇ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၇ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ကိုးဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၃၅၄၉၁ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၀၀၄၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၄၃၁၀၅၉၉ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၈၀၉၇၇ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၄ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း၊ ၈၁ ဒသမ ၂ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ ရာခိုင်နှုန်းသည် တတိယအကြိမ်အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်တိုက်တွန်း

**ဖနောင်ပင် မေ ၂၄**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူကြရန် ပြည်သူများအား ယနေ့ တိုက်တွန်းပြောကြားသည်။

ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှုခံယူခြင်းသည် ရောဂါကူးစက်မှုကို ကာကွယ်ပေးသည့်အပြင် ရောဂါပြင်းထန်စွာခံစားရခြင်းမှ လျှော့ချပေးနိုင်ကြောင်း ဟွန်ဆန်က ဆိုသည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့ပြီး တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုသာ အဓိက အသုံးပြုလျက်ရှိသည်။

လက်ရှိအချိန်အထိ ပြည်သူ ၁၄ ဒသမ ၈၈ သန်း (နိုင်ငံလူဦးရေ၏ ၉၃ ရာခိုင်နှုန်း) သည် ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။ ထို့ပြင် ပြည်သူ ၁၄ ဒသမ ၁၄ သန်း (လူဦးရေ၏ ၈၈ ရာခိုင်နှုန်း)သည် ကာကွယ်ဆေးအပြည့်အဝ နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**တတိယအကြိမ် ထိုးနှံမှုခံယူပြီး**

ပြည်သူ ၈ ဒသမ ၂၂ သန်း (လူဦးရေ၏ ၅၁ ရာခိုင်နှုန်း)သည် ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၁ ဒသမ ၃၆ သန်း (လူဦးရေ၏ ၈ ဒသမ ၅ ရာခိုင်နှုန်း)သည် ကာကွယ်ဆေး လေးကြိမ်မြောက်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

အရွယ်ရောက်ပြီးသည့် နိုင်ငံသားအားလုံး ကာကွယ်ဆေးအနည်းဆုံး သုံးကြိမ် ထိုးနှံမှုခံယူရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ဆိုသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆ ဦးထပ်မံတွေ့ရှိပြီး သေဆုံးသူမရှိကြောင်း သိရသည်။ လက်ရှိတွင် ရောဂါကူးစက်ခံရသူပေါင်း ၁၃၆၂၀၆ ဦးရှိပြီး အဆိုပါရောဂါကြောင့်သေဆုံးသူပေါင်း ၃၀၅၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃ ဒသမ ၅၄ သန်းကျော်ရှိလာ

**ဆန်တီယာဂို မေ ၂၄**

ချီလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၃၉ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၅၄၄၄၆၃ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူ ၂၄ ဦးထပ်တိုးလာခြင်းကြောင့် သေဆုံးသူပေါင်း ၅၇၃၇၅ ဦးရှိလာကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ချီလီနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲရပ်စ်ကြောင့် ရောဂါကူးစက်မှုမြင့်တက်လာခဲ့ပြီးနောက် လွန်ခဲ့သည့် နှစ်ပတ်အတွင်းမှစတင်ကာ နေ့စဉ်ကူးစက်မှုသည်လည်း ၄၇ ရာခိုင်နှုန်းအထိ ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၁၀၉၆၉ ဦးရှိကြောင်းနှင့် ယင်းတို့အနက် ၂၈၆ ဦးသည် ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း ချီလီနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၄ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ မေ ၂၄**

အာဖရိကတိုက်၌ ယမန်နေ့ ညနေပိုင်းအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၄၀၃၉၅၅ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ လက်ရှိတွင် အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၂၀၄၈ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၇၈၁၈၆၁ ဦးရှိလာကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် လစ်ဗျားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၇၅၅၄၅၉ ဦးရှိကြောင်း၊ မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၆၄၅၉၇ ဦးရှိကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်း ဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံဖြစ်ပွားမှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# နိုင်ဂျီးရီးယားနိုင်ငံ၌ တရားမဝင်ရေနံချက်စက်ရုံမီးလောင်မှုဖြစ်ပွား အလုပ်သမား ၁၀၀ ကျော်သေဆုံး

**အဘူဂျာ မေ ၂၄**

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်း အီမိုမြို့ရှိ တရားမဝင် ရေနံချက်စက်ရုံ မီးလောင်ပေါက်ကွဲခဲ့ရာ အလုပ်သမား ၁၀၀ ကျော် သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

ယင်းရေနံချက်စက်ရုံသည် အီမိုပြည်နယ်နှင့် ရီးဗားပြည်နယ်ကြားရှိ သစ်တောအုပ်အတွင်း တည်ရှိပြီး မီးလောင်ပေါက်ကွဲမှုသည် မေ ၂၂ ရက် ညသန်းခေါင်ယံအချိန်၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်အထိ သေဆုံးသူ ၁၀၀ ကျော်ရှိပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါ ရေနံချက်စက်ရုံအနီးဝန်းကျင်၌ အလုပ်သမားများ လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် အလုပ်သမား ၁၀၀ ကျော် မီးလောင်ကျွမ်းပြီး သေဆုံးခဲ့ရကြောင်း ရေနံအရင်းအမြစ်ဆိုင်ရာမဟာမင်းကြီး အိုပီချ်က ဆိုသည်။

အာဏာပိုင်များက အဆိုပါရေနံချက်စက်ရုံပိုင်ရှင်ကို လိုက်လံရှာဖွေဖမ်းဆီးလျက်ရှိသည်။

ရေနံချက်စက်ရုံပေါက်ကွဲပြီးနောက် မီးခိုးလုံးများ ကောင်းကင်ယံသို့ လွင့်ပျံတက်ခဲ့ကြောင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရာ နယ်မြေများ ကောင်စီ၏ ဥက္ကဋ္ဌ ကောလင်းစ် အာဂျေးက ဆိုသည်။

သေဆုံးသူ ၁၀၈ ဦးခန့်ရှိနိုင်ကြောင်းနှင့် ယင်းသို့အဖြစ်ဆိုးကြုံတွေ့မှုအတွက် လွန်စွာဝမ်းနည်းမိပါကြောင်း အာဂျေးက ဆက်လက်ပြောကြားသည်။

အဆိုပါ တရားမဝင်ရေနံချက်စက်ရုံများသည် ရေနံကုမ္ပဏီများပိုင်ဆိုင်သော ပိုက်လိုင်းများမှ ရေနံစိမ်းများကို ပေါင်းခံကန်များအတွင်း စစ်ခံကာ ရေနံထုတ်ကုန်များအဖြစ် ထုတ်ယူလျက်ရှိကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ ရေနံပိုက်လိုင်းဖျက်ဆီးမှုနှင့် ရေနံခိုးယူမှုများ မကြာခဏဖြစ်ပေါ်လေ့ရှိပြီး ရေနံကုမ္ပဏီများအတွက် ငွေကြေးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၉၃ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ မေ ၂၄**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၉၃ ဦးထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၃၁၅၇၅၄၅ ဦး ရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

လွန်ခဲ့သော လအနည်းငယ်အတွင်း နေ့စဉ်ကူးစက်မှုအရေအတွက် လျော့ကျလာပြီးနောက် ကူးစက်ခံရသူအရေအတွက် ၂၀၀၀ ကျော်အထိ မြင့်တက်လာခဲ့သည်မှာ ငါးရက်ဆက်တိုက်ရှိပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၄ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၂၁၉၃ ဦး ရှိပြီဖြစ်သည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၁၅၈၇၃ ဦး ရှိကြောင်း သိရသည်။ အဆိုပါပိုးတွေ့ဆဲလူနာအရေအတွက်သည် လွန်ခဲ့သော နှစ်လအတွင်းက လျော့ကျခဲ့သော်လည်း လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ပြန်လည်မြင့်တက်လာခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၅၅ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၅၁၉၄၇၉ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်သုံးဆီနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၄

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဧပြီ ၂၁ ရက်တွင်** ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရန်ကုန်မြောက်ပိုင်းခရိုင် ရန်ကုန်-ပြည်လမ်း လေဆိပ်မီးပွိုင့်အနီး၌ တရားမဝင်ကျွန်းခွဲသား ၄ ဒသမ ၁၁ဝ၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃ဝ၆ဝ) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Canter Box အမျိုးအစား ကုန်တင်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ဝဝဝဝဝဝ) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၃၃ဝ၆ဝ** ကို သိမ်းဆည်းရမိခဲ့ပြီးသစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဧပြီ ၂၂ ရက်တွင်** ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးကြီးကြပ်၍ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးအဖွဲ့က ညောင်ခါးရှည်နှင့် ဒိုက်ဦးကြား ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခန့်မှန်းမိုင်တိုင်အမှတ် ၁ မိုင် ၁ ဖာလုံခန့်တွင် မြဝတီမြို့မှ တောင်ငူမြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈ဝဝဝဝ)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသော Foton View အမျိုးအစား Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ဝဝဝဝဝဝဝ) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၈ဝဝဝဝ** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ် နောင်လုံတံတားအနီး၌ သိမ်းဆည်းရမိသည့် လူသုံးကုန်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်အား တွေ့ရစဉ်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က နောင်လုံတံတားအနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်သုံးဆီ၊ စားသုံးဆီ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၁၉၇ဝဝဝ)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ် ငါးစီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁ဝဝဝဝဝဝ) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၁၉၇ဝဝဝ** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **ဧပြီ ၂၃ ရက်တွင်** အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံဖြူဇရပ်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောတင်ဆောင်လာသော တရားဝင်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ စားသောက်ကုန်၊ ပိတ်ဖြတ်စနှင့် အဝတ်အထည်များ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၁၈ဝဝဝ)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ယနေ့တွင်** ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်ကျွန်းသစ်နှင့် သစ်မာ ၁၅ ဒသမ ၉ဝ၆၈ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၂၉ဝဝ)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ **အမှုတွဲ ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၇၉ဝ၉၆ဝ)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ဖားကန့်မြို့နယ်နှင့် မောင်တောမြို့တို့တွင် ဘိန်းဖြူများ သိမ်းဆည်းရမိ



ဝင်းစိုး(ခ)အောင်စိုးအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဧပြီ ၂၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆောင်းချိန်ကျေးရွာအနီးတွင် ဝင်းစိုး(ခ)အောင်စိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၆၉၃ ကီလိုကိုလည်းကောင်း၊ ထို့အတူ ဧပြီ ၂၂ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄ဝ တွင် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့ မောင်နီရပ်ကွက်နေ အဒူဇော်လာမ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၆ဝ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီတွင် မောင်တောမြို့ မြို့မတောင်ရပ်ကွက်နေ အဒူမူနာ့မ်ကို ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား







## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၄-၂၀၂၂ တနင်္လာနေ့

### MRTV HD

- ဝ၆:ဝဝ ပဋ္ဌာနသုတ်၊ ရတနသုတ်၊ တေဇျွဲသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ဝ၇:ဝဝ နံနက်ခင်းသတင်း
- ဝ၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
- ဝ၉:၃ဝ မွေးမြူရေးရာအဖြာဖြာ
- ၁ဝ:ဝဝ သတင်းထဲကသတင်း
- ၁ဝ:၃ဝ ရာဇဝင်ထဲကသမိုင်းအနုပညာ
- ၁၂:၃ဝ နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့လျှို့ဝှက်ချက်**' (အပိုင်း-၈၂)
- ၁၃:၃ဝ MRTV National News
- ၁၄:ဝဝ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ '**တို့ကျေးရွာရဲ့ချစ်ဓိတ်ငဆွ**'
- ၁၆:၃၅ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ အစီအစဉ်
- ၁၇:ဝဝ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၅ဝ သတိပြုကာကွယ်ပ့်ကူးရောဂါ အန္တရာယ်
- ၁၈:ဝဝ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၃ဝ နိုင်ငံခြားဇာတ်လမ်းတွဲ '**ငအောင်ပွဲပဏ္ဍိုင် ရင်ဆိုင်ချိတက်**' (အပိုင်း-၂၈)
- ၂ဝ:ဝဝ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:ဝဝ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**တားဆီးကျော်ဖြတ် စုံဝမ်းငတ်ထုတ်**' (အပိုင်း-၁၃)
- ၂၂:၂ဝ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ '**လိုဘ**'

### mitv

- 07:01 Evergreen Classic: Myat Hsu Mon
- 07:05 New Destination for Sea Lovers
- 07:10 A Lucky Boy
- 07:27 Tray Art Products
- 08:00 Charming & Fragrant Sabai
- 08:09 The Eel Business
- 08:25 Mekong-Lancang Cooperation: Puppet Festival- Royal Page Boy Dance
- 08:28 Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China
- 08:34 Buddha - Dhita (Buddhist Nuns)
- 09:01 News
- 09:26 Global Partnership for Brighter Future: Kingdom of Saudi Arabia Pavilion at Expo 2020 Dubai
- 09:36 Inlay Traditional Cotton Clothes
- 09:44 A Life In The Ring

### MRTV NRC

**အနောက်ပိုးကရင် (ဝ၆:ဝဝ မှ ဝ၇:ဝဝ)**
ဝဝန်မြစ်တမ်းနားကရွာသစ်ရွာကလေး

**အရှေ့ပိုးကရင် (ဝ၇:ဝဝ မှ ဝ၈:ဝဝ)**
ဖားစည်မြေမှရောင်စုံအလှ(အပိုင်း-၁)

**ချင်း(လိုင်ဇို) (ဝ၈:ဝဝ မှ ဝ၉:ဝဝ)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၃)

**ချင်း(ချိုး) (ဝ၉:ဝဝ မှ ၁ဝ:ဝဝ)**
ချောင်းသွားငါးဖမ်းခြင်း

**မွန် (၁ဝ:ဝဝ မှ ၁၂:ဝဝ)**
မွန်ယဉ်ကျေးမှုပြတိုက်

**ရခိုင် (၁၂:ဝဝ မှ ၁၄:ဝဝ)**
အိပ်မက်ကကြိုးကာခုန်သူ

**ရှမ်း (၁၄:ဝဝ မှ ၁၆:ဝဝ)**
သာသနာအကြောင်းတရား(အပိုင်း-၁)

**ဝ (၁၆:ဝဝ မှ ၁၈:ဝဝ)**
"ဝ" ရိုးရာဝတ်စုံချုပ်နည်း

**ကချင် (၁၈:ဝဝ မှ ၂ဝ:ဝဝ)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၁)

**ကယား (၂ဝ:ဝဝ မှ ၂၂:ဝဝ)**
စိတ်ဝင်တစားရှိရာဝလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း)

**ဂေဘာကရင် (၂၂:ဝဝ မှ ၂၃:ဝဝ)**
ခရုဟင်း

### MRTV NEWS

- ဝ၆:ဝဝ အဖွင့်၊ တေးသီချင်း
- ဝ၆:၄ဝ အားကစားသတင်း
- ဝ၉:၃ဝ နိုင်ငံတကာသတင်း (LIVE)
- ၁ဝ:ဝဝ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃ဝ နိုင်ငံတကာသတင်း (LIVE)
- ၁၄:ဝဝ MRTV National News
- ၁၅:ဝဝ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃ဝ နိုင်ငံတကာသတင်း (LIVE)
- ၁၉:ဝဝ ပြည်တွင်းသတင်း (LIVE)
- ၂ဝ:ဝဝ ပြည်တွင်းသတင်း (LIVE)
- ၂၁:ဝဝ ပြည်တွင်းသတင်း (LIVE)
- ၂၁:ဝဝ သတင်းသမားပြောတဲ့သတင်းစကား

### MRTV PARLIAMENT

- ဝ၉:ဝဝ အဖွင့်၊ အလံ
- ဝ၉:၃ဝ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အကျိုးဖျက်ဆီးမှုအကြောင်း သိမှတ်ဖွယ်ရာဥပဒေမှာ**'
- ၁ဝ:ဝဝ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁ဝ:၃ဝ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)
- ၁၁:ဝဝ ရွေးကောက်တင်မြှောက်ပုံစနစ်(အပိုင်း-၃)
- ၁၁:၃ဝ အတွေးအမြင် (အပိုင်း-၆)

### MRTV FARMERS'

- ဝ၆:ဝဝ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ဝ၆:ဝ၂ တောင်သူလယ်သမားရေးရာသတင်း
- ဝ၆:၄၅ ကြံနည်းသစ်များတီထွင်ကြံတောင်သူများ ဝင်ငွေရှင်
- ဝ၇:၁၅ တောင်ပေါ်ဒေသယာစပါးအလှ
- ဝ၈:ဝဝ မျိုးကောင်းမျိုးသန့်စိုက်ပျိုးအထွက်တိုးမယ့် ရွှေနှေကြာ
- ဝ၈:၂၅ ပြောင်းအထွက်နှုန်းတိုးစေဖို့စပ်မျိုးပြောင်းဖူးများစိုက်ကြစို့
- ဝ၉:၄၅ စိန်တလုံးသရက်ဝုဏ်ရည်ပဲခင်းရွာမှအစတည်

### MRTV SPORTS

- ဝ၆:ဝဝ အဖွင့်
- ဝ၆:၃ဝ အခြေခံအားကစားနည်းစနစ်များ
- ဝ၇:ဝဝ Sports News
- ဝ၇:၃ဝ Soccer View/ Weekly Sports Info
- ဝ၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ဝ၈:ဝဝ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂ဝ:ဝဝ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁ဝ:ဝဝ)နာရီမှ ည(၁ဝ:ဝဝ)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**


“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူ ပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရွန်နစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်စံပြကျေးရွာနေသူများဖြစ်သည့် မြမြဦး(၃၉)နှစ်၊ မျိုးကြည်(ခ) မီးမီး (၅၇)နှစ်၊ ချိုမာ (၄၀)နှစ်၊ ပိုပိုချော (၄၆)နှစ်နှင့် သဇင်အောင် (၃၃)နှစ်တို့ ငါးဦးသည် ၎င်းတို့အသုံးပြုသည့် “Mya Mya Oo”၊ “Mee Mee”၊ “Cho Mar”၊ “Po Po Chaw” နှင့် “Tha Zin Aung” Facebook အကောင့်များ၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကျောင်းဆိုးကျေးရွာနေ သန်းတိုးအောင် (၁၉) နှစ်သည် ၎င်းအသုံးပြုသည့် “Than Toe Aung” Facebook အကောင့်၊ ရေတာရှည်မြို့နယ် နတ်စင်ကုန်းကျေးရွာနေ တင်တင်ဝေ (၂၅)နှစ်သည် ၎င်းအသုံးပြုသည့် “Tin Tin Wai” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နေ အောင်စည်ဖြိုး (၃၄)နှစ်သည် ၎င်းအသုံးပြုသည့် “Austin Phyo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မူပိုင်ခွင့်နှင့် ယနေ့လူငယ်

ဒေါက်တာမိုးမိုးသွယ် (မဗေဒါ)

**“အနာဂတ်လှပစေဖို့ ဆန်းသစ်တီထွင်ကြပါစို့”**

“ယနေ့လူငယ်နောင်ဝယ်လူကြီး” ဟူသည့် ဆိုစကားအတိုင်း ယနေ့လူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်များဖြစ်ကြသည်။ အနာဂတ်နိုင်ငံတော်၏ နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ စည်ပင်သာယာဝပြောမှုသည် ယနေ့လူငယ်များ၏ အသိဉာဏ်ပညာ အတွေးအခေါ် မြင့်မားမှုနှင့် ကြိုးစားအားထုတ်မှုတို့အပေါ် များစွာ မူတည်သည်။ သို့ဖြစ်၍ နိုင်ငံ့ခွန်အားအစစ်ဖြစ်သော လူငယ် လူရွယ်လေးများကို ကျောင်းနေစဉ်အရွယ်မှစ၍ နည်းလမ်းမျိုးစုံဖြင့် ပြုစုပျိုးထောင်ပေးရန် လိုအပ်သည်။ ထိုသို့လူငယ်များကို အရည်အချင်းပြည့်ဝသည့် လူကောင်း လူတော်လေးများ ဖြစ်လာစေရန် ပျိုးထောင်ရာတွင် မူပိုင်ခွင့်စနစ်သည်များစွာ အထောက်အပံ့ပေးနိုင်မည် ဖြစ်သည်။

**မူပိုင်ခွင့်ဆိုသည်မှာ**

မူပိုင်ခွင့်ဆိုသည်မှာ မိမိ၏စိတ်ကူးစိတ်သန်းနှင့် အသိဉာဏ်ကိုအသုံးပြု၍ ဆောင်ရွက်ခြင်းမှ ထွက်ပေါ်လာသော စာပေ၊ ဂီတ စသည့်ဖန်တီးမှု အနုပညာလက်ရာများနှင့်ဆန်းသစ်သောနည်းပညာများဖြင့် တီထွင်ထားသော လူသုံးကုန်ပစ္စည်းများ၊ ထုတ်လုပ်မှုနည်းစဉ်များ စသည်တို့ကို တီထွင်ဖန်တီးသူက ပိုင်ဆိုင်မှုရရှိစေရန်နှင့် အသုံးပြုခွင့်ရရှိခြင်းဖြစ်သည်။ ၎င်းတို့တွင် ထုတ်ကုန်အသစ်လက်ရာများနှင့် ထုတ်လုပ်မှုနည်းစဉ်များကို “တီထွင်မှုမူပိုင်ခွင့်” (Patent) ဖြင့်လည်းကောင်း၊ ထုတ်ကုန်၏ ပြင်ပအသွင်အပြင်နှင့် ပုံပန်းသဏ္ဌာန်တို့ကို “ဒီဇိုင်းမူပိုင်ခွင့်” (Design) ဖြင့်လည်းကောင်း အကာအကွယ်ရရှိနိုင်သည်။ အဆိုပါထုတ်ကုန်များကို သိမှတ်နိုင်သည့် အမှတ်တံဆိပ်များကို မှတ်ပုံတင်ခြင်းဖြင့် “ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်” (Trademark) ရရှိနိုင်မည်ဖြစ်သည်။ ထုတ်ကုန်၏ ကြော်ငြာများ၊ ရုပ်ပုံကားချပ်များ၊ စာပေ၊ အနုပညာ၊ သတင်းဆောင်းပါးများ စသည့်အနုသုခုမလက်ရာများကို “စာပေနှင့် အနုပညာမူပိုင်ခွင့်”(Copyright) ဖြင့် အကာအကွယ်ရရှိမည်ဖြစ်သည်။

မူပိုင်ခွင့် အကာအကွယ်ပေးမှုစနစ်သည် ဆန်းသစ်တီထွင်ဖန်တီးသူများနှင့် လက်ခံသုံးစွဲသူများအကြား မျှတသောအခွင့်အရေးများကို ပေးစွမ်းနိုင်သည်။ မူပိုင်ခွင့်သည် မမြင်တွေ့နိုင်သော အကြံကောင်း၊ ဉာဏ်ကောင်းများ၊ စိတ်ကူးစိတ်သန်းများကို လက်တွေ့မြင်တွေ့နိုင်၊ အသုံးပြုနိုင်သည့် ပစ္စည်းများအဖြစ်သို့ ပြောင်းလဲစေခြင်းဖြင့် လူ့ဘောင်လောကကို တိုးတက်သာယာဝပြောစေနိုင်သည်။ ဥပမာအားဖြင့်ဆိုရလျှင် တီထွင်မှုမူပိုင်ခွင့်(Patent)သည် တီထွင်သူကို ၎င်း၏ဆန်းသစ်တီထွင်မှုအတွက် တစ်ဦးတည်းမူပိုင်ခွင့်ကို အနှစ် ၂၀ ခံစားရရှိစေပြီး ၎င်း၏ “တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ နည်းပညာဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာခြင်းဖြင့် အခြားသူများအား အဆိုပါ တီထွင်မှုနည်းစဉ်များကို လေ့လာခွင့်ရစေခြင်းဖြင့် ပိုမိုဆန်းသစ်သော နည်းပညာများကို ဆန်းသစ်တီထွင်နိုင်ခွင့်ရရှိစေသည်။

**ဘဝသစ်တစ်ခုကို ဖန်တီးပေး နိုင်စွမ်းရှိ**

တီထွင်သူသည် တီထွင်မှုမူပိုင်ခွင့်ကို အနှစ် ၂၀ ထိတိုင် တစ်ဦးတည်းမူပိုင်ခွင့်ကို အသုံးပြုခွင့်ရရှိခြင်းဖြင့် မိမိ၏ တီထွင်မှုကို ကိုယ်ပိုင်အသုံးပြုနိုင်ခြင်း၊ အခြားအသုံးပြုလိုသူများကို အသုံးပြုခွင့်ပေးခြင်းဖြင့် ဝင်ငွေများစွာရရှိစေခြင်း၊ ၎င်းနည်းပညာကို မိမိ၏ခွင့်ပြုချက်မရှိဘဲ အသုံးပြုသူများထံမှ တားမြစ်နိုင်ခြင်းနှင့် နစ်နာကြေး တောင်းခွင့်ရှိခြင်း စသည့်အခွင့်အရေးများကို ရရှိနိုင်သည်။ မိမိနည်းပညာဆန်းသစ်မှုမှ လုပ်ငန်းသစ် တစ်ခုတည်ထောင်ဆောင်ရွက်နိုင်ခြင်း (စွန့်ဦးတီထွင်သူ)ကြောင့် မိမိ၏ကိုယ်ပိုင်လုပ်ငန်းတစ်ခု ဖြစ်တည်စေလာနိုင်ခြင်းဖြင့် တီထွင်သူဘဝမှ လုပ်ငန်းရှင်ဘဝသို့ တိုးတက်ပြောင်းလဲရောက်ရှိနိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ မူပိုင်ခွင့်ကို ကျောထောက်နောက်ခံပြုထားသော ဆန်းသစ်တီထွင် ဖန်တီးလိုစိတ်သည် မတူကွဲပြားခြားနားသော ဘဝသစ်တစ်ခုကို ဖန်တီးပေးနိုင်စွမ်းရှိသည့် လက်နက်တစ်ခုဟု ဆိုကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် လက်ရှိဘဝတွင် ကြုံတွေ့နေရသော အခက်အခဲများနှင့် စိန်ခေါ်မှုများအပေါ် လေ့လာသုံးသပ်ပြီး ၎င်းတို့ကို ကျော်လွှားနိုင်စေရန်အတွက် နည်းလမ်းများနှင့် အဖြေများရရှိစေရန် မလျှော့သော ဇွဲလုံ့လဖြင့် ကြိုးပမ်းအားထုတ်ခဲ့ကြခြင်းကြောင့် အဆင့်မြင့်နည်းပညာများဖြင့် ပြုလုပ်ထားသော လူ့အသုံးအဆောင် ပစ္စည်းများကို ထုတ်လုပ်နိုင်ခဲ့ကြပြီး ဘဝ၏အခက်အခဲများစွာကို ကျော်လွှားနိုင်ခဲ့ကြသည့်အပြင် လူနေမှုအဆင့်အတန်းမြင့်မားလာခဲ့ကြရသည်။ ယနေ့အင်တာနက်ခေတ် (သို့မဟုတ်) ဒစ်ဂျစ်တယ်ခေတ်တွင် အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်ထားသော လူ့အသုံးအဆောင်ပစ္စည်းများကြောင့် (ဥပမာ- smart phone) မိမိတို့၏လုပ်ငန်းများကို ယခင်ကထက် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်း၊ အချိန်သက်သာခြင်း၊ အသိပညာ၊ အတတ်ပညာများကို လွယ်ကူစွာလေ့လာခွင့်ရရှိခြင်း၊ စီးပွားရေးလုပ်ငန်းများကို နည်းလမ်းသစ်များဖြင့် ဆောင်ရွက်နိုင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း စသည့်များစွာသော အကျိုးကျေးဇူးများကို ရရှိခြင်းဖြင့် ကောင်းမြတ်သော ဘဝများကို ပိုင်ဆိုင်ခွင့်ရရှိခဲ့ကြသည်။ သို့ဖြစ်၍ ယနေ့လူ့မှုဘဝတွင် တွေ့ကြုံနေရသော အခက်အခဲများ၊ စိန်ခေါ်မှုများသည် နောင်အနာဂတ်ကမ္ဘာကြီးလှပ သာယာစေရန်အတွက် ဆန်းသစ်တီထွင်မှုများကို ပြုလုပ်စေရန် တွန်းအားပေးသည်။

**ကောင်းမွန်သောအနာဂတ်ကို လျှောက်လှမ်း**

ကမ္ဘာတစ်ဝန်းလုံးတွင် လူငယ်များသည် ၎င်းတို့၏ ဉာဏစွမ်းရည်၊ စူးစမ်းလေ့လာတတ်မှုနှင့် ဖန်တီးတီထွင်နိုင်မှုများ စသည်တို့ကိုအသုံးချ၍ ဆန်းသစ်တီထွင်ရန် စိန်ခေါ်မှုများကို ကျော်လွှားပြီး ပိုမိုကောင်းမွန်သော အနာဂတ်လူ့ဘောင်သစ်ဆီသို့ အရောက်လှမ်းနိုင်ခဲ့ကြသည်။ သို့ဖြစ်၍ ဆန်းသစ်၍နိုးကြားတက်ကြွသော ဖန်တီးနိုင်စွမ်းရှိသည့် စိတ်ကူးစိတ်သန်းများသည် ပို၍စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်သောအနာဂတ်ကို လျှောက်လှမ်းရာတွင် ကူညီပံ့ပိုးနိုင်မည့် ပြောင်းလဲမှုများ၏ မောင်းနှင်အား တစ်ရပ်ဖြစ်သည်။ လူငယ်များအတွက် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများသည် ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိစေရန် အထောက်အပံ့ပေးနိုင်မှု၊ စိတ်ကူးစိတ်သန်းများ နှင့် အတွေးအခေါ်များကို အကောင်အထည်ဖော်နိုင်မှု၊ ဝင်ငွေများရရှိနိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ၎င်းတို့၏ လူနေမှုဘဝကိုတိုးတက်စေနိုင်မှု စသည်တို့ကို ပြုစွမ်းနိုင်သည်ကို သိနားလည်စေရန် လေ့လာသင့်သည့် ပညာရပ်တစ်ခုဖြစ်သည်။

လူငယ်များ၏ သိပ္ပံ၊ ဝိဇ္ဇာနှင့် နည်းပညာရပ် နယ်ပယ်အသီးသီးတို့တွင် ဆန်းသစ်တီထွင် ဖန်တီးလိုသော စိတ်ကူးစိတ်သန်းများကို မူပိုင်ခွင့်နှင့် ပေါင်းစပ်လုပ်ကိုင်ပါက မတူကွဲပြားထူးခြားစွာ အောင်မြင်သည်ကို တွေ့ရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် အုပ်ချုပ်မှုနှင့် မူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်နေသူများသည် ဆန်းသစ်တီထွင် ဖန်တီးလိုသော လူငယ်များနှင့် စွန့်ဦးတီထွင်လိုသူများ၏ လိုအပ်ချက်များ၊ တောင်းဆိုမှုများကိုသိရှိနားလည်ပြီး ၎င်းတို့၏ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြုအားပေး၍ ပိုမိုကောင်းမွန်သည့် အနာဂတ်လူ့ဘောင်လောကဖြစ်ပေါ်လာနိုင်ရေးအတွက် မူဝါဒများနှင့် စီမံကိန်းများချမှတ်၍ ပြုစုပျိုးထောင်ခြင်းဖြင့် လူငယ်များ၏ အံ့မခန်းစွမ်းပကားကို နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ထိရောက်စွာအသုံးပြုနိုင်မည် ဖြစ်သည်။

**ဆန်းသစ်တီထွင်သူများဖြစ်စေရန်ပံ့ပိုး**

ယနေ့လူငယ်များသည် မယုံနိုင်စရာကောင်းလောက်အောင် တွေးခေါ်ဖန်တီးနိုင်စွမ်းရည်နှင့် လုပ်ကိုင်နိုင်စွမ်းရည် မြင့်မားကြသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ပျမ်းမျှအသက် ၂၄ နှစ်ခန့်ရှိသော လူငယ် လူရွယ်အရေအတွက်သည် ခန့်မှန်းခြေအားဖြင့် ၁ ဒသမ ၈ ဘီလီယံခန့်ရှိသည်။ ၎င်းတို့အနက် ၉၀ ရာခိုင်နှုန်းသော လူငယ် လူရွယ်များသည် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိကြပြီး အသက် ၃၅ နှစ်အောက် လူငယ်လူရွယ် အမျိုးအစားသည် လာမည့်နှစ်များတွင် ပိုမိုတိုးတက်လာနိုင်သည်ကို လေ့လာတွေ့ရှိရသည်။ ကမ္ဘာပေါ်ရှိ ဒေသအားလုံးတွင်ရှိသော လူငယ် လူရွယ်များသည် ပြောင်းလဲမှုနှင့် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ပုံဖော်နိုင်မည့် လမ်းကြောင်းများကို ရှာဖွေခဲ့ကြသူများဖြစ်သည်။ သို့ဖြစ်၍ ယနေ့ခေတ်လူငယ်များကို “ပြောင်းလဲမှုပြုသူများ” ဟု တင်စားနိုင်သည်။ ၎င်းတို့သည် ဒစ်ဂျစ်တယ်ခေတ် (သို့မဟုတ်) အင်တာနက်ခေတ်တွင် ကြီးပြင်းလာကြသူများဖြစ်ပြီး လက်တွေ့ဆန်သူများ၊ ရဲရင့်သူများနှင့် လက်ရှိအခြေအနေများ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိသူများဖြစ်ကြသည်။ သို့ဖြစ်၍ ယနေ့ခေတ် ရုပ်ပတ်ဝန်းကျင်နှင့် ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်တို့အကြား ပေါ်ပေါက်လာသော အငြင်းပွားမှုများက ယနေ့လူငယ်များကို စွန့်ဦးတီထွင်သူများ၊ ဆန်းသစ်တီထွင်သူများ ဖြစ်စေရန် ပုံဖော်ပေးခဲ့ကြသည်။

လူငယ်များသည် ၎င်းတို့၏ဘဝတွင် တွေ့ကြုံလာရသော အခက်အခဲများကို ကျော်လွှားနိုင်မည့် နည်းလမ်းများကို ရှာဖွေခြင်းဖြင့် တီထွင်မှု မူပိုင်ခွင့်ပိုင်ရှင်များ ဖြစ်ခဲ့ကြသည်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံတွင် Robert Patch အမည်ရှိ ၆ နှစ်အရွယ် ကလေးငယ်တီထွင်ခဲ့သော “Toy Truck” ကို တီထွင်မှု မူပိုင်ခွင့်ပေးခဲ့သည်။ အဆိုပါ “Toy Truck” ကို Robert သည် အိမ်သုံးစွန့်ပစ်ပစ္စည်းများဖြစ်သည့် ဖိနပ်ဘူးများ၊ ပုလင်းဖုံးများကို အသုံးပြု၍ စိတ်ကူးစိတ်သန်းကောင်းစွာဖြင့် ဆန်းသစ်တီထွင်ခဲ့ခြင်းဖြစ်သည်။ Robert ကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် အရွယ်မရောက်သေးသည့် လူငယ်များ တီထွင်ခဲ့သည့် တီထွင်မှုမူပိုင်ခွင့်များစွာရှိသည်။ လူငယ်များသည် သစ်လွင်ဆန်းသစ်သော နည်းလမ်းများဖြင့် ကမ္ဘာလောကကြီးကို ကြည့်မြင်ပြီး ပြောင်းလဲမှုများကို ပြုလုပ်ရန် စိတ်ကူးကြံဆခြင်းဖြင့် ဆွဲဆောင်နိုင်သူများဖြစ်သည်။

**ပတ်ဝန်းကျင်သစ်တစ်ရပ်ကို ဖန်တီးပေးရန်လို**

ဗြိတိန်နိုင်ငံ၏ စာသင်ကျောင်းများတွင် ကလေးများစိတ်ဝင်စားမည့် ကာတွန်းဇာတ်ကောင်များကို အသုံးပြု၍ ၅ နှစ်မှ ၁၀ နှစ်အတွင်းရှိ ကလေးငယ်များ၏ ဆန်းသစ်သော အတွေးအခေါ်များ ပေါ်ထွက်လာစေရန် တွန်းအားပေးနိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် လူငယ်တစ်ဦး တီထွင်ခဲ့သော နေအိမ် သို့မဟုတ် အပန်းဖြေဥယျာဉ် သို့မဟုတ် လူစည်ကားသည့်နေရာများတွင် ပျောက်ဆုံးခဲ့သောပစ္စည်းများကို ရှာဖွေနိုင်သည့်စက်ကိရိယာပစ္စည်းများ တီထွင်ခဲ့မှုကြောင့် ဗြိတိန်မူပိုင်ခွင့်ရုံး(UKIPO) အနေဖြင့် လူငယ်ဆန်းသစ်တီထွင်သူများအတွက် များစွာဂုဏ်ယူပါကြောင်းနှင့် လူငယ်များ၏ တွေးခေါ်ကြံဆမှုနှင့် ဆောင်ရွက်မှုများကို လေးစားစွာဖြင့် မူပိုင်ခွင့်အကာအကွယ်ပေးရန် လိုအပ်ကြောင်း ဖော်ပြခဲ့သည်။ သို့ဖြစ်၍ တီထွင်ဖန်တီးနိုင်စွမ်းရည် မြင့်မားသော လူငယ် လူရွယ်များကို ကျောင်းနေစဉ်အရွယ်မှစ၍ အတွေးအမြင်သစ်များ ရရှိစေနိုင်မည့် ပတ်ဝန်းကျင် သစ်တစ်ရပ်ကိုဖန်တီးပေးရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင်လည်း ခေတ်အဆက်ဆက် ဆန်းသစ်တီထွင်နိုင်သူ လူငယ်လူရွယ်များ ပေါ်ပေါက်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ရတနာပုံဆိုက်ဘာစီးတီးမှ မြန်မာအင်ဂျင်နီယာကျောင်းသားအဖွဲ့သည် Texas A&M’s Engineerning Innovation Center မှ ကျောင်းသားများနှင့်ပူးပေါင်း၍ အပ်ချုပ်စက်ငယ်တစ်လုံးလည်ပတ်မှုမှ လျှပ်စစ်စွမ်းအင်ရရှိစေရန် သုတေသနပြုဆောင်ရွက်နိုင်ခဲ့ပြီး EDU-Lighter Device ကို လျှပ်စစ်မီးမရရှိသည့် နေရာများတွင် ကျောင်းသားများစာကြည့်နိုင်ရန် လျှပ်စစ်မီးပေးနိုင်သည့်ကိရိယာအဖြစ် အသုံးပြုရန် ဆန်းသစ်တီထွင်နိုင်ခဲ့သည့်အတွက် ကမ္ဘာမှ မြန်မာကျောင်းသားများ၏ စွမ်းရည်ကို ဂုဏ်ပြုခဲ့ကြသည်။

တက္ကသိုလ်များသည် လူငယ်များအတွက် အတတ်ပညာများကို သင်ကြားလေ့လာနိုင်သည့် နေရာဌာနဖြစ်သည်သာမက လူငယ်များ၏ စိတ်ကူးအကြံအစည် (Idea)များကို လက်တွေ့အကောင်အထည်ဖော်နိုင်စေရန် ကူညီပံ့ပိုးပေးနိုင်မည့် ပတ်ဝန်းကျင်ကောင်းများကို စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်သည်။ လူငယ်များ၏ တီထွင်နိုင်စွမ်းရည်၊ စူးစမ်းလိုမှု၊ ဆန်းသစ်တီထွင်လိုသည့် စိတ်ဓာတ်များကို မြေတောင်မြှောက်ပေးနိုင်သည့် လေ့လာသင်ယူမှုများ၊ လေ့ကျင့်ပေးမှုများ၊ ကူညီပံ့ပိုးပေးမှုများ၊ ယှဉ်ပြိုင်မှုများ၊ ပြပွဲပြိုင်ပွဲများ၊ ပူးပေါင်းဆောင်ရွက်မှုများ စသည်တို့ကို ပြုလုပ်ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့၏ ဉာဏစွမ်းအားများကို အကောင်းဆုံးအသုံးချနိုင်သည့် အခွင့်အလမ်းကောင်းများကို ရရှိစေနိုင်သည်။ **စာမျက်နှာ ၁၇ သို့** ○

**“လူငယ်များ၏ သိပ္ပံ၊ ဝိဇ္ဇာနှင့် နည်းပညာရပ် နယ်ပယ်အသီးသီးတို့တွင် ဆန်းသစ်တီထွင် ဖန်တီးလိုသော စိတ်ကူးစိတ်သန်းများကို မူပိုင်ခွင့်နှင့် ပေါင်းစပ်လုပ်ကိုင်ပါက မတူကွဲပြားထူးခြားစွာ အောင်မြင်သည်ကို တွေ့ရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် အုပ်ချုပ်မှုနှင့် မူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်နေသူများသည် ဆန်းသစ်တီထွင်ဖန်တီးလိုသော လူငယ်များနှင့် စွန့်ဦးတီထွင်လိုသူများ၏ လိုအပ်ချက်များ၊ တောင်းဆိုမှုများကို သိရှိနားလည်ပြီး ၎င်းတို့၏ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြု”**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မှန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

○ စာမျက်နှာ ၁၆ မှ

လူငယ်များ၏ အသိဉာဏ်စေစားမှုများမှ ထွက်ပေါ်လာသော အသီးအပွင့်များကို လက်တွေ့အသုံးချနိုင်စေရန်အတွက် တက္ကသိုလ်များ၏ လက်တွေ့စမ်းသပ်ခန်းများတွင် လိုအပ်သည့် စက်ပစ္စည်းကိရိယာများ၊ သုတေသနဆောင်ရွက်ရာတွင် လိုအပ်သည့်ပစ္စည်းများ၊ စာကြည့်တိုက်များနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးထားနိုင်ရန် လိုအပ်မည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ တက္ကသိုလ်များတွင် လူငယ်များ၏ စွမ်းရည်ကို ကောင်းစွာအသုံးချနိုင်စေရန် စီမံဆောင်ရွက်ထားသည့် တက္ကသိုလ်များသည် လူ့ဘောင်လောကအတွက် လိုအပ်သော ဆန်းသစ်တီထွင်မှုများစွာကို ထွက်ပေါ်စေနိုင်ပြီး နည်းပညာဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်(Patent)များစွာကို ပိုင်ဆိုင်ခြင်းဖြင့် ကြွယ်ဝချမ်းသာလာသည်ကို တွေ့ရှိနိုင်သည်။ ထိုသို့နည်းပညာကို ပိုင်ဆိုင်မှုကြောင့် ၎င်းနည်းပညာကို အသုံးပြုလိုသူများ ထံမှရရှိသည့် အခကြေးငွေများ ပိုင်ဆိုင်လာမှုမှသည် ပိုမိုဆန်းသစ်သော သုတေသနလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံလာနိုင်ခြင်းဖြင့် နောက်ထပ်၊ နောက်ထပ်သော ဆန်းသစ်တီထွင်မှုများကို ဆောင်ရွက်လာနိုင်သည်။

သို့ဖြစ်၍ စိတ်ကူးစွမ်းရည်မြင့်မားသော လူငယ်များကို ၎င်းတို့၏ ငယ်ရွယ်စဉ်ဘဝကပင် ကိုယ်ပိုင်စွမ်းရည်ကို အသုံးချခြင်းဖြင့် ရရှိလာနိုင်သည့် အခွင့်အလမ်းများ၊ အကျိုးကျေးဇူးများကို သိနားလည်စေခြင်းဖြင့် ကိုယ်ပိုင်တီထွင်ဖန်တီးလိုစိတ်များကို နှိုးဆွပေးနိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများသည် လူငယ်များ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးနိုင်မည့်အပြင် နည်းမှန်၊ လမ်းမှန်ဖြင့် မိမိတို့၏ အနာဂတ်ကို ပုံဖော်ရာတွင် လိုအပ်မည့်အထောက်အပံ့ကောင်းများကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ လူငယ်ထုအတွင်းသို့ မူပိုင်ခွင့်များ စိမ့်ဝင်ပျံ့နှံ့စေရန်အသိပညာဖြန့်ဝေမှုများကို ကျောင်းနေစဉ်အရွယ်မှစ၍ မိတ်ဆက်ထိတွေ့ပေးနိုင်မည်ဆိုလျှင် နိုင်ငံ့ခွန်အားဖြစ်မည့် ဆန်းသစ်တီထွင်လိုစိတ်ပြင်းပြသော အနာဂတ်ခေါင်းဆောင်ကောင်းများကို မွေးထုတ်ပေးနိုင်မည်ဟု ယုံကြည်မိပါသည်။ ။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၂၄

| | | |
|---|---|---|
| မြင်းမူ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ကလေးဝ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၁ | ဒီဂရီစင်တီဂရိတ် |

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၄

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့ရှိ ဟော်ခမ်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက်ရှိ သာသနာ့တံခွန်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ရှိ စွန်းလွန်းကျောင်းစာသင်တိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ပန်ဆောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးကိုနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရွှေပြည်တော်ဝင် သာမဏေကျောင်းတိုက်ရှိသံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် ကြက်ဥတို့ လှူဒါန်းသည်။



**ထောက်ပံ့လှူဒါန်းလျက်ရှိ**

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် လတ်တလော ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ သံဃာတော်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေး စာသင်တိုက်များသို့လည်းကောင်း၊ ပရဟိတကျောင်းများသို့ လည်းကောင်း၊ စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းလျက်ရှိသည့်အပြင် ဒေသအသီးသီးရှိ ကိုဗစ်-၁၉ စင်တာများသို့လည်း စားနပ်ရိက္ခာများ ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**ရန်ကုန် မေ ၂၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့်အတူ ယနေ့ နံနက် ၆ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်းရှိ မအူကုန်းစည်ပင်အိမ်ရာဝင်းအတွင်း ရွှေ့လျားဈေးကားစနစ်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက် မျိုးစုံ၊ အသားမျိုးစုံနှင့်ငါး၊ ပုစွန်အမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ လတ်ဆတ်စေရေး၊ အလေးချိန်ခွင် တိကျမှန်ကန်စေရေးနှင့် ဈေးရောင်း/ဈေးဝယ်သူများ နှာခေါင်းစည်း တပ်ဆင်ရန် ကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် စီမံရေးရာဌာန ဝန်ထမ်းသင်တန်းကျောင်းနှင့် အားကစားရုံများကို လည်းကောင်း၊ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)မှ လွတ်လပ်ရေးရပ်ကွက်နှင့် သိမ်ဖြူမီးရထားရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းတစ်လျှောက် ဗိုလ်မင်းရောင်မြောင်းနှင့် Culvert များ ရေစီးရေလာကောင်းမွန်စေရေးအတွက် Excavator ယန္တရားယာဉ်များ၊ မြောင်းရှင်းလုပ်သားများဖြင့် အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဗိုလ်မင်းရောင်မြောင်း ရေဝင်ပေါက်ဖြတ်မြောင်းများ ပိတ်ဆို့မှုမရှိအောင် ရှင်းလင်းရေး၊ သိမ်ဖြူလမ်းထောင့် သိမ်ဖြူတော်ကြီးအနီး အမှိုက်များ၊ မြေပုံများ ရှင်းလင်းရေး၊ ဗိုလ်မင်းရောင်လမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေးတို့အား ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအဆင့် ပထမတန်းမှ နဝမတန်းအထိ စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

**မန္တလေး မေ ၂၄**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် မတ်လအတွင်းက ကျင်းပခဲ့သည့် အခြေခံပညာအဆင့် Grade-1(ပထမတန်း)မှ Grade-10 (နဝမတန်း)အထိ စာမေးပွဲအောင်စာရင်းများအား ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အခြေခံပညာကျောင်းအသီးသီးတွင် ထုတ်ပြန်ကြေညာပေးထားကြောင်း သိရသည်။

အဆိုပါ အခြေခံပညာအဆင့် အောင်စာရင်းများအတွက် အရည်အချင်းစစ်စာမေးပွဲကို မတ်လအတွင်းကကျင်းပခဲ့ပြီး ၎င်းတို့အနက် Grade-9 စာမေးပွဲအတွက် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ကြီးကြပ်ပြုစု၍ မတ် ၁၇ ရက်မှ ၂၃ ရက်အထိ စစ်ဆေးခဲ့ရာ ၎င်း Grade-9 စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်းသူဦးရေ ၃၀၀၀၀ ကျော် ဝင်ရောက်ဖြေဆိုခဲ့ကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးစာရင်းများအရ သိရသည်။

လာမည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား မူလတန်းအဆင့် Grade-5 ကို သင်ရိုးသစ်အဖြစ် လည်းကောင်း၊ အလယ်တန်းအဆင့် Grade-8 ကို သင်ရိုးသစ်အဖြစ် လည်းကောင်း၊ အထက်တန်း အဆင့်တွင် Grade-11 ကို သင်ရိုးသစ်အဖြစ် လည်းကောင်း ပြောင်းလဲသင်ကြားပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် မူလတန်းအဆင့် Grade-5 ကို သင်ရိုးသစ်အဖြစ် ပြောင်းလဲ သင်ကြားပေးနိုင်ရန် ဆရာ ဆရာမများအား ဗဟိုအဆင့် နည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**



မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် စာမေးပွဲအောင်စာရင်း လာရောက်ကြည့်ရှုနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တွေ့ရစဉ်။



# တပ်ကုန်းမြို့နယ်၌ စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရန် စာဖတ်ဝိုင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေး

**တပ်ကုန်း မေ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ စာဖတ်ဝါသနာပါသူများနှင့်အတူ စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းကျင်းပပေးလျက်ရှိရာ စာရေးဆရာမ ခင်စောတင့် ရေးသားထားသည့် "နေ့စဉ်ကျန်းမာရွှင်လန်းစေဖို့အကြံပေးစကားများ" စာအုပ်ကို ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

## အပြန်အလှန်ဆွေးနွေး

အဆိုပါစာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ ဒုတိယဦးစီးမှူး ဒေါ်မေစောမွန်၊ မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများ အသင်းအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်သင်းသင်းလှိုင်(သင်းသင်းလှိုင် - တပ်ကုန်း)၊ ဆရာမ ဒေါ်မြသန္တာတို့က စာပေဝါသနာပါသူများနှင့်အတူ စာရေးဆရာမ ခင်စောတင့် ရေးသားထားသည့် "နေ့စဉ်ကျန်းမာရွှင်လန်းစေဖို့အကြံပေးစကားများ" စာအုပ်တွင်ပါရှိသော သင့်ရဲ့ကျန်းမာချမ်းသာရေးအတွက် သင်သာသခင်ဖြစ်ပါစေ၊ မြင်ကွင်းရှိသော အခန်းကိုရယူပါ၊ သင့်စိတ်ကို နုပျိုအောင်ထားပါ၊ သတိရှိရှိစားသောက်ပါ လျှော့ပြီးစားပါ၊ ဝါသနာများကို မိတ်ဆွေတွေနဲ့အတူ ကျင့်သုံးခြင်းက စိတ်ဓာတ်မြင့်တက်ခြင်းကို ရပါတယ်၊ ငြိမ်းအေးခြင်းကိုရရှိဖို့ နည်းပညာကိုပိတ်ထားလိုက်ပါ၊ စိတ်တည်ငြိမ်အေးချမ်းရှိနေဖို့ ဦးနှောက်ကိုလေ့ကျင့်ပေးပါ စသည့် ခေါင်းစဉ်များဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# အမ်းမြို့နယ်၌ အားကစားနှင့် ကာယပညာဦးစီးဌာနမှ နွေရာသီအခြေခံ အားကစားသင်တန်းဖွင့်လှစ်

**အမ်း မေ ၂၄**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ နွေရာသီအခြေခံ အားကစားသင်တန်းကိုမိုးလုံလေလုံအားကစားခန်းမတွင် ယမန်နေ့ ညနေ ၄ နာရီက နွေရာသီအခြေခံ အားကစားသင်တန်း ငါးမျိုးအား ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းအားအနာဂတ်လူငယ်များကို ကျန်းမာကြံ့ခိုင်စေရန်နှင့် ဘက်စုံထူးချွန်စေရန် ရည်ရွယ်၍ နွေရာသီအခြေခံ အားကစားသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ သင်တန်းတွင် ပိုက်ကျော်ခြင်း၊ အေရိုးဗစ်၊ ဘော်လီဘော၊ ဘောလုံး၊ စားပွဲတင်တင်းနစ်သင်တန်းများကို လူငယ်များအား ဖိတ်ခေါ်ကာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဝေနှင့် ဝန်ထမ်းများက သင်ကြားပေးလျက်ရှိပြီး သင်တန်းကာလမှာ မေ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# မင်းဘူး(စကု)မြို့နယ်၌၂၀၂၂ ခုနှစ်စိုက်ပျိုးရာသီတွင် နေကြာသီးနှံ ဧက ၄၃၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

မင်းဘူး မေ ၂၄


မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးတို့အတွက် ၂၀၂၂ ခုနှစ် မိုးနှင့် ဆောင်းစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ဧကပေါင်း ၄၃၀၀၀ ကျော်လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ မြေပဲနှင့် နေကြာတို့ကို အဓိကအားထားစိုက်ပျိုးကြပြီး စိုက်ပျိုးစရိတ်ကုန်ကျမှုနည်းပါးသည့် နေကြာသီးနှံကိုစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံစေရေး၊ ပြည်ပစားသုံးဆီ တင်သွင်းရောင်းချမှု/သုံးစွဲမှု လျှော့ချစေရေး၊ စိုက်ပျိုးတောင်သူများ တစ်ဧကအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့်များ စနစ်တကျ စိစစ်ရွေးချယ်စိုက်ပျိုးနိုင်စေရေးနှင့် တောင်သူတစ်ဦးချင်းအလိုက် ဝင်ငွေတိုးတက်စေရေးတို့အတွက် ၂၀၂၂ ခုနှစ် မိုးနှင့်ဆောင်းစိုက်ပျိုးရာသီတွင် နေကြာသီးနှံကို ဧကပေါင်း ၄၀၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်မိုးရာသီတွင် နေကြာသီးနှံကို သီးညှပ်စိုက်ပျိုးမည့်တောင်သူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တစ်ဧကလျှင် တစ်ပြည်နှုန်းဖြင့် မျိုးစေ့များ အခမဲ့ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပြောကြားသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၁ခုနှစ် မိုးနှင့်ဆောင်းစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ဧကပေါင်း ၁၂၄၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်မိုးရာသီတွင် ၁၀၀၆၄ ဧကနှင့် ဆောင်းရာသီတွင် ၃၃၅၀၄ ဧကစုစုပေါင်း ၄၃၅၆၈ ဧကအထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင် (မင်းဘူး)






# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## We Study in China
## (ပညာတော်သင်ခံစားမှု အတွေ့အကြုံဆောင်းပါးများ)

ပညာတော်သင်ကျောင်းသား ကျောင်းသူများ စုစည်း ရေးသားသည့် ပညာတော်သင်ခံစားမှု အတွေ့အကြုံဆောင်းပါးများ (We Study in China) စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

ဆောင်းပါးများကို တရုတ်ပြည်တွင် ပညာသင်ကြားပြီး နေရပ်ပြန်လည်ရောက်ရှိလာကြသည့် မြန်မာပညာတော်သင်များ၏ အတွေ့အကြုံများ၊ တရုတ်ပြည်၏ အထင်ကရ မြို့ကြီးများဖြစ်ကြသည့် ကွမ်ကျိုး၊ နန်နင်း၊ ပေကျင်း၊ တလီ၊ ကူမင်းစသည့်မြို့ကြီးများသို့ ပညာတော်သင်များ ရောက်ရှိလေ့လာခဲ့ရသည့် ဗဟုသုတများ Nanning People’s Park၊ ကွမ်တုန်းနိုင်ငံခြားဘာသာနှင့် နိုင်ငံခြားကုန်သွယ်ရေးတက္ကသိုလ်၊ နန်နင်းမြို့ရှိ ကွမ်ရှီးတိုင်းရင်းသား လူမျိုးစုတက္ကသိုလ်၊ မြို့တော်ပေကျင်း၊ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ တက္ကသိုလ်များသို့ ရောက်ရှိစဉ် မြန်မာဘာသာရပ်သင်ယူနေသူ တရုတ်ကျောင်းသားများအား မြန်မာစာပေနှင့် မြန်မာ့ရိုးရာဓလေ့များကို ဖလှယ်ခဲ့သည့် အတွေ့အကြုံများ၊ ပညာတော်သင်ဘဝ လှုပ်ရှားမှုအဖုံဖုံ၊ ရောက်ရှိခဲ့သည့်ဒေသ၏ ရှုခင်းအစုံစုံတို့ကို ပြုစုရေးသားထားသည့်အတွက် အသိပညာဗဟုသုတများ ရရှိပြီး နိုင်ငံရပ်ခြားတွင် ပညာဆည်းပူးလိုသူများအနေဖြင့်လည်း လေ့လာဖတ်ရှုသင့်သော စာအုပ်ဖြစ်သည်။

စာအုပ်ကို ရသယဉ်စွန်းတန်းစာအုပ်တိုက် အမှတ်-၂၀၊ ဥဿဖယားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၃၉၈၅၁၂၈ နှင့် ၀၉-၈၈၃၄၈၄၄၁၄ တို့မှ ကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။



# မြို့သစ်မြို့နယ်၌ နွေစပါး ၆၁၁၂ ဧက စိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီရေး ဆက်လက်ဆောင်ရွက်

မြို့သစ် မေ ၂၄

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် နွေစပါးဧက ၆၁၁၂ ဧကစိုက်ပျိုးပြီးစီးခဲ့ပြီး လျာထားဧကပြည့်မီရေး ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

မြို့သစ်မြို့နယ်တွင် နတ်မောက်ဆည် လက်ယာမြောင်း၊ လက်ဝဲမြောင်း၊ စွန်ဆည်၊ ဆဒ္ဒန်ဆည်၊ ပုလင်းဆည်နှင့် ဘုတ်ချောင်းဆည်တို့မှရရှိသော စိုက်ပျိုးရေဖြင့် နွေစပါးစိုက်ပျိုးရန် လျာထားဧက ၁၁၆၂၀ ရှိရာ ယနေ့အထိ ၆၁၁၂ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး လျာထားဧကပြည့်မီရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နွေစပါးအဖြစ် ရတနာတိုးစပါး၊ ရက်ကိုးဆယ်စပါး၊ ဆင်းသုခစပါး၊ GW-11 စပါးမျိုးများ စိုက်ပျိုးခဲ့ပြီး နွေစပါးစိုက်တောင်သူများ တစ်ဧကတင်း ၁၀၀ ကျော် အထွက်နှုန်းရရှိစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး ဝန်ထမ်းများက ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

သန်းဝင်းထွန်း(ပြန်/ဆက်)

# ကပ်ပါးမွှားရောဂါ ထိန်းချုပ်ရေးအတွက် အသိပေးနှိုးဆော်ချက်

ရာသီဥတုအပူချိန် ပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်း၌ မွေးမြူရေးပျားအုံများတွင် ရောဂါများကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ဥရောပ ပျားမွေးမြူရေးအုံများတွင် ကပ်ပါးမွှားရောဂါထိန်းချုပ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

၁။ ပျားစခန်းရွှေ့ပြောင်းလျှင် မိမိပျားစခန်းအား ပျားရောဂါကုသပြီးမှသာ ရွှေ့ပြောင်းရန်။

၂။ လက်ရှိချထားမွေးမြူလျက်ရှိသောဒေသရှိ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်တာဝန်ခံမှ ထုတ်ပေးသော ပျားရောဂါကုသပြီးစီးကြောင်း ထောက်ခံချက်လက်မှတ်ရရှိမှသာ ရွှေ့ပြောင်းရန်။

၃။ ပျားစခန်းအားလုံး ဧပြီလဆန်းမှ မေလပထမပတ်အတွင်း ကပ်ပါးမွှားရောဂါ တစ်ချိန်တည်း တစ်ပြိုင်တည်း ကုသမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

၄။ ပျားစခန်းရွှေ့ပြောင်းချထားမွေးမြူမည့် နေရာပတ်ဝန်းကျင်ရှိ ပျားစခန်းများတွင် ကပ်ပါးမွှားရောဂါ ကျရောက်ဖြစ်ပွားမှု ရှိ/မရှိ ဦးစွာစုံစမ်းပြီး ရောဂါကင်းရှင်းမှသာ ရွှေ့ပြောင်းမွေးမြူရန်။

၅။ ဒေသခံပျားများ ပေါများစွာရှိသောနေရာတွင် ပျားစခန်းချထားမွေးမြူခြင်း မပြုရန်။

၆။ ပျားအုံပြင်ပစစ်ဆေးခြင်းကို နေ့စဉ်ဆောင်ရွက်ရန်။

၇။ အုံတွင်းစစ်ဆေးမှု ပြုလုပ်သည့်အခါတိုင်း သံသယရှိသော ရုပ်ဖုံးသားလောင်းများကို ဖောက်ထုတ်စစ်ဆေးရန်။

၈။ ပျားအင်အားကောင်းအောင် ဆောင်ရွက်၍ ပျားသလက်ချပ်နှင့် ပျားအင်အား မျှတမှုရှိနေစေရေး ဆောင်ရွက်ရန်။

၉။ ပျားအုံများကို ရောဂါဒဏ်ခံနိုင်ရည်ရှိသော ပျားဘုရင်မများဖြင့် မွေးမြူနိုင်ရေး လုပ်ဆောင်ရန်။

၁၀။ လိုအပ်သော ဖြည့်စွက်စာများကို တိုက်ကျွေးရန်။

၁၁။ ရောဂါကျရောက်ပါက ဌာနမှသတ်မှတ်ထားသော ဆေးဝါးများကိုသာ အသုံးပြုကုသရန်။

၁၂။ ရောဂါဆိုးရွားစွာ ကျရောက်နေသော ပျားစခန်းကို အခြားပျားစခန်းများနှင့် အနည်းဆုံး(၃)မိုင် အကွာအဝေးသို့ ရွှေ့ပြောင်း၍ သီးခြားထားရှိစေပြီး ပျားစခန်းရှိ ပျားအုံအားလုံးကို အမြန်ဆုံးဆေးကုသမှုဆောင်ရွက်ရန်။

၁၃။ ရောဂါကျရောက်ဖြစ်ပွားနေကြောင်း သိရှိပါက နီးစပ်ရာတိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ်ပျားမွေးမြူမှု ဖွံ့ဖြိုးရေးတာဝန်ခံရုံးနှင့်မြန်မာနိုင်ငံပျားလုပ်ငန်းရှင်များအသင်းထံသို့ ဆက်သွယ်အကြောင်းကြား၍ ပူးပေါင်းဆောင်ရွက်မှု ရယူရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့်နည်းလမ်းများ

လမ်းမီးများကို အလင်းရောင်ရှိသောအချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

အလင်းရောင်အားနည်းလာသည့်အချိန်တွင် လမ်းမီးများကို အလိုအလျောက်ဖွင့်စေပြီး အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။

## ပုံပြင်

# တံငါသည်လင်မယား

မင်းယုဝေ

တစ်ခါသော် အလွန်ဆင်းရဲသော တံငါသည်လင်မယားနှစ်ယောက် ရှိလေသည်။

သူတို့တွင် အိမ်ဟူ၍မရှိ။ ထို့ကြောင့် သူတို့သည် ပင်လယ်အနီးရှိ ကျင်းကြီးတစ်ခုတွင် နေထိုင်ကြလေသည်။ နေ့စဉ်ပင် ယောကျ်ားဖြစ်သူသည် ပင်လယ်သို့ တစ်နေကုန် တစ်နေခန်း ငါးမျှားထွက်ရ၏။ တစ်နေ့သ၌ သူ၏ငါးမျှားချိတ်တွင် အလွန်ကြီးမားသော ငါးကြီးတစ်ကောင်မိ၍ ပါလာလေသည်။ ထိုအခါ ငါးကြီးက တံငါသည်အား သူ၏အသက်ကို ချမ်းသာပေးရန် တောင်းပန်၏။

ထို့နောက် ငါးကြီးက "ကျွန်ုပ်သည် ငါးအစစ် မဟုတ်ပါ။ ပြုစားခြင်းခံရသော မင်းသားတစ်ပါးသာ ဖြစ်ပါသည်။ ကျွန်ုပ်အား ရေထဲသို့ ပြန်သွားခွင့်ပြုပါ"ဟု ပြောဆို၏။ ထိုအခါ တံငါသည်က... "ကျွန်ုပ်သည်လည်း လူစကားပြောတတ်သောငါးကို အလိုမရှိပါ"ဟု ပြောကာ ငါးကြီးကို ချက်ချင်းပင် ရေထဲသို့ ပြန်လွှတ်လိုက်လေသည်။ ငါးကြီးသည် ငါးမျှားချိတ်မှ လွတ်လျှင်လွတ်ချင်း ရေအောက်သို့ လျင်မြန်စွာ ငုပ်လျှိုးပျောက်ကွယ်သွားလေ၏။ တံငါသည်သည် အိမ်သို့ ပြန်ရောက်သောအခါ ဇနီးဖြစ်သူအား အကြောင်းစုံကို ပြန်လည်ပြောပြသည်။ ထိုအခါ ဇနီးက ငါးကြီးအား ပြန်မလွှတ်မီ တစ်စုံတစ်ရာ မတောင်းခံကောင်းလားဟု အပြစ်တင်၏။ ဤတွင် ယောကျ်ားက မည်သည့်ပစ္စည်းကို တောင်းခံရမည်နည်းဟု မေးမြန်း၏။

ဇနီးက... "ကျွန်မတို့သည် ညစ်ပေ၍ လုံခြုံမှုမရှိသော ဤကျင်းကြီးထဲ၌ နေရသည်မှာ ဆင်းရဲလှပါသည်။ အိမ်ငယ်တစ်လုံးမျှရသော် မည်မျှသင့်မြတ်လိမ့်မည်နည်း။ ယခုပင် သွား၍တောင်းပါ"ဟု ပြောဆိုတိုက်တွန်း၏။

တံငါသည်ကား ဇနီး၏ တိုက်တွန်းချက်ကို မလိုက်နာလိုပေ။ သို့ရာတွင် ဇနီးက အထပ်ထပ်ပူဆာသဖြင့် နောက်ဆုံး၌ ပင်လယ်ကမ်းစပ်သို့ ထွက်လာခဲ့ရလေသည်။ တံငါသည်သည် သူ ပင်လယ်ကမ်းစပ်သို့ရောက်သော် ရေမှာ အဝါရောင်နှင့် အစိမ်းရောင်များ ယှက်သန်းလျက်ရှိနေသည်ကို တွေ့ရသည်။

သူသည် ကမ်းစပ်မှနေ၍ ငါးကြီးအား ဟစ်ခေါ်၏။ ဇနီးသည်က လွှတ်လိုက်၍ အကူအညီ လာတောင်းကြောင်းလည်း ပြောဆိုသည်။ ထိုခဏ၌ ငါးကြီးပေါ်လာကာ... "မည်သည့်ပစ္စည်းကို အလိုရှိပါသနည်း"ဟု မေးမြန်း၏။ တံငါသည်က အိမ်ငယ်လေးတစ်လုံး ရလိုကြောင်း ပြောဆိုသည်။ ဤတွင် ငါးကြီးက ... "ကောင်းပြီ၊ သင့်အိမ်သို့ပြန်သွားပါလေ၊ သင်၏ဇနီးအား အိမ်ထဲတွင်အသင့်တွေ့ရလိမ့်မည်"ဟု ဆို၏။

တံငါသည်လည်း ပြန်သွားရာ အိမ်ငယ်တစ်လုံး၏တံခါးပေါက်မှ ဆီးကြိုနေသော ဇနီးသည်ကို တွေ့ရလေ၏။ ဇနီးဖြစ်သူသည် ဝမ်းသာအားရဖြင့် သူ့အားအိမ်အနှံ့ လိုက်လံပြသသည်။

အိမ်၌ ညှော့ခန်း၊ အိပ်ခန်း၊ မီးဖိုခန်း စသည်တို့လည်း ရှိသည်။ အိမ်နောက်ဖေးဘက်တွင် သီးပင်၊ ပန်းပင်များရှိသော ဥယျာဉ်ငယ်တစ်ခုလည်းရှိသည်။ အိမ်ဘေးနေရာလွတ်တွင်လည်း ကြက်များ၊ ဘဲများ ရှိသည်။ တံငါသည်မှာ ဝမ်းမြောက်မဆုံး ရှိနေသည်။ သူက သူတို့တစ်သက်တာအဖို့ မပူမပင် နေထိုင်နိုင်လေပြီဟု ဆိုလေသည်။ သို့ရာတွင် တစ်ပတ်၊ နှစ်ပတ်ခန့်ကြာသော် ဇနီးဖြစ်သူသည် ထိုအိမ်ဖြင့် မရောင့်ရဲနိုင်အောင် ဖြစ်လာ၏။ ထိုအိမ်မှာ ကျဉ်းသေးသည်၊ ဥယျာဉ်မှာ ငယ်သေးသည် စသည်ဖြင့်ဆိုလာ၏။ နောက်ဆုံးတွင် ဇနီးက ငါးကြီးထံသွား၍ ကျောက်နန်းတော်တစ်ဆောင် တောင်းပါဟု ဆိုကာ တံငါသည်အား စေလွှတ်ပြန်၏။ တံငါသည်ကမူ ငါးကြီးစိတ်ဆိုးမည်စိုး၍ မတောင်းလိုပေ။ သို့ရာတွင် ဇနီးဖြစ်သူက အတန်တန် တိုက်တွန်းသဖြင့် ပင်လယ်ကမ်းစပ်သို့ သွားရပြန်လေသည်။

ဤအခေါက်တွင်မူ ပင်လယ်ပြင်သည် ပြာမှောင်၍ မှုန်မှိုင်းနေသည်ကို တွေ့ရသည်။ သူသည် ယခင်ကအတိုင်းပင် ငါးကြီးအား ဇနီးသည်က လွှတ်လိုက်၍ လာရကြောင်း အော်ခေါ်သည်။ ငါးကြီးလည်း ရေပေါ်သို့တက်လာကာ မည်သည်ကို အလိုရှိသနည်းဟု မေးမြန်းပြန်၏။ သူက ကျောက်နန်းတော်တစ်ဆောင် လိုချင်ကြောင်း ပြော၏။ ငါးကြီးကလည်း အလိုဖြည့်ပေးမည်ဆိုကာ ရှေ့နည်းအတိုင်း သူ့အား အိမ်ပြန်စေ၏။

သို့ဖြင့် တံငါသည်သည် အိမ်ပြန်ရောက်သော် ဇနီးဖြစ်သူအား အလွန်ကြီးကျယ်သော ကျောက်နန်းတော်ကြီးရှေ့တွင် ထိုင်နေသည်ကို မြင်ရလေ၏။


နန်းတော်ကြီးအတွင်း ခင်းကျင်းပြင်ဆင်ထားသည်မှာ ခမ်းနားလှပေသည်။ အခိုင်းအစေများမှာလည်း အများအပြားပင် ရှိသည်။ မြင်းဇောင်း၊ နွားတင်းကုပ်၊ ဥယျာဉ်၊ ရေကန် စသည်တို့မှာလည်း ကျယ်ပြန့်ကောင်းမွန်လှသည်။ ဤတွင် တံငါသည်က... "ဤနန်းတော်ကြီးနှင့် ကျေနပ်ပါပြီ၊ နောက်ထပ်ဘာကိုမှ အလိုမရှိတော့ပါ။ တစ်သက်ပတ်လုံး အေးချမ်းစွာ နေထိုင်တော့အံ့"ဟု ဆိုသည်။ ဇနီးသည်ကမူ ထပ်၍ တောင်းသင့်၊ မတောင်းသင့် စဉ်းစားရဦးမည်ဟု ဆိုပြန်သည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင် ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)





## ကဗျာ

### အဖြစ်တူ

ဖော်မမှီး
ကိုယ်တည်းပါကလာ့ ဆက်ရက်ငယ်။
နန်းတမာ ပင်မြင့်ဖျားမှာ
နားလာပေါ့ကွယ်။
စာဆို့နှယ်
ပူတယ်လို့ ထင်ရဲ့။
လှစ်ကျူး မာဂဓာမို့
မင့်ဘာသာ ငါ့မှာမသိသော်လည်း
မချိသူ အပူချင်းသာပ
စိတ်ရင်းမှာ တူညီပါလိမ့်
ကိုယ်ချင်းစာ ထားကာတွေးလို့ရယ်
ငေးမိတယ်ကွဲ့။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ဘဝ

# လူငယ်များနှင့် စေတနာ့ဝန်ထမ်းအလုပ်

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

ယနေ့ခေတ်လူငယ်များ၏ ဘဝနေထိုင်မှုပုံစံနှင့် သဘောထားအမြင်များကို လေ့လာကြည့်လျှင် လူငယ်များသည် ကျန်းမာသော၊ ပျော်ရွှင်သော၊ ထုတ်လုပ်မှုစွမ်းအားကောင်းမွန်သော လူမှုအဖွဲ့အစည်းဝင်များဖြစ်နေသည်ကို တွေ့ရသည်။ ကမ္ဘာ့နိုင်ငံအတော်များများရှိ လူငယ်များသည် စေတနာ့ဝန်ထမ်း လုပ်အားပေးလိုသော စိတ်သဘောထားအမြင်များ ရှိကြသည်။

လူငယ်များ၏ လုပ်အားပေးမှုသည် လူ့အဖွဲ့အစည်းကို များစွာအကျိုးဖြစ်ထွန်းစေသည်။ လူငယ်များသည် လူမှုအဖွဲ့အစည်းများတွင် စေတနာ့ဝန်ထမ်းလုပ်အားပေးခြင်းဖြင့် စေတနာ့ဝန်ထမ်းစိတ်ဓာတ်က အပြုသဘောဆောင်သော နိုင်ငံသားစိတ်ကို မြှင့်တင်ပေးသည်။ လူ့အဖွဲ့အစည်းတွင် လူငယ်များ စေတနာ့ဝန်ထမ်းလုပ်အားပေးခြင်းဖြင့် လူမှုဘဝကို ပိုမိုနားလည်သဘောပေါက်လာကြသည်။ လူသားအချင်းချင်း စာနာမှုသဘောတရားကို သိရှိလာကြသည်။ စေတနာ့ဝန်ထမ်းလုပ်အားပေးခြင်းသည် အခြားသူများကို ကူညီခြင်းပင် ဖြစ်သည်။ လုပ်အားပေးခြင်းဖြင့် ထိုသူတို့၏ မေတ္တာစေတနာကို ပြန်လည်ရရှိခံစားရနိုင်သည်။ လေ့လာမှုများအရ လူငယ်များ စေတနာ့ဝန်ထမ်း လုပ်အားပေးခြင်းသည် မိမိတို့၏ ကိုယ်ပိုင်အမှတ်လက္ခဏာကို ဖွံ့ဖြိုးတိုးတက်စေသည်။ ကျွမ်းကျင်မှုများကို မြှင့်တင်ပေးသည်။ မိမိကိုယ်မိမိ တန်ဖိုးထားတတ်လာသည်။ အခြားသူများအပေါ် စာနာကြည့်တတ်လာသည်။ မျှဝေခံစားတတ်လာသည်။ လူငယ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုနှင့်သက်ဆိုင်သော အခြားတိုးတက်မှုများ ရရှိလာမည်ဖြစ်သည်။ စေတနာ့လုပ်ငန်းလုပ်အားပေးခြင်းဖြင့် ကြိုးပမ်းဆောင်ရွက်မှုများသည် သိသာထင်ရှားသော ဆက်ဆံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို လွယ်ကူချောမောစေသည်။ ယင်းစေတနာ့ဝန်ထမ်းလုပ်အားပေးခြင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်ခြင်းမှတစ်ဆင့် လူငယ်များသည် စိတ်တူသဘောတူအချင်းချင်းတွေ့ဆုံမှု ရရှိလာနိုင်သည်။

**စေတနာ့ဝန်ထမ်းလုပ်အားပေးရန် လူငယ်များကို ဘယ်အရာက အားပေးသလဲ။**

လူငယ်များသည် စေတနာ့ဝန်ထမ်းလုပ်အားပေးခြင်းအတွက် အကြောင်းရင်းအမျိုးမျိုးနှင့် ပါဝင်ပတ်သက်လာကြသည်။ လူငယ်များ စေတနာ့ဝန်ထမ်းလုပ်အားပေးရန် အားပေးစေသောအကြောင်းရင်းများကို The Bureau of Labor Statistics ၏ စူးစမ်းလေ့လာမှုက အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

(၁) စေတနာ့ဝန်ထမ်းလုပ်အားပေးလူငယ်များ၏ ၃၀ ရာခိုင်နှုန်းခန့်အဆိုအရ သူတို့ကို အဖွဲ့အစည်းတစ်ခုက မေးမြန်းချဉ်းကပ်ကြခြင်းသည် အကြောင်းရင်းတစ်ခု ဖြစ်သည်။ သူတို့ကို လူငယ်အုပ်စုများက ချဉ်းကပ်လာသောအခါ စေတနာ့ဝန်ထမ်းလုပ်အားပေးဖြစ်သွားသည်ဟုဆို၏။ မိသားစုတာဝန်များတွင် လူငယ်များ ပါဝင်ဆောင်ရွက်နေရသောအခါ အဆိုပါလူငယ်များ၏ ခြောက်ရာခိုင်နှုန်းသည် စေတနာ့ဝန်ထမ်းလုပ်အားပေးရန် အချိန်မရသောကြောင့် လုပ်အားပေးခြင်းမပြုနိုင်ဟု ဆိုကြသည်။

(၂) သူတို့ပါဝင်ပတ်သက်နေသော ကျောင်း (သို့မဟုတ်) အဖွဲ့အစည်းတွင် တစ်ဦးဦးက စေတနာ့ဝန်ထမ်းလုပ်အားပေးရန် မေးမြန်းပြောဆိုသည်။

ကျောင်းရှိလူများက သူတို့အား မေးမြန်းကြသောကြောင့် ခန့်မှန်းခြေအားဖြင့် ၂၁ ရာခိုင်နှုန်းသောလူငယ်များက ပါဝင်ကြသည်။ လူငယ်များ ပါဝင်ပတ်သက်နေသောကျောင်းများ(သို့မဟုတ်) အခြားအဖွဲ့အစည်းများသည် လူငယ်များအား စေတနာ့ဝန်ထမ်းလုပ်အားပေးကြိုးပမ်းမှုများတွင် ပါဝင်ရန် ထိရောက်သောကိရိယာများ ဖြစ်နိုင်သည်။

(၃) ဆွေမျိုးများ (သို့မဟုတ်) သူငယ်ချင်းများက မေးမြန်းဖိတ်ခေါ်သောအခါ စေတနာ့ဝန်ထမ်းလုပ်အားပေးကြသည်။

အထူးသဖြင့် သူငယ်ချင်းများ(သို့မဟုတ်) မိသားစုက သူတို့ကို မေးမြန်းဖိတ်ခေါ်သောကြောင့် ၁၆ ဒသမ ၅ ရာခိုင်နှုန်းသော လူငယ်များသည် စေတနာ့ဝန်ထမ်း လုပ်အားပေးကြသည်။ ဝန်ဆောင်မှုအတွက် မျှော်လင့်ထားမှုကို တိုက်ရိုက်ဆက်သွယ်ခြင်း(သို့မဟုတ်) တိုက်ရိုက်ဆက်သွယ်မှုအား ပံ့ပိုးပေးခြင်းသည် လူငယ်များကို စေတနာ့ဝန်ထမ်းလုပ်အားပေးရန် အားပေးနိုင်သည်။

**လူငယ်များ စေတနာ့ဝန်ထမ်းဆောင်ရွက်မှုကို ဟန့်တားနေသောအရာများ**

လူငယ်များ စေတနာ့ဝန်ထမ်းလုပ်အားပေးမှုကို အားမပေးဘဲ ဟန့်တားနေသော အရာများစွာရှိသည်။ The Bureau of Labor Statistics အရ ထိပ်တန်းအကြောင်းရင်းအချို့မှာ အောက်ပါတို့ဖြစ်သည်။

[၁] အချိန်မရှိခြင်းနှင့် အခြားတာဝန်ဝတ္တရားများ ရှိနေခြင်း။

ယနေ့ခေတ်လူငယ်များသည် ပို၍ပို၍ အလုပ်များနေကြသည်။ ကျောင်းနှင့်အားကစား လုပ်ဆောင်ခြင်းတွင်လည်းကောင်း၊ ကျောင်းပြင်ပလှုပ်ရှားဆောင်ရွက်မှုများနှင့် အခြားပွဲလမ်းသဘင်များ အကြားတွင်လည်းကောင်း၊ လူငယ်များ အလုပ်များနေကြသည်။ ထို့ကြောင့် သူတို့သည် တစ်စုံတစ်ရာပြုလုပ်ရန်၊ အချိန်ကို ရှာဖွေရန် သူတို့အတွက် ခက်ခဲနေကြသည်။ လူငယ်အသက်အုပ်စုအရွယ်အလိုက် အချိန်မရှိခြင်းသည် နံပါတ်တစ်အကြောင်းရင်းဖြစ်သည်။ ထို့ကြောင့်ခြောက်ရာခိုင်နှုန်းသောလူငယ်များ စေတနာ့ဝန်ထမ်း မဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရသည်။ မိသားစုတာဝန်ဝတ္တရားများသည်လည်း စေတနာ့ဝန်ထမ်းဆောင်ရွက်ရန် အတားအဆီးတစ်ခုဟု လူငယ်များက ဖော်ပြပြောဆိုကြသည်။

[၂] လက်တွေ့ကျသော အလေးထားစရာကိစ္စရပ်များ။

တစ်ခါတစ်ရံ လူငယ်များတွင် စေတနာ့ဝန်ထမ်းဆောင်ရွက်ရန် ဆန္ဒရှိပြီး အချိန်ရသော်လည်း သူတို့သည် သတင်းအချက်အလက် မရရှိခြင်း၊ ပို့ဆောင်ရေးမရရှိခြင်း(သို့မဟုတ်) ကုန်ကျစရိတ်များ မကျခံနိုင်ခြင်း စသော ရိုးစင်းပြီးလက်တွေ့ကျသော အတားအဆီးများ ကြုံတွေ့နေတတ်သည်။ လူကြီးများက စေတနာ့ဝန်ထမ်းဆောင်ရန် လိုအပ်သော အဆင့်များမှတစ်ဆင့် လက်တွေ့ကျသော အတားအဆီးများအား ကျော်လွှားရန် ကူညီပေးနိုင်သည်။

[၃] စိတ်ဝင်စားမှုကင်းမဲ့ခြင်း(သို့မဟုတ်)ပျော်ရွှင်ဖွယ်မကောင်းသော လှုပ်ရှားဆောင်ရွက်မှု။

စေတနာ့ဝန်ထမ်းဆောင်ရွက်သော လူငယ်များသည် တစ်ခါတစ်ရံတွင် စိတ်ဝင်စားမှု နည်းပါးကြသည်။ အကြောင်းမှုကား လှုပ်ရှားဆောင်ရွက်မှုများသည် အလွန်ခက်ခဲလှသည်။ အလွန်လွယ်ကူသည်လည်း ရှိသည်။ လှုပ်ရှားဆောင်ရွက်မှုများသည် လုပ်ရကျိုးမနပ်ဘဲ အကျိုးမရှိသည်လည်း ဖြစ်တတ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် လူငယ်တို့၏ ဉာဏ်ရည်နှင့် စိတ်ဝင်စားမှု၊ ကောင်းမွန်သောလိုက်ဖက်မှုမရှိဘဲ ရိုးစင်းသောအလုပ်ဖြစ်တတ်သည်။ အလွန်ခက်ခဲသော တာဝန်များသည် စိတ်ပျက်ဖွယ်ကောင်းသည်အထိ အလွယ်တကူဖြစ်လာနိုင်သည်။ အလွန်လွယ်ကူသော တာဝန်များသည် ပျင်းရိစရာကောင်းလောက်အောင် ဖြစ်လာသည်။ ယင်းအကြောင်းရင်းများသည် လူငယ်များကို စေတနာ့ဝန်ထမ်းအလုပ်များတွင် ပါဝင်ရန် စိတ်ဝင်စားမှု နည်းပါးစေသည်။

[၄] မည်သူမျှ မေးမြန်းမှုမရှိခြင်း။

လူငယ်များ စေတနာ့ဝန်ထမ်း မဆောင်ရွက်သော နောက်ဆုံးအကြောင်းရင်းမှာ သူတို့ကို လုပ်အားပေးရန် ဖိတ်ခေါ်မေးမြန်းခြင်း မပြုသောကြောင့် ဖြစ်သည်။ လူငယ်များကို စေတနာ့ဝန်ထမ်းဆောင်ရွက်ရန်ချဉ်းကပ်ပြီး သတင်းအချက်အလက်ဆိုင်ရာ အခွင့်အလမ်းများပေးခြင်းဖြင့် စေတနာ့ဝန်ထမ်းလုပ်အားပေးခြင်းကို လူငယ်များ စတင်စဉ်းစားလာကြမည် ဖြစ်သည်။

စင်စစ် လူငယ်များ စေတနာ့ဝန်ထမ်းဆောင်ရွက်ရန် မိဘများ၊ လူကြီးများ၊ ပညာပေးသူများ၏ အားပေးမှုအခန်းကဏ္ဍ လိုအပ်ပေသည်။ အခြားသူများကို ကူညီခြင်းသည် မရှိမဖြစ်လိုအပ်သော အပြုသဘောဆောင်သည့် လူငယ်ဖွံ့ဖြိုးတိုးတက်မှု၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ လူမှုရေးနှင့် လက်တွေ့ကျသော ကျွမ်းကျင်မှုများနှင့်အတူ လူငယ်များကို စေတနာ့ဝန်ထမ်းဆောင်ရွက်ခြင်း အတွေ့အကြုံ ပံ့ပိုးပေးခြင်းသည် လူငယ်များ၏ဘဝ အောင်မြင်ရေးကို ကူညီပေးနိုင်သည်။ လူမှုအဖွဲ့အစည်းများတွင်လည်း ပိုမိုပါဝင်လာစေမည် ဖြစ်သည်။

**Ref: Youth Volunteerism by Maria RT. de Guzman**



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် **ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၆၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၉၈,၇၅၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၂,၇၄၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၆၃၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

သို့ဖြစ်ပါ၍ (၃-၄-၂၀၂၂) ရက်နေ့မှစ၍ ယနေ့အထိ (၂၂) ရက် ဆက်တိုက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ (၁) ရာခိုင်နှုန်းအောက်သို့ လျော့နည်းလျက်ရှိနေပါကြောင်းနှင့် (၇-၄-၂၀၂၂) ရက်နေ့မှစတင်၍ ယနေ့အထိ (၁၈) ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၃-၄-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၉,၆၀၈,၀၃၇) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၇၄၄,၀၅၈) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၂,၈၆၃,၉၇၉) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၂၇၈,၃၂၉) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၃-၄-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၅၃,၇၅၀,၃၄၅) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါ ရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူ များအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

### (၂၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၀၆) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၀) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၁) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၇၂၅) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၄၁) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၂၉၆) ခု | (၆) ဦး |
| စုစုပေါင်း | (၇,၆၇၇) ခု | (၁၆) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ

### (၂၃-၄-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေ | (၆,၇၄၄,၀၅၈) ဦး |
| ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးလူဦးရေ | (၂၂,၈၆၃,၉၇၉) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးလူဦးရေ | (၁,၂၇၈,၃၂၉) ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် အကြိမ်ပြည့်ထိုးနှံပြီးလူဦးရေ | (၂၉,၆၀၈,၀၃၇) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၃,၇၅၀,၃၄၅) ကြိမ် |

ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၆၄၉၇၇၉ | ၈၀၄၃၄ | ၁၀၁၈၃၁၆ |
| ၂။ | အိန္ဒိယ | ၄၃၀၅၇၅၄၅ | ၄၂၅၁၉၄၇၉ | ၅၂၂၁၉၃ |
| ၃။ | ဘရာဇီး | ၃၀၃၄၅၆၅၄ | ၂၉၃၆၄၄၀၀ | ၆၆၂၆၆၃ |
| ၄။ | ပြင်သစ် | ၂၈၂၄၄၉၇၇ | ၂၅၈၅၂၈၃၂ | ၁၄၅၀၂၀ |
| ၅။ | ဂျာမနီ | ၂၄၁၀၉၄၃၃ | ၂၁၂၄၃၀၀၀ | ၁၃၄၆၂၄ |
| ၆။ | ဗြိတိန် | ၂၁၉၃၃၂၀၆ | ၂၀၇၈၂၃၅၀ | ၁၇၃၃၅၂ |
| ၇။ | ရုရှား | ၁၈၁၃၇၁၃၇ | ၁၇၄၇၄၆၂၈ | ၃၇၄၉၀၂ |
| ၈။ | တောင်ကိုရီးယား | ၁၆၈၉၅၁၉၄ | စိစစ်ဆဲ | ၂၂၁၃၃ |
| ၉။ | အီတလီ | ၁၆၀၇၉၂၀၉ | ၁၄၆၈၄၃၇၁ | ၁၆၂၆၀၉ |
| ၁၀။ | တူရကီ | ၁၅၀၁၆၂၇၀ | ၁၄၈၅၄၄၇၅ | ၉၈၆၇၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၅၆၃၅၀၂ | ၉၀၈၆၀၇၅ | ၄၃၀၁၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၄၁၅၀ | ၅၈၇၀၄၁၉ | ၁၅၆၁၀၀ |
| ၃။ | မလေးရှား | ၄၄၂၇၀၆၇ | ၄၃၁၀၅၉၉ | ၃၅၄၉၁ |
| ၄။ | ထိုင်း | ၄၁၆၅၈၇၄ | ၃၉၅၄၉၄၅ | ၂၇၇၇၈ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၄၅၀၀ | ၃၆၁၀၆၅၈ | ၆၀၁၈၂ |
| ၆။ | စင်ကာပူ | ၁၁၈၀၁၂၄ | ၁၁၁၂၇၆၂ | ၁၃၂၅ |
| ၇။ | မြန်မာ | ၆၁၂၇၄၉ | ၅၉၁၆၃၃ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၅၉၇၅ | စိစစ်ဆဲ | ၇၃၂ |
| ၉။ | ဘရူနိုင်း | ၁၄၁၁၁၉ | ၁၃၉၈၈၂ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၀၀ | ၁၃၂၈၉၆ | ၃၀၅၆ |

# ၂၀၂၂ ခုနှစ် အာဆီယံဆု (ASEAN Prize 2022) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံဒေသအတွင်းရှိ လူမှုဘဝများတိုးတက်စေရေး၊ လူမှုအဖွဲ့အစည်းများ ချိတ်ဆက်မှုအားကောင်းစေရေးနှင့် ကပ်ရောဂါကြောင့် ထိခိုက်မှုများအား ပြန်လည်ထူထောင်ရေးအတွက် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခုဖြစ်သည့် ၂၀၂၂ ခုနှစ် အာဆီယံဆု (ASEAN Prize 2022)ကို ပေးအပ်ချီးမြှင့်သွားနိုင်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် အောက်ဖော်ပြပါ နယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများဖြစ်ရပါမည်-

- (က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံဆောင်ရွက်မှုများ၊
- (ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံဆောင်ရွက်မှုများ၊
- (ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊
- (ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊
- (င) အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးအတွက်အထောက်အကူဖြစ်စေသည့် စွမ်းစွမ်းတမံဆောင်ရွက်ချက်များ၊

၃။ လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကို ရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်း စည်းကမ်းကို အခြေပြုသည့် ပြည်သူဗဟိုပြု အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ရပါမည်။ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ(၃)မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize/ တွင် ရယူနိုင်ပါသည်။

၅။ ၂၀၂၂ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို **၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ မေလ ၂၅ ရက်နေ့အထိ** လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာ ဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆု စတင်ချီးမြှင့်ခဲ့သည့်အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ဆုများကို အသီးသီး ဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက် အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်နှင့် မိုင်းခတ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၇၅၈၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၄၁၆၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ပန်ဆောင်ကျေးရွာ၌ ဒေသခံပြည်သူ ၉၆ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၁၅၁၂၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နှင့် ပဲခူး မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၁၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မောင်တောမြို့၌ နဝမအသုတ်(ပထမ)အကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**မောင်တော မေ ၂၄**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ဦးတည်အုပ်စုတွင် ပါဝင်သည့်သူများအား နဝမအသုတ် (ပထမ) အကြိမ်အဖြစ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ယမန်နေ့ နံနက်ပိုင်းက သတ်မှတ် နေရာများတွင် ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စာရင်းများ မှတ်ယူခြင်း၊ ကျန်းမာရေးဝန်ထမ်းများက လာရောက်ထိုးနှံသည့် ဦးတည်အုပ်စုတွင် ပါဝင်သည့်သူများအား ကိုယ်အပူချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိမှသာ စနစ်တကျ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။



အဆိုပါ ဦးတည်အုပ်စုတွင် ပါဝင်သည့်သူများအား နဝမအသုတ် (ပထမ)အကြိမ်အဖြစ် ယမန်နေ့နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်း ၁၀ ဦး၊ အခြားဝင်ငွေရှိသော လုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦး၊ မှီခိုသူ ၅၉ ဦး စုစုပေါင်း ၁၁၀ အား ထိုးနှံပေးခဲ့ပြီး မတ် ၂၉ ရက်မှ မေ ၂၃ ရက်အထိ နဝမအသုတ် (ပထမ)အကြိမ်အဖြစ် လူဦးရေ ၂၇၄၄ ဦးအား ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးခဲ့ပြီးဖြစ်ရာ ကျန်ရှိသူများကိုလည်း ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်တော(ပြန်/ဆက်)**

သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီး

**ကျောက်ပန်းတောင်း မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကို မြို့ပေါ်အထိုင်ဆေးထိုးစုရပ်များ၊ နယ်လှည့်ဆေးထိုးအဖွဲ့များဖြင့် ဆေးထိုးနှံမှုရာခိုင်နှုန်းပြည့် လွှမ်းခြုံနိုင်စေရေး အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ရာ၊ ယခုအခါ အကျုံးဝင်ဦးရေအားလုံး ၁၀၀ ရာခိုင်နှုန်း ထိုးနှံပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကြီးကြပ်၍ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် မေ ၂၂ ရက်က ရာနှုန်းပြည့် ထိုးနှံနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးထိုးလုပ်ငန်းများကို မြို့ပေါ်တွင် အထိုင်ဆေးထိုးစုရပ်နှစ်ခုနှင့် ကျေးရွာစုရပ်များအရောက် နယ်လှည့်ဆေးထိုးအဖွဲ့ ခုနစ်ဖွဲ့ဖြင့် ဆေးထိုးနှံခြင်း၊ မြို့အဝင်နေရာများတွင် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်စစ်ဆေး၍ ဆေးထိုးနှံပေးခြင်းများဆောင်ရွက်ခဲ့ရာ မြို့နယ်အတွင်း ဆေးထိုးရန်အကျုံးဝင်သူဦးရေ ၁၆၇၈၁၉ ဦးရှိသည့်အနက် ဆေးထိုးနှံပြီးစီးသူ ၁၆၇၈၂၇ ဦးရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၂-၄-၂၀၂၂ ရက်နေ့မှအဆက်

အဲလစ်ဆိုတာက ကျွန်တော့် မိန်းကလေး မိတ်ဆွေပါ။ တစ်ယောက်နဲ့ တစ်ယောက်ကွဲကွာနေကြတာတော့ ကြာပါပြီး ခင်ဗျားကို လူအုပ်ထဲမှာ ညပ်နေတာမြင်ပြီး သတိထားမိရာက အဲလစ်အထင်နဲ့ ဝင်ပြီး ကယ်မိတာပါ။ ဒါပေမဲ့ အခုခင်ဗျား စကားပြောပုံဆိုပုံ ဟာ အဲလစ်နဲ့ အတော်ကွာခြားတယ်ဆို တာ ကျွန်တော် သိလာပါပြီ”

သူ၏အသွင်မှာ တည်ငြိမ်လာသည်။ သူ၏အသံမှာလည်း အမှားအယွင်း တစ်ခုခု ကျူးလွန်မိသူတစ်ယောက်က တောင်းပန်စကား ဆိုဟန်မျိုးဖြင့် ပျော့ပျောင်းလာသည်။ သူသည် ယခု အခါတွင် နန်းကိန္နရီအား ရဲရဲစူးစူး မကြည့်ဝံ့သလို ဖြစ်နေသည်။

နန်းကိန္နရီမှာမူ တစ်ဒင်္ဂဖြစ်ပျက်လိုက် သော အဖြစ်အပျက်၏ ဆန်းကြယ်မှုကို လိုက်မမီနိုင်သလို ဘာပြန်ပြောရမည် ပင် မသိ။

“ကျွန်တော့်နာမည် မျိုးထွန်းသိန်းပါ။ ရေနံချောင်းကို အလည်လိုက်လာရင်း သူငယ်ချင်းတွေနဲ့ ပင်းဘုရားကို လိုက် ခဲ့တာပါ။ မီးလန့်တော့ လူတွေနဲ့ ရော ပါလာပြီး သူငယ်ချင်းတွေနဲ့ ကွဲသွား တယ်။ အဲအဆုံးမှာတော့ ခင်ဗျားကို အဲလစ်ထင်ပြီး လူအုပ်ထဲက ဝင်ဆွဲမိ တာပါပဲ”

သူက စကားဆက်သည်။

နန်းကိန္နရီသည် သူ၏မျက်လုံးညို ကြီးများ ဝေ့၍ ဝေ့၍ သွားသည်ကို အမှတ်ထားကြည့်မိသည် ကလွဲ၍ စကားမပြောဖြစ်နိုင်။ သူပြောပြသော အမှတ်ရခက်သည့် အမည်ကိုလည်း လျင်မြန်စွာ မေ့သွားမိလေသည်။

“အမယ်လေး အရီရယ်”

ကျောဘက်ဆီမှ အသံကို ကြားရ သည်။ ဒေါ်ဝင်းရီ၏အသံ။

နန်းကိန္နရီ နောက်သို့လှည့်ကြည့်မိ သည်။ ဒေါ်ဝင်းရီမှာ အူယားဖားယား အမူအရာဖြင့် သူ့ထံရောက်လာကြောင်း တွေ့ရသည်။

ဒေါ်ဝင်းရီအား မြင်ရလျှင် နန်းကိန္နရီ အားတက်လာသည်။ နေရာမှထကာ ဒေါ်ဝင်းရီ၏လက်များကို ဆုပ်ကိုင် လိုက်သည်။

“ကံကြီးပေလို့ လူကြားမှာ ညပ်မသေ တယ် ဒေါ်ဒေါ်ဝင်းရယ်။ အရီဖြင့်




လန့်သွားတာပဲ”

“ဒီလိုပဲပေါ့ အရီ၊ အရီ ထက်တောင် ဆိုးသေးတယ်။ ကိုယ့်ကိုယ်ကိုယ် လူအုပ် ထဲက ထွက်နိုင်အောင်ကြိုးစားရတာ တစ်ဖက်။ အရီ့အတွက် ပူရတာက တစ်ဖက်နဲ့၊ မီးလန့်လို့ပဲလား၊ ဒီကနေ့ ခေတ်လူငယ်တွေကပဲ သောင်းကျန်း သလားမသိဘူး၊ ဖြစ်လိုက်တဲ့ အဖြစ်က တော့ ရင်တုန်ပန်းတုန်ပဲ အရီရေ့”

ဒေါ်ဝင်းရီမှာ မောနေသည်။ အဝတ် အစားများမှာ တွန့်ကြေနေသည်။ ဆံပင် ပုံစံမှာ ပျက်နေသည်။

နန်းကိန္နရီသည် ကယ်တင်ရှင်အား သတိရသည်။ ဒေါ်ဝင်းရီနှင့် မိတ်ဆက် ပေးရန် ရည်ရွယ်သည်။

“အရီကို သူကယ်ပေလို့ပေါ့ ” ဆိုကာ နောက်သို့လှည့်သည်။ တစ်ဆက်တည်းမှာ ပင် သူ၏နှုတ်မှ “ဟင်” ဟူသော အာမေဋိတ်သံ ထွက်သွားရသည်။ အကြောင်းမူ သူ့အား ကယ်တင်ခဲ့သူသည် ထိုင်လက်စ နေရာ၌ မရှိတော့။ ဆိုင်ဘေး ပတ်ဝန်းကျင် တွင်လည်း သူ့ကိုမမြင်ရ။

“ဘာလဲ အရီ”

ဒေါ်ဝင်းရီ ထိတ်ထိတ်ပျာပျာမေး သည်။

“အရီ့ကို လူအုပ်ကြားက ဆွဲထုတ်ခဲ့တဲ့ လူပါ၊ သူ ဘယ်ပျောက်သွားပါလိမ့်”

“စောစောက အရီနဲ့မျက်နှာချင်းဆိုင် ထိုင်နေတဲ့ သူငယ်လား”

“အင်းလေ”

“ကိုယ့်လည်းမြင်ရော သူ့ဘာသာထပြီး လူအုပ်ထဲ တိုးဝင်သွားတာပဲ အရီ”

နန်းကိန္နရီ မချင့်မရဲ ဖြစ်ရသည်။

“ဘယ်လိုလူပါလိမ့်မလဲ”

စိတ်ထဲမှာ မကျေမချမ်း ဆိုမိသေး သည်။

“ဇရပ်ကို ပြန်ကြရအောင်”

ဒေါ်ဝင်းရီဆိုသည်။

နန်းကိန္နရီသည် ဒေါ်ဝင်းရီ၏ နောက်မှ လိုက်ခဲ့ရသည်။ စိတ်မှာ မကျေနပ်နိုင်သေး။ ဇရပ်သို့ ပြန်လာရာ လမ်းတစ်လျှောက်လုံး လူတကာ၏ မျက်နှာကို စေ့စေ့ကြည့်မိ သည်။ သူပါလာလေမလား အထင်နှင့်ဖြစ် သည်။ သို့ပေမဲ့ သူ၏ အရိပ်အယောင်ကို သော်မျှ မတွေ့ရ။

သူသည် ခြေရာဖျောက်ကောင်းသူပေ ပဲလား မပြောတတ်။ ဒေါ်ဝင်းရီအား မြင်ရုံ မျှဖြင့် အဘယ်ကြောင့် ရှောင်ထွက်သွားရ လေသနည်း မစဉ်းစားတတ်။ သူပြောခဲ့ သောအမည်ကို တကူးတက ပြန်တွေး သည်။ အစဖော်ကြည့်မိသည်။ “မျိုး” တစ်လုံးသာ မှတ်မိသည်။ ကျန်စာလုံးများ ကို မေ့သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။ ထိုအတွက် နန်းကိန္နရီမှာ ဘဝင်မကျနိုင် အောင် ရှိရသည်။

မည်သို့ဆိုစေ သူ့မျက်နှာကို မှတ်မိနေ သည်။ မြင်ယောင်နေသည်။ သူ၏ရုပ်သွင် မှာ နန်းကိန္နရီ၏ မျက်ဝန်းသူငယ်အိမ်၌ စွဲထင်နေဆဲဖြစ်သည်။

စင်စစ် သူ၏ရုပ်သွင်သည် မိမိ၏ မျက်ဝန်းသူငယ်အိမ်၌ စွဲထင်နေသည်သာ မဟုတ်သေး။ အသည်းနှလုံး၏ နက်ရှိုင်း သောအပိုင်းသို့တိုင် စွဲထင်နေသည့်အဖြစ် ကိုမူ ထိုစဉ်က နန်းကိန္နရီ မသိရိုးအမှန်၊ မမျှော်လင့်မိရိုးအမှန်ပင်။

ပင်းဘုရားပွဲတော် ပွဲခင်းကို သတိ မထားနိုင်လောက်အောင်၊ အခြားသော အကြောင်းအရာများကို မစဉ်းစားနိုင် လောက်အောင် မိမိ၏စိတ်အစဉ်ကို ကြီးစိုး လွှမ်းမိုးလာသည် ဆိုခြင်းကိုလည်း နန်းကိန္နရီ မတွေးတတ်နိုင်သေးပါပေ။

ထိုကြောင့်ပင် ဆိုခဲ့သည်မဟုတ်လော။

ပင်းဘုရားပွဲတော်သည် အသစ်ဖြစ် သောသူ၊ အသစ်ဖြစ်သော ဇာတ်လမ်း ကလေးများဖြင့် ထာဝရနုပျိုနေတတ် သည်ဟူ၍။

x x x x x

[၂]

နန်းကိန္နရီအဖို့ ဒေါ်ရေနံ့သာခင်ခင်ကြီး ၏ ဘဝဖြစ်စဉ်ကို ကြားရသည်မှာ ပျောက်ဆုံးနေလေသော အရာတစ်ခုကို ပြန်လည်ရှာဖွေတွေ့ရှိရသည့်နှယ်ဖြစ် သည်။

ဒေါ်ရေနံ့သာ ခင်ခင်ကြီး၏အကြောင်း ကို နန်းကိန္နရီအား ပြန်ပြောင်း ပြောပြခဲ့သူ မှာ ဒေါ်ဝင်းရီဖြစ်သည်။

စင်စစ် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ဘဝ ဖြစ်စဉ်ကို ကာယကံရှင်ကိုယ်တိုင်ကလွဲ လျှင် ဒေါ်ဝင်းရီအသိဆုံး၊ နားအလည်ဆုံး။ ဒေါ်ဝင်းရီကိုယ်တိုင် သိထားခဲ့သော အချက်များ၊ မသိခဲ့ရသေးသည်ကို ဒေါ်ရေနံ့သာခင်ခင်ကြီး ကိုယ်တိုင်က ဖြည့်စွက်ပြောပြထားချက်များအရ သည် ကမ္ဘာပေါ်တွင် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အကြောင်းကို အသိစွမ်းနိုင်ဆုံးသူ တစ်ယောက်ပြပါဆိုလျှင် ဒေါ်ဝင်းရီအား ပြရမည်ပင်။

ဒေါ်ဝင်းရီသည် နန်းကိန္နရီတို့ရေနံချောင်း သို့ ရောက်လာစ ရက်များကတည်းက သည်အကြောင်းကို ပြောဖြစ်ရန် အတန် တန်ကြိုးစားခဲ့သည်။ အချိန်မရခြင်း၊ လူမရှင်းခြင်းအပြင် ဒေါ်ရေနံ့သာခင်ခင် ကြီးကိုယ်တိုင်က သူ၏မျက်ကွယ်၌သာ သည်အကြောင်းကို ပြောပါဆိုသော ကြောင့် မပြောဖြစ်နိုင်ခဲ့။ နန်းကိန္နရီအား သည်အကြောင်း အသိပေးချိန်တန်ပြီ ဆိုခြင်းကိုမူ သမီးယောက်မ နှစ်ယောက် စလုံးက သဘောတူညီပြီး ဖြစ်သည်။

ဒေါ်ရေနံ့သာ ခင်ခင်ကြီးအကြံမှာ ရေနံချောင်းမှသည် မန္တလေးသို့ ကူးရန် ဖြစ်သည်။ မန္တလေးရှိ နန်းကိန္နရီအား မွေးစားခဲ့ပါသည်ဆိုသူထံ နန်းကိန္နရီ၏ အကြောင်းကို စေ့ငုချင်သည်။

သို့ဖြင့် မန္တလေးသို့မကူးမီ တစ်ရက် အလိုတွင် အခြေအနေကလည်းပေး၊ အခါအခွင့်ကလည်း ကြုံလာသဖြင့် ဒေါ်ဝင်းရီ ပြောဖြစ်ခဲ့သည်။

ထိုစဉ်က အိမ်တွင် ဒေါ်ရေနံ့သာ ခင်ခင်ကြီးမရှိ၊ အိမ်တစ်အိမ်သို့ နှုတ်ဆက်စကားဆိုရန် သွားသည်။ ဦးခင်မောင်ညွှန့်သည်လည်း အလည် လွန် နေဟန်ရှိသည်။

ဒေါ်ဝင်းရီသည် အဆက်မပြတ် စီးဆင်းမြဲ စီးဆင်းနေလေသော ဧရာ ဝတီမြစ်ရေ အလျဉ်နှယ်ဖြစ်သည့် ဦးအောင်ခန့်နှင့် ဦးကောင်းမိုးတို့၏ အငြိုးအတေး အမုန်းအတီးအလျဉ်မှ အစတည်ပေါက်ပွားလာသော ပဋိပက္ခ ဖြစ်ရမှု၊ နာကြည်း ကြေကွဲရမှုများမှ အစချီ နိဒါန်းပျိုးခဲ့သည်။

ပဋိပက္ခမုန်တိုင်းအကြားမှ သားကောင် ပမာ ဖြစ်ခဲ့ရ သည့် ဒေါ်ရေနံ့သာခင်ခင် ကြီး၏ဖြစ်စဉ်ကို ပင်ကိုက လှိုက်လှဲ နာကျင်လျက်ရှိရသောရင်ဖြင့် ကိုယ်တိုင် ထိတွေ့ ခံစားခဲ့ရသည့်ပမာ ပြောပြခဲ့ သည်။

နန်းကိန္နရီသည် ဒေါ်ဝင်းရီပြောသမျှ ကို စိတ်ဝင်တစား နားထောင်သည်။

အချို့သောအပိုင်းများတွင် သူ့ကိုယ် သူအသက်မှ ရှူမိပါလေစ၊ မျက်တောင် ခတ်ရန်ပင် သတိမရမိပါလေစ ထင်မိ သည်။

စင်စစ် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အဖြစ်ကို ကြားရသည်မှာ လှိုင်းစီးရ သည့်နှယ် လှိုက်မောဖွယ်လည်းကောင်း သည်။ ရင်တွင် နာကြည်းကြေကွဲခြင်း တံပိုးဂယက်တို့ ရိုက်ခတ်လာရစေနိုင် သည်စသည်ဖြင့် နန်းကိန္နရီ၏စိတ်တွင် အထင်ရောက်မိလေသည်။

ဒေါ်ဝင်းရီအနေနှင့် ဒေါ်ရေနံ့သာ ခင်ခင်ကြီး၏ အကြောင်းကို အဘယ်မျှ သိနားလည်သည်ဆိုစေ၊ ဒေါ်ရေနံ့သာ ခင်ခင်ကြီးနှင့်ပတ်သက်စပ်လျဉ်းလျက် ရှိသော ကိုမောင်မောင်ဦး၏ အကြောင်း ကိုမူ ဒေါ်ရေနံ့သာခင်ခင်ကြီးနှယ်ပင် မသိနားမလည်နိုင်သော အကြောင်းရပ် များစွာ ရှိနေပေသည်။ သူ့အနေနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးထံမှ တစ်ဆင့်ခံ နားလည်ရသည်ဖြစ်၍ ထိုသူ့အပေါ် ဒေါ်ရေနံ့သာခင်ခင်ကြီး နှယ်ပင် နာကြည်း မုန်းတီးနေခဲ့သည်သာဖြစ် သည်။ ထို့ကြောင့် ထိုသူနှင့်စပ်လျဉ်း၍ ပြောပြခဲ့သမျှတို့မှာလည်း နာကြည်း မုန်းတီးမှု လွှမ်းနေလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော် ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**“ဒေါ်ဝင်းရီသည် အဆက်မပြတ် စီးဆင်းမြဲ စီးဆင်းနေလေသော ဧရာဝတီမြစ်ရေ အလျဉ်နှယ်ဖြစ်သည့် ဦးအောင်ခန့်နှင့် ဦးကောင်းမိုးတို့၏ အငြိုးအတေး အမုန်းအတီးအလျဉ်မှ အစတည်ပေါက်ပွားလာသော ပဋိပက္ခ ဖြစ်ရမှု၊ နာကြည်း ကြေကွဲရမှုများမှ အစချီ နိဒါန်းပျိုးခဲ့သည်။ ပဋိပက္ခမုန်တိုင်းအကြားမှ သားကောင်ပမာ ဖြစ်ခဲ့ရသည့် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ဖြစ်စဉ်ကို ပင်ကိုက လှိုက်လှဲနာကျင်လျက်ရှိရသောရင်ဖြင့် ကိုယ်တိုင် ထိတွေ့ ခံစားခဲ့ရသည့်ပမာ ပြောပြ…”**



## ရွှေကျင်မြို့နယ်တွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်ပွဲနှင့် မျိုးစေ့ပေးအပ်ပွဲ ကျင်းပ

ရွှေကျင် မေ ၂၄

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ မိုးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးပွဲနှင့် မျိုးစေ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အနောက်ဘက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမင်းသူနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက တောင်သူဦးဇော်မြင့်ဦး၏ ကိုင်းမြေဧက ၁၀ ဧကသို့ ကြဲပက်စိုက်ပျိုးပေးခဲ့ပြီး စိုက်ပျိုးပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရွှေကျင်မြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ဧက ၄၀၀ စိုက်ပျိုးကြဲပက်ရန် လျာထားပြီး ယခုလက်ရှိအချိန်တွင် ၁၀ ဧကကို စံပြအဖြစ်ကြဲပက်စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ဆက်လက်၍ ကျန်ရှိသည့် လယ်ဧကများကိုလည်း မိုးကြိုရာသီအမီ ကြဲပက်စိုက်ပျိုးသွားမည်ဖြစ်ကာ သစ်စိမ်းမြေဩဇာ ထည့်သွင်းခြင်းကြောင့် လယ်ယာမြေများ မြေဆီမြေဩဇာ ဖွံ့ဖြိုးတိုးတက်၍ သီးနှံအထွက်နှုန်းများ တိုးတက်လာမည်ဖြစ်သည့်အပြင် တောင်သူများအနေဖြင့်လည်း မိမိတို့၏ လယ်ယာမြေတွင် သဘာဝသစ်စိမ်းမြေဩဇာများ ထည့်သွင်းခြင်းကြောင့် မြေဆီအာဟာရ တိုးတက်ခြင်းအကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ပြီး ဓာတ်မြေဩဇာသုံးစွဲမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကြဲပက်ပွဲနှင့် မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

ညောင်တုန်း မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကြဲပက်ပွဲနှင့် မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၈နာရီက ဆားမလောက်ကျေးရွာ ကွင်းအမှတ်(၃၈၂)၊ ဦးပိုင်အမှတ် (၁၅၄/၁)ရှိ တောင်သူဦးကျင်လှိုင်၏ လယ်မြေ ရှစ်ဧက၌ ဆောင်ရွက်ခဲ့သည်။



အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးလူချော က သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိတိုးလာခြင်း၊ သွင်းအားစု ဓာတ်မြေဩဇာ လျှော့ချသုံးစွဲနိုင်ခြင်း၊ သီးနှံအရည်အသွေး တိုးတက်ကောင်းမွန်လာခြင်းစသည့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ထို့နောက် စံပြစိုက်ကွက်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကြဲပက်ခြင်း ဆောင်ရွက်ခဲ့ပြီး တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဒေသခံတောင်သူများထံသို့ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကြဲပက်ခြင်းနှင့် မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ထက်ဝေဖြိုး(ပြန်ဆက်)**

## သာယာဝတီမြို့နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ဆွေးနွေး

သာယာဝတီ မေ ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက စံရွေးအုပ်စု စံရွေးကျေးရွာ ရွာလယ်ဘုရားကြီးတန်ဆောင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျန်းမာရေး၊ သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသိပညာပေး ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ဒေသခံတောင်သူများက သိရှိလိုသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးမေးမြန်းရာ မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သန့်ဇော်(သာယာဝတီ)**




## ကျောက်တံခါးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး အသိပညာပေး

ကျောက်တံခါး မေ ၂၄

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က ဘွဲ့ချင်ကျေးရွာအုပ်စု မြောက်စုကျေးရွာနှင့် တောင်ပေါ်စု ကျေးရွာအုပ်စု တောင်ပေါ်စုကျေးရွာ ဘုန်းကြီးကျောင်းတို့၌ ပြုလုပ်ခဲ့သည်။



အသိပညာပေး ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့်သက်ဆိုင်သည့် စိုက်ပျိုးရေး ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊မြေစာရင်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက power pointဖြင့် ပညာပေး ဆွေးနွေးခဲ့သည်။ ဆက်လက်၍ငါးလုပ်ငန်းဦးစီးဌာနက အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်အစာအတွက် နေပီယာမြက်မျိုးပင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော ဒေသခံပြည်သူများက သိရှိလိုသည်များကိုပြန်လည်တင်ပြရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စန်းစန်း (ပြန်/ဆက်)**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# မင်းလှမြို့နယ်တွင် နွေရာသီကာလ အခြေခံမြန်မာ့ရိုးရာသိုင်းသင်တန်း ဖွင့်လှစ်သင်ကြား

**အထက်မင်းလှ ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီကာလ အခြေခံမြန်မာ့ရိုးရာသိုင်းသင်တန်းကို အမှတ်(၂)



ကာကွယ်ရေးပစ္စည်းစက်ရုံ ရိပ်သာခန်းမ၌ ဧပြီ ၂၂ ရက်က စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မင်းလှမြို့နယ်၌ နွေရာသီကာလ အခြေခံမြန်မာ့ရိုးရာသိုင်းသင်တန်း ဖွင့်လှစ်ရာတွင် ကျောင်းသား ကျောင်းသူများ၊ လူငယ် လူရွယ်များ အားကစားကို စိတ်ပါဝင်စားပြီး အချိန်ကို အကျိုးရှိစွာ အသုံးချတတ်လာစေရန်၊ ကျန်းမာကြံ့ခိုင်စေရန်၊ နိုင်ငံ့ဂုဏ်ဆောင်မည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း မြို့နယ်အားကစားမှူးထံမှ သိရသည်။

အဆိုပါ နွေရာသီကာလ အခြေခံမြန်မာ့ရိုးရာသိုင်းသင်တန်းကို သင်တန်းသား သင်တန်းသူ ၄၂ ဦးအား နည်းပြဆရာများဖြစ်သည့် ဦးဝင်းသက်ပိုင်နှင့် ဦးဖြိုးငွေစိုးတို့က ဧပြီ ၂၂ ရက်မှ မေ ၃ ရက်အထိ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**



# ရသေ့တောင်မြို့၌ နွေရာသီအခြေခံ ဟိုက်ကာရီကရာတေးဒို အားကစားသင်တန်း ဖွင့်လှစ်

**ရသေ့တောင် ဧပြီ ၂၄**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဟိုက်ကာရီကရာတေးအသင်းတို့ပူးပေါင်း၍ နွေရာသီအခြေခံ ဟိုက်ကာရီကရာတေးဒို သင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့တွင် ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် လူငယ်၊ လူရွယ်များနှင့် ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းအားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ အနာဂတ်လူငယ်များ ကျန်းမာကြံ့ခိုင်စွာဖြင့် ကောင်းမွန်သော အနာဂတ်တွင် တစ်ထောင့်တစ်နေရာက ပါဝင်ဆောင်ရွက်နိုင်စေရန်၊ အားကစားအပေါ် စိတ်ပါဝင်စားလာပြီး မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေခြင်း၊ ကရာတေးပညာ အခြေခံနည်းစနစ်များအား စနစ်တကျ တတ်မြောက်စေရန်၊ တစ်မျိုးသားလုံး ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း နည်းပြဆရာ ဦးထွန်းဝေက ပြောသည်။

သင်တန်းတွင် ဟိုက်ကာရီကရာတေးဒိုအသင်းနည်းပြ ဦးထွန်းဝေ၊ ဦးဇော်ဇော်ဦးနှင့် ဦးစိုးမင်းအောင်တို့က သင်တန်းသား သင်တန်းသူ ၁၅ ဦးတို့အား သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ ၂၆ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလင်းကျော်(ပြန်/ဆက်)**

# မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကျေးလက်ဒေသရိုးရာဓလေ့များကို ဖော်ဆောင်ပေးနေသော နွားလှည်းယဉ်

**မြန်မာတို့၏ရိုးရာယဉ်ကျေးမှုနှင့် ကျေးလက်ဒေသ တောရွာများတွင် အသုံးပြုသော နွားလှည်းများမှာ လှည်းယဉ်၊ ခြံအိမ်လှည်း၊ ပေါင်းမိုးလှည်း၊ လှည်းမြီးတို၊ ရေစည်လှည်း၊ ဘုံလျှိုလှည်း၊ မယားကန်လှည်းဟူ၍ နွားလှည်းခုနစ်မျိုးရှိသည့်အနက် လှည်းယဉ် (ခေါ်) နွားလှည်းယဉ်လည်း တစ်မျိုးအပါအဝင်ဖြစ်သည်။ နွားလှည်းယဉ်ဆိုသည်မှာ ခြောက်စထောင်ပွတ်လုံးနတိုင်ကဲ့သို့ လှည်းအိမ်ကို အလှအပများဖြင့် ပြင်ဆင်မွမ်းမံထားသော အလှစီး လှည်းတစ်မျိုးဖြစ်သည်။**

နွားလှည်းယဉ်တွင် ဆင်စွယ်ညွှတ်၊ ဇင်ယော်တောင်၊ မွန်းတည့်ကောက်ဟူ၍ သုံးမျိုးသုံးစားရှိသည်။ ထိုလှည်းယဉ်သည် အလှူမင်္ဂလာ ပွဲလမ်းသဘင်များတွင် နွားအလှယဉ် ပြိုင်ပွဲများအဖြစ်လည်းကောင်း၊ ဘုန်းတော်ကြီးများ ပင့်ဆောင်ရာတွင် လည်းကောင်း အသုံးပြုကြသည်။ နွားလှည်းယဉ်ကို ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်စသဖြင့် ခေတ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် အသုံးပြုကြသော်လည်း နှောင်းခေတ်ကာလတွင် တောဓလေ့သဘာဝနှင့် လိုက်ရောညီထွေမှုရှိစေရန် ပြုပြင်တည်ဆောက် အသုံးပြုလာကြသည်။

**လက်ဆင့်ကမ်း ထိန်းသိမ်း**

ယခုခေတ်တွင် ပြည်ပမှ နည်းပညာ အတတ်ပညာများဖြင့်၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ် အစရှိသည်တို့ ဝင်ရောက် ထိုးဖောက် နေရာယူကြသော်လည်း ကျေးလက်ဒေသရိုးရာသုံး နွားလှည်းယဉ်များကို ဆက်လက်တွင်ကျယ်စွာ လုပ်ကိုင်အသုံးပြုနေကြသည့်အတွက် အားရစရာတစ်ခုဖြစ်လာရသည်။ ရှေးယခင်ကတည်းက ခိုင်မာစွာတည်ရှိနေသော မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကျေးလက်ဒေသ ရိုးရာဓလေ့များကို ဖော်ဆောင်ပေးသော လှည်းယဉ်ကျေး



(ခေါ်) နွားလှည်းယဉ်များတိမ်ငုပ် ပျောက်ကွယ်မသွားစေရန် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်သည်။

**ဇေယျာထက်(မင်းဘူး)**

**○ ဘိုင်ယန်မြူးနစ်မှ**

ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဒေါ့မွန်အသင်းတို့ ဧပြီ ၂၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ်(၃၁)မှာ ဘိုင်ယန်မြူးနစ်အသင်းက ဒေါ့မွန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၅ မိနစ်မှာ ဂျီနာဘရီ၊ ၃၄ မိနစ်မှာ လီဝန်ဒိုစကီး၊ ၈၃ မိနစ်မှာ မူဆီယာလာတို့က သွင်းယူပေးခဲ့ကာ ဒေါ့မွန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၅၂ မိနစ်မှာ အမ်မရီကန်က ပင်နယ်တီကနေတစ်ဆင့်သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

နည်းပြနာဂျယ်စမန်းရဲ့ ဘိုင်ယန်မြူးနစ်အသင်းဟာ အခုဘောလုံးရာသီမှာ ပြည်တွင်းပြိုင်ဘက်အသင်းတွေကို အကောင်းဆုံးလွှမ်းမိုးနိုင်ခဲ့ပြီး လက်ရှိဘွန်ဒက်လီဂါပွဲစဉ်သုံးပွဲကစားဖို့ ကျန်ရှိနေချိန်မှာ အမှတ်ပေးဇယား ဒုတိယနေရာက ဒေါ့မွန်အသင်းကို ၁၂ မှတ်အထိ ဖြတ်ထားနိုင်ခဲ့တာကြောင့် ဘွန်ဒက်လီဂါဖလားကို ရာသီမသိမ်းမီ ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး သောမက်မူလာဟာ အခုတစ်ကြိမ်ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါဖလား ဆွတ်ခူးနိုင်ခဲ့တာကြောင့် ကစားသမားဘဝတစ်လျှောက် ဘွန်ဒက်လီဂါဖလားကို (၁၁)ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

အခုပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး လီဝန်ဒိုစကီးဟာလည်း အခုနှစ်ဘောလုံးရာသီ ဘွန်ဒက်လီဂါပွဲစဉ် ၄၁ ပွဲကစားပြီးချိန်မှာ ဘွန်ဒက်လီဂါသွင်းဂိုး ၃၃ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

**“ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ်-၁၁၆ ဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အဦများနှင့်စပ်လျဉ်း၍ အများသိစေရန် ကြေညာချက်”**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်-၉ ရပ်ကွက်၊ အင်းလျားလမ်း၊ အမှတ်-၁၁၆ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ကြည့်မြင်တိုင်အရှေ့ သရက်ကုန်းတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆(ဘီ)၊ မြေကွက်အမှတ်- ၆ အေ/က+၇/အေ-၃၊ ဒေါ်မမ အမည်ပေါက် မြေပိုင်မြေအမျိုးအစား၊ မခွဲစိတ်ရသေးသော ဧရိယာ ၁.၄၄၂ ဧကရှိ မြေကွက်အနက်မှ မြောက်ဘက်ရှိ မြေကွက်နှင့်ကပ်လျက်ရှိသော အင်းလျားကန်စောင်း အနိမ့်ဘက်ခြမ်းရှိ ဧရိယာ ဝ.၂၆ ဧကခန့်ရှိ မြေကွက်ကိုနုတ်ပယ်၍ ကျန်ရှိသော မြေဧရိယာ ၁.၁၈၂ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများကို အမည်ပေါက် ဒေါ်မမ၏ သား/သမီး၊ ချွေးမ/ မြေးများ ဖြစ်သူတို့ထံမှ ဦးမြင့်စိုး+ ၄ဦး မိသားစုက ၁၉၉၈ခုနှစ်ခန့်ကပင် အရပ်ကတိ စာချုပ်များဖြင့် လွှဲပြောင်းဝယ်ယူထားသည်ကို မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ဆိုပေးရန်နှင့် လက်ရောက်မရသော အဆောက်အအုံများနှင့် မြေတို့ကို လက်ရောက်ပေးအပ်စေရန် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး ၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၉၆ (ယခင်ရန်ကုန်တိုင်း တရားရုံး ၂၀၀၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၉၂)တွင် ရောင်းချသူများအပေါ် တရားစွဲဆိုခဲ့ရာ တရားရုံးက တရားလို ဦးမြင့်စိုး+ ၄ ဦးတို့ စွဲဆိုသည့်အတိုင်း ၂၅-၃- ၂၀၁၉ရက်နေ့တွင် ချမှတ်သည့်အနိုင်ဒီကရီနှင့် ယင်းဒီကရီကို ပြင်ဆင်သည့် ၁၉-၂-၂၀၂၂ ရက်စွဲပါ ဒီကရီတို့ကို ချမှတ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယင်း အနိုင်ဒီကရီကို အတည်ပြုလျက်ရှိသည့် တရားမဇာရီမှုအမှတ် ၆၀-၂၀၁၉ တွင် ဦးမြင့်စိုး+ ၄ဦးတို့ရရှိထားသော အနိုင်ဒီကရီအတိုင်း အရောင်းစာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးရန် တရားရုံးက အရောင်းစာချုပ်(မူကြမ်း) အတည်ပြုကြောင်း အမိန့်ချမှတ်ထားခဲ့သည်ကို တရားရုံး(ဘီလစ်)နှင့် ဆက်လက် ဆောင်ရွက်လျက်ရှိနေကြောင်း။ ထို့အပြင် တရားရုံး၏ အနိုင်ဒီကရီအရ ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံများသည် အမည်ပေါက်ပိုင်ရှင် ဒေါ်မမ(ကွယ်လွန်)၏ သား/သမီး၊ ချွေးမ/ မြေး/မြစ်တို့၏ အမွေဆိုင်ပစ္စည်း မဟုတ်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အနိုင်ဒီကရီရသူ - ဦးမြင့်စိုး+၄ဦးတို့၏ လွှဲအပ်ချက်အရ**

| | |
|---|---|
| **ရုံးအမှတ်- ၁၄၂/၁၄၄၊ ၃လွှာ(ယာ)** | **ဦးမောင်မောင် (စဉ်-၃၄၇၃)** |
| **လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊** | **တရားလွှတ်တော်ရှေ့နေ** |
| **ရန်ကုန်မြို့။** | **ဒေါ်တင်မာလင်း (စဉ်-၅၃၆၄၆)** |
| | **အထက်တန်းရှေ့နေ** |

**● ကျောဖုံးမှ**

မြန်မာအသင်းသည် ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အင်ဒိုနီးရှားကို အပြန်အလှန်သွင်းဂိုးများဖြင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးများကို ခင်ပြည့်လင်းနှင့် ဇင်မိုးပြည့်တို့က သွင်းယူခဲ့သည်။ အုပ်စုအခြားပွဲတွင် ထိုင်းလက်ရွေးစင်အသင်းက ထိုင်း All Stars အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲစဉ်များအပြီးတွင် ထိုင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့က သုံးပွဲကစား ကိုးမှတ်စီ၊ ထိုင်း All Stars အသင်းက လေးပွဲကစား ကိုးမှတ်၊ ဩစတြေးလျကလပ် South Perth အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့က သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

အုပ်စုနောက်ဆုံးနေ့ကို ဧပြီ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ဩစတြေးလျကလပ် South Perth အသင်း၊ ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

**❋ မြန်မာ့လက်ရွေးစင်မှ**

နန့်ဇူးဇူးထက်၊ **အလယ်တန်း** ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ ခင်မိုးဝေ၊ နော်ထက်ထက်ဝေ၊ ခိုင်သဇင်၊ လင်းမြင့်မိုရ်၊ ပုံ့ပုံ့ပြည့်မောင်၊ **ရှေ့တန်း** စန်းသော်သော်၊ မြတ်နိုးခင်၊ ဂျူလိုင်ကျော်၊ ဝင်းသိင်္ဂီထွန်းတို့ ပါဝင်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းခရီးစဉ်အတွက် ကစားသမား ၂၂ ဦး ရွေးချယ်ထားသော်လည်း အိန္ဒိယကလပ် ဂိုကူလမ်အသင်းတွင် ကစားနေသည့် ဝင်းသိင်္ဂီထွန်းမှာမူ ဆီးဂိမ်းပြိုင်ပွဲမှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မေလပထမပတ်အထိ တောင်ကိုရီးယားနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တောင်ကိုရီးယားလူငယ်လက်ရွေးစင်အသင်း၊ တောင်ကိုရီးယား အမျိုးသမီးကလပ်အသင်းများနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ တောင်ကိုရီးယားနိုင်ငံမှ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၈-၄-၂၀၂၂** ရက်နေ့မှ စတင်၍ **၁၉-၆-၂၀၂၂** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၈ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot No | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (၁) | Lot(1) | LCD Laser Projector | ၁လုံး |
| | | Hi Bright Portable Projector | ၄လုံး |
| (၂) | Lot(2) | Laptop Computer | ၅၀လုံး |
| | | Desktop Computer | ၅၀လုံး |

(က) တင်ဒါပုံစံရောင်းချမည့်ရက်/အချိန် - ၂၅-၄-၂၀၂၂ရက်နေ့မှ ၂-၅-၂၀၂၂ ရက်နေ့အထိ နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၃၀နာရီထိ

(ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် - ၂-၅-၂၀၂၂ ရက်နေ့ (တနင်္လာနေ့)၊ ၁၆:၃၀နာရီ

(ဂ) တင်ဒါဖွင့်လှစ်မည့်ရက် - ၉-၅-၂၀၂၂ ရက် (တနင်္လာနေ့)

(ဃ) တင်ဒါပုံစံဝယ်ယူ/တင်သွင်းရမည့်နေရာ - ရုံးအမှတ်(၁၂)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(င) တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ရုံးအမှတ်(၁၂)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၂။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်၊ ဖုန်း- ၀၆၇၃-၄၀၇၂၂၀၊ ၀၆၇၃-၄၀၇၅၉၃ နှင့် ၀၆၇၃-၄၀၇၃၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁/၂၀၂၂-၂၀၂၃)

လမ်းဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ လမ်းအထူးအဖွဲ့(၉)၊ မိတ္ထီလာမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း(မူလ)နှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေတို့ဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ၊ ကတ္တရာ၊ ကျောက်ရှယ်စုံ၊ သဲနှင့် ကျောက်ရောမြေတို့အား လုပ်ငန်းခွင်အရောက် လမ်းအလိုက်၊ Lot အလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန် - ၂၉-၄-၂၀၂၂ ရက်(သောကြာနေ့)၊ (ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန် - ၁၇-၅-၂၀၂၂ ရက်(အင်္ဂါနေ့) (၁၅:၀၀)နာရီ

တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၉-၅-၂၀၂၂ ရက်(ကြာသပတေးနေ့) (၉:၀၀)နာရီ

တင်ဒါလျှောက်လွှာပုံစံရောင်းချ တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၉)၊ မိတ္ထီလာမြို့

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၉)၊ မိတ္ထီလာမြို့တွင် (၂၉-၄-၂၀၂၂)ရက်မှစတင်၍ ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၆၄-၂၃၁၁၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## (777)အရှေ့ဒဂုံ အိမ်ခြံမြေရောင်းဝယ်ရေး

ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ (ဆိပ်ကမ်း)ရှိ မြေကွက်များကို ဈေးမှန်ဖြင့် အမြန်ဝယ်လိုပါသည်။ အိမ်တိုင်ရာရောက် ငွေပေးချေပါမည်။

**ဖုန်း-၀၉- ၉၇၄၈၅၄၀၀၃၊ ၀၉- ၂၅၃၆၀၉၅၂၇**

### “(၂၁-၄-၂၀၂၂)ရက်နေ့တွင် ကြေးမုံသတင်းစာ၌ ဦးကျော်စွာဝင်း (တရားလွှတ်တော်ရှေ့နေ)နှင့် ဒေါ်စန်းစန်းမြင့်[၁၂/ပဇတ(နိုင်)၀၀၃၂၉၄] တို့၏ (၁၅-၃-၂၀၂၂)ကြော်ငြာနှင့်ပတ်သက်၍ ကန့်ကွက်ကြော်ငြာကို ပြန်လည်ရုပ်သိမ်းခြင်း”

(၁၅-၃-၂၀၂၂)ရက်တွင် ကြေးမုံသတင်းစာ၌ ဦးကျော်စွာဝင်း(တရားလွှတ်တော်ရှေ့နေ)နှင့် ဒေါ်စန်းစန်းမြင့်တို့က ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ လမ်း(၅၀)၊ အခန်း(၁)၊ အမှတ်(၇၄)၊ မြေညီထပ်တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာထည့်သွင်းခဲ့ပါသည်။

ထိုကြော်ငြာကို မြေရှင်ဒေါ်ခင်ညို(၎င်း၏ကိုယ်စားလှယ်စာရသူ ဦးဘုန်းကျော်)က (၂၁-၄-၂၀၂၂)ရက်တွင် ကန့်ကွက်ကြော်ငြာထည့်သွင်းခဲ့ပါသည်။

ယခုအခါ မြေရှင်နှင့် ဒေါ်ကေသီအောင်၊ ဦးရဲထွန်းအောင်တို့အကြား ပြေလည်မှုရရှိပြီးဖြစ်၍ (၂၁-၄-၂၀၂၂)ရက်စွဲပါ ကန့်ကွက်ခြင်းကြော်ငြာကို ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဘုန်းကျော်** | **ဦးရွှေလှိုင်တင်** |
| **(ဒေါ်ခင်ညို၏** | **တရားလွှတ်တော်ရှေ့နေ** |
| **ကိုယ်စားလှယ်စာရသူ)** | **BA,HGP,PGDL,DBL** |
| | **Advocate Ship Part II (စဉ်-၁၀၆၈၃)** |
| | **အမှတ်(၃၁)၊ (ပ)ထပ်၊ ဘိုကလေးဈေးလမ်း၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉-၉၆၅၀၅၈၉၀၇** |

### ဦးစိန်ဝင်း(ကွယ်လွန်)၏ဇနီး ဒေါ်ခင်မြင့်သိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြစပါယ်လမ်း၊ မြေကွက်အမှတ်(၃၃)၊ ဦးစိန်ဝင်း အမည်ပေါက်သည့် မြေချပါမစ်မူရင်းပါ မြေအကျယ် ပေ(၄၀x၆၀)ရှိ မြေကွက်နှင့်စပ်လျဉ်း၍**

အထက်တွင်ဖော်ပြပါရှိသည့် မြေကွက်အား (၂၉-၃-၁၉၉၆)ရက်စွဲပါ (အိမ်/မြေအရောင်းအဝယ်သဘောတူစာချုပ်)ချုပ်ဆို၍ အရပ်ကတိစာချုပ်ဖြင့် ဒေါ်မေသက်နှင်းမှ ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ယနေ့တိုင် နေထိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်၏ ဦးစိန်ဝင်းအမည်ပေါက် ပါမစ်မူရင်းအား သက်ဆိုင်ရာဌာနမှ ထုတ်ယူနိုင်ရန်အတွက် ဒေါ်ခင်မြင့်နှင့်အတူ သား/သမီးများဖြစ်ကြသော (ဦးထွန်းထွန်းသန်း၊ ဒေါ်စုသွယ်ခင်မြင့်၊ ဦးထွန်းမင်းလတ်၊ ဒေါ်နွယ်နွယ်ဝင်း၊ ဦးအောင်သက်ပိုင်) စသည့်မိသားစုဝင်များဖြစ်ကြသည့် ပတ်သက်ဆက်နွယ်သူများသည် ဤကြေညာစာပါသည့်နေ့မှစ၍ (၁)လအတွင်း (သို့) ဖြစ်နိုင်ပါက ဆောလျင်စွာ ဒေါ်မေသက်နှင်းထံသို့ဖြစ်စေ (သို့မဟုတ်) ကျွန်ုပ်ထံသို့ဖြစ်စေ ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်နှင့် ထိုသို့ ဆက်သွယ်လာပါက အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ထိုက်တန်စွာ ကျေးဇူးပြုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ-** | **ညွှန်ကြားချက်အရ-** |
| **ဒေါ်မေသက်နှင်း** | **ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြရွှေး** |
| **(ဖုန်း-၀၉-၂၆၁၃၃၃၉၁၈၈)** | **(H.G.P,LL.B)** |
| **အမှတ်(၃၃)၊ မြစပါယ်လမ်း၊** | **တရားလွှတ်တော်ရှေ့နေ** |
| **(၂၄)ရပ်ကွက်၊** | **(စဉ်-၆၆၀၅) (၂၀-၇-၁၉၉၈)** |
| **ဒဂုံမြို့သစ်(တောင်ပိုင်း)** | **ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊** |
| **မြို့နယ်။** | **မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉** |

# သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကို စိုး

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း
## တင်ဒါအမှတ်- (၁/၂၀၂၂-၂၀၂၃)

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၂၁)၊ ညောင်တုန်းမြို့မှ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်၊ ရရှိလာသောရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများအား **(မြန်မာကျပ်ငွေ)**ဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂၁)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၂၉-၄-၂၀၂၂) ရက်နေ့မှစ၍ ဖော်ပြထားပါမည်။

၁။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် - (၂၉-၄-၂၀၂၂)(၁၀:၀၀)နာရီ

၂။ တင်ဒါပိတ်မည့် နေ့ရက်/အချိန် - (၉-၅-၂၀၂၂) (၁၅:၀၀)နာရီ

၃။ တင်ဒါဖွင့်မည့် နေ့ရက်/အချိန် - (၁၀-၅-၂၀၂၂) နံနက် (၁၀:၀၀)နာရီ

၄။ တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဆောက်လုပ်ရေးစီမံကိန်း၊ အထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့။

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၂၁)၊ ညောင်တုန်းမြို့၊ ဖုန်း-၀၄၆-၂၂၀၂၀၃ တွင် (၂၉-၄-၂၀၂၂) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၂၁)**
**လမ်းဦးစီးဌာန**
**(ဖုန်း-၀၉- ၄၂၄၇၈၅၁၁, ၀၉-၂၅၂၅၂၇၀၅၅, ၀၉- ၈၈၂၉၇၆၀၇၆)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ရတနာပုံရပ်ကွက်၊ ကွင်းအမည် ၁၅၃^က^ ကျောက်ဖူးမြောက်၊ ဦးပိုင်အမှတ်-၄၅^ခ^~၇~ မြေမျိုးနှင့် အတန်း(R)၊ (၀.၀၇)ကေ၊ ၄၅^ဃ^~၁~ မြေမျိုးနှင့် အတန်း(R)၊ (.၈၆)ကေ၊ ၄၅^က^~၄~ မြေမျိုးနှင့် အတန်း (R)၊ (၀.၀၂)ကေဟုခေါ်တွင်သော လယ်ယာမြေကွက်သည် ပန်းတောင်းမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်အေးအေးအောင် [၇/ပမန(နိုင်)၀၀၇၇၂၂] တစ်ဦးတည်းအမည်ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုချက်ရထားသော လယ်ယာမြေဖြစ်ပါသည်။ ယင်းမြေနှင့်တကွ မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့၏ ပိုင်ရေးပိုင်ခွင့်၊ စီမံပိုင်ခွင့်အားလုံးတို့ကို မိမိတစ်ဦးတည်းသာလျှင် အရှုပ်အထွေးကင်းရှင်းစွာဖြင့် ယနေ့တိုင် လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်း ဝန်ခံကတိပြုလျက် အဆိုပါမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို တန်ဖိုးတစ်ရပ်သတ်မှတ်ကာ ကျွန်ုပ်၏မိတ်ဆွေ ဦးကိုလေး [၇/ပတန(နိုင်)၀၉၄၈၀၂]ထံ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေကလည်း ရောင်းချရန် ကမ်းလှမ်းလာသူ ဒေါ်အေးအေးအောင်၏ ဝန်ခံကတိပြုချက်များကို စိတ်ချယုံကြည်စွာဖြင့် ယင်းမြေကွက်အား တန်ဖိုးငွေ ပေးချေရန် အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်တည်နေရာ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့် အကျိုးသက်ဆိုင်ခွင့် စသည့်အခွင့်အရေး တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်း၊ စာချုပ်စာတမ်းများနှင့်တကွ လူကိုယ်တိုင်ဖြစ်စေ၊ အခြားထိရောက်သည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း တိုက်ရိုက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ တရားဝင် ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းရီဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်- ၅၀၄၃၂)**
**အမှတ်(၆)၊ ပြည်ထောင်စုလမ်း၊ ရွှေပင်ရပ်ကွက်၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၄၂၃၅၉၁၁**

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇၁)ဗညားဒလလမ်း၊မြေကွက်အမှတ်(၂၅၀၁/ခ)ဧရိယာ(၂၀'×၆၀')ရှိသည့်ဒေါ်စောထွေး(ခ)နီနီ(၈/ခမန(နိုင်)၀၄၈၈၂၈)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ပါအိမ်ခြံမြေကို နှစ်(၆၀)ဂရန်တွင် တရားဝင်အမည်ပေါက်နေသူ ဒေါ်စောထွေး(ခ)နီနီ(၈/ခမန(နိုင်)၀၄၈၈၂၈)ကတရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်ဇော်အောင်(၁၂/တတန(နိုင်)၁၇၁၃၁၇)က အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန်ကြေညာပါသည်။

(လွှဲအပ်ညွှန်ကြားချက်များအရ)

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄)** |
| **Ph-09 253995848 , 09-798420119** | **Ph-09-4200 73685** |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/ရွှေပေါက်ကံ)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၄၅)ဟုခေါ်တွင်သည့် အကျယ်ပေ(၄၀x၆၀)ရှိ ဒေါ်သဇင်ထွန်း [၁၂/ဗဟန(နိုင်)၀၉၃၃၅၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ လွှဲအပ်သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၆၁၆/၂၀၂၁ အရ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မျိုးဦး[၅/အတန(နိုင်)၀၆၄၂၇၆]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းအောင် (LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၅၆)**
**ဖုန်း-၀၉-၄၂၁၁၂၃၃၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/ရွှေပေါက်ကံ)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၉၆)ဟုခေါ်တွင်သည့် အကျယ် ပေ(၄၀x၆၀)ရှိ ဒေါ်ခင်မူ[၁၂/ကမရ(နိုင်)၀၃၇၇၅၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်ထွန်းနိုင်[၁၂/ဗဟန(နိုင်)၀၉၂၉၆၁]ထံမှ လွှဲအပ်သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၆၁၅/၂၀၂၁အရ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မျိုးဦး[၅/အတန(နိုင်)၀၆၄၂၇၆]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည် ကန့်ကွက်လိုပါက ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းအောင်(LL.B,D.M.L,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၅၆)**
**ဖုန်း-၀၉-၄၂၁၁၂၃၃၇၁**

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း

မင်္ဂလာဒုံမြို့နယ်နေ ခင်ပွန်းဖြစ်သူ ဦးစိုးသောင်း[၁၂/မဂဒ(နိုင်)၀၀၇၇၇၄]ကိုင်ဆောင်သူသည် (ဘ)(ဦးထွန်းကျင်)၏သမီးဖြစ်သူ ဒေါ်ဝင်းဆွေ[၁၂/မဂဒ(နိုင်)၀၀၇၆၆၀] ကိုင်ဆောင်သူအား ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ဒေါ်ဝင်းဆွေနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးသောင်း [၁၂/မဂဒ(နိုင်)၀၀၇၇၇၄]**
**မင်္ဂလာဒုံမြို့နယ်။**

# KU Shi FB Account ပိုင်ရှင်နှင့် အများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူဆွေ[၁၂/မဂတ(နိုင်)၁၀၄၁၅၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူဆွေသည် **DREAM LIFE INDIAN Designer Clothing** အမည်ဖြင့် **Online Shopping** လုပ်ငန်းကို လွန်ခဲ့သော ၂၀၁၇ ခုနှစ်ကတည်းက ကောင်းမွန်သော ဂုဏ်သတင်းကျော်ကြားမှုဖြင့် လုပ်ကိုင်ခဲ့သောလုပ်ငန်းဖြစ်ပါသည်။ ယခုအခါတွင် အမှတ်(၄၅၀)၊ တစ်ကောင်း(၉)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ **KU Shi FB Account** ပိုင်ရှင်က (၁၈-၄- ၂၀၂၂) ရက်တွင် ကျွန်ုပ်မိတ်ဆွေထံမှ **INDIAN** ဝတ်စုံ(၂)စုံကို **DREAM LIFE Page** မှ လူကြီးမင်းစိတ်ကြိုက်ကြည့်ရှုပြီး ပစ္စည်းမှာယူခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေမှ (၁၉-၄-၂၀၂၂)ရက်တွင် မှာယူသည့်အတိုင်း **Delivery** ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း ကျွန်ုပ်မိတ်ဆွေ ပြောပြချက်အရ သိရှိရပါသည်။ ယင်းနောက်ပိုင်း **KU Shi Account** ပိုင်ရှင်က လူမှုကွန်ရက်စာမျက်နှာတွင် ရည်ရွယ်ချက်ရှိရှိဖြင့် **DREAM LIFE Page** ကို မဟုတ်မမှန် စွပ်စွဲရေးသားခြင်းများ ပြုလုပ်ခဲ့ပါသည်။

**Online Shopping Group** များနှင့် **Page** များတွင် (၁)နာရီခြားတစ်ခါ **Post** တင်၍ ကျွန်ုပ်မိတ်ဆွေလုပ်ငန်းကို အမျိုးမျိုးအနှောင့်အယှက်ပေးခဲ့ပါသည်။ စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုမူဆောင်ရွက်နေသည်ကို **FB Group** များ၊ **Messenger Page** များတွင် **KU Shi Account** ပိုင်ရှင်နှင့် အပေါင်းအပါများက မမှန်မကန်ရေးသားပြောဆိုနေမှုများကို ကျွန်ုပ်မိတ်ဆွေမှ အလုံးစုံသက်သေအထောက်အထားများ ရယူထားပြီးဖြစ်ကြောင်း ပြောဆိုညွှန်ကြားချက်အရ သိရှိရပါသည်။ **KU Shi Account** ပိုင်ရှင်အနေဖြင့် ကျွန်ုပ်မိတ်ဆွေ၏ စီးပွားရေးလုပ်ငန်းအပေါ် အထက်ပါ မမှန်မကန်ရေးသားမှုများကို မပြုလုပ်ရန်နှင့်လူကြီးမင်းတို့၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် (၇)ရက်အတွင်း ပြန်လည်တောင်းပန်ရန်နှင့် လူကြီးမင်း၏ **Comment** နှင့် **Post** များအား ဖျက်ပေးပါရန် အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအတိုင်း ကျွန်ုပ်မိတ်ဆွေ၏ **DREAM LIFE** "ဘဝအိမ်မက်" **Online Shopping** လုပ်ငန်းကို မဟုတ်မမှန်လုပ်ကြံ၍ လူမှုကွန်ရက်စာမျက်နှာ၌ အမျိုးမျိုးအဖုံဖုံ၊ **"မဝယ်နဲ့-ဂျင်းထည့်ခံရမယ်"**စသည်ဖြင့် လူမှုရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဟန့်တားနှောင့်ယှက် ထိပါးစော်ကားမှုများကို ဆက်လက်လုပ်ဆောင်နေပါက ဆက်သွယ်ရေးဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း အရေးယူသွားမည်ဖြစ်ကြောင်း **KU Shi Account** ပိုင်ရှင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူဆွေ DREAM LIFE (ဘဝအိမ်မက်)၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ဖြူ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၈၂)**
**အမှတ်(၂၉၂)၊ ဗညားဒလလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း-၀၉-၅၁၂၆၇၂၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒို့နိုင်ငံဟာ နေရာဒေသအလိုက် ပထဝီအနေအထား၊ တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုစတဲ့ မတူကွဲပြားမှုများစွာနဲ့ သမိုင်းအစဉ်အဆက်မှာ အတူတကွ ပေါင်းစည်းနေထိုင်ခဲ့ကြတာဖြစ်ပြီး ရေမြေပိုင်နက် နယ်နိမိတ်နဲ့ အချုပ်အခြာအာဏာပိုင် တည်တံ့ခိုင်မြဲပြီး ခိုင်မာတဲ့သမိုင်းကြောင်းရှိတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်တယ်။**

**ဒီလိုသမိုင်းကြောင်းအစဉ်အဆက်မှာ တိုင်းရင်းသားများနဲ့ ပေါင်းစည်းနေထိုင်လာခဲ့တဲ့ ပြည်ထောင်စုဖြစ်တဲ့အပြင် ဒို့ရဲ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် "ပြည်ထောင်စု (Union)" ဆိုတဲ့စကားကို ရွေးချယ်ပေးခဲ့တာဖြစ်တဲ့အတွက် မိမိတို့အနေနဲ့ အလေးထားအကောင်အထည်ဖော်နေတာဖြစ်တယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

**ယနေ့** ဖတ်စရာ

### (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ



စာမျက်နှာ » ၄

### အောင်မြင်လိုသူတိုင်းအတွက် စိတ်ခွန်အားမြှင့်တင်ခြင်း

စာမျက်နှာ » ၆

### ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၂၂



## ဘိုင်ယန်မြူးနစ်အသင်း ဘွန်ဒက်လီဂါဖလား (၁၀)ကြိမ်ဆက်တိုက် ဆွတ်ခူး

ဘိုင်ယန်မြူးနစ်အသင်းဟာ အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်နေတဲ့ ဒေါ့မွန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ဂျာမန်ဘွန်ဒက်လီဂါချန်ပီယံဆုဖလားကို (၁၀)ကြိမ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❍

## NSDF ထိုင်းဖိတ်ခေါ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးပွဲဆက်

ရန်ကုန် မေ ၂၄

NSDF ထိုင်းဖိတ်ခေါ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို ယနေ့တွင် ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ရှုံးပွဲဆက်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ●

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း တောင်ကိုရီးယားနိုင်ငံ၌ ခြေစမ်းပွဲများကစားရန် ထွက်ခွာ



ရန်ကုန် မေ ၂၄

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြို တောင်ကိုရီးယားနိုင်ငံ၌ ခြေစမ်းပွဲများကစားရန် ယနေ့နံနက်ပိုင်းက ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ** ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်** ဦးတင်မြင့်အောင်၊ **လက်ထောက်နည်းပြ** ဦးခင်မောင်ထွေး၊ ဦးဘိုဘိုအောင်၊ ဒေါ်သူဇာထွေး၊ **ဂိုးနည်းပြ** ဦးယဉ်မင်းအောင်၊ **ဂိုးသမား** မေဇင်နွယ်၊ ဖူးလတ်နဒီ၊ မျိုးမြမြငြိမ်း၊ **နောက်တန်း** ခင်သန်းဝေ၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ အေးအေးမိုး၊ ဖြူဖြူဝင်း၊ ဖွန်ယုယဦး၊ စာမျက်နှာ ၂၆ ကော်လံ ၃ သို့ ✻